# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဂုဏ်သတင်း ပျံ့နှံ့လိုင်ကြ၏**

ပန်းရနံ့သည် လေညာကို မသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်း၊ ပန်းအနံ့သည်လည်း လေညာသို့ မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့ သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက် | ၂၀၁၈ ခုနှစ်၊ မတ် ၁၉ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၁၇၀)


## အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းပါဝင်ဆောင်ရွက် မွန်ပြည်နယ်ကြီး ယခုထက်ပိုမို ခေတ်မီဖွံ့ဖြိုးတိုးတက်စေဖို့ စုစည်းညီညွတ်စွာနဲ့ တွဲလက်မဖြုတ်စတမ်း ကြိုးပမ်းတည်ဆောက်

### နိုင်ငံတော်သမ္မတဦးထင်ကျော် က (၄၄)နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

၂၀၁၈ ခုနှစ်၊ မတ်လ ၁၉ ရက်

**ချစ်ကြည်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား -**

၂၀၁၈ ခုနှစ်၊ မတ်လ ၁၉ ရက်မှာ ကျရောက်တဲ့ (၄၄)နှစ်မြောက် မွန်ပြည်နယ်နေ့ အခါသမယမှာ မွန်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားများနဲ့တကွ ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး ကာယ၊ စိတ္တသုခနှစ်ဖြာ ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။ မွန်တိုင်းရင်းသား ညီအစ်ကို မောင်နှမများရဲ့ နေ့ထူးနေ့မြတ်တစ်ခုဖြစ်တဲ့ မွန်ပြည်နယ်နေ့အခမ်းအနားကို ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခွင့်ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။

လွတ်လပ်ရေးရပြီးနောက် မွန်တိုင်းရင်းသားမျိုးနွယ်စု ၊ မွန်စာပေနဲ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ဖို့နဲ့ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့မှာ ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် စုံစမ်းရေးကော်မရှင်အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး တစ်ဖန် ၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့မှာ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့ကို ဖွဲ့စည်းကာ မွန်ပြည်နယ်ဖွဲ့စည်းနိုင်ရေး စတင်ဆောင်ရွက်ခဲ့ကြပါတယ်။ ၁၉၇၂ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှာ ယခင်တနင်္သာရီတိုင်းကို တနင်္သာရီတိုင်း အမှတ်(၁)နဲ့ တနင်္သာရီတိုင်း အမှတ်(၂)အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၃၀)၊ ပုဒ်မခွဲ(ဂ)ဖြင့် တနင်္သာရီတိုင်းအမှတ်(၁)ကို မွန်ပြည်နယ်လို့ သတ်မှတ်ခဲ့ပါတယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ❁

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံ - ဩစတြေးလျ မျက်နှာစုံညီအစည်းအဝေးနှင့် သီးသန့်အစည်းအဝေးသို့ တက်ရောက်



**ကင်ဘာရာ မတ် ၁၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းတွင် အာဆီယံ - ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေး(မျက်နှာစုံညီအစည်းအဝေးနှင့် သီးသန့်အစည်းအဝေး)သို့ တက်ရောက်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၄၀ တွင် ဆစ်ဒနီမြို့ရှိ International Convention Centre ၌ ကျင်းပသည့် အာဆီယံ-ဩစတြေးလျ မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်သည်။

**အာဆီယံ - ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေး ကျင်းပစဉ်။** သတင်းစဉ်

အဆိုပါအစည်းအဝေးသို့ အာဆီယံနိုင်ငံများနှင့် ဩစတြေးလျနိုင်ငံတို့မှ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❁




မြန်မာ့အလင်း

# ဘေးဘယာတို့ ဝေးကွာစေဖို့

“နှစ်သကြ်န်
ကူးခေတ်ဆော်စီမံ၍
လှူဒါန်ဖြောင်ရေပန်းတွေနှင့်
ရေဖျန်းကိုယ်စီခံကြ
စဲမည် ပွဲတော်တွင်းမှာလ
လဲ့လဲ့ဝင်း မေကညာဖြူတို့နှင့်

ပဏ္ဏာတူ အချစ်စမ်းချိန်မို့” … ဟူ၍ ရှေးခေတ် မြန်မာစာဆိုကြီး ဦးကြော့က တန်ခူးလကို ဖွဲ့ဆိုရာတွင် ထည့်သွင်းဖွဲ့ဆိုခဲ့သည်။ နှစ်သစ်ကူးသည့် အထိမ်းအမှတ်ပွဲတော် သကြ်န်သည် နှစ်သက်မြတ်နိုးဖွယ်၊ လေးစားဖွယ် အစဉ်အလာ ထုံးဓလေ့များရှိသကဲ့သို့ တစ်ဖက်တွင် အပျော်အပါးသဘောလည်း ပိုကဲခဲ့သည်ကို ထိုခေတ်ကာလများကတည်းက တွေ့ရှိခဲ့ရသည်။

ဆောင်းအကုန် အချမ်းဓာတ်တို့ တစ်စတစ်စယုတ်လျော့သွားပြီးနောက် နေအပူရှိန်တို့ တဖြည်းဖြည်း မြင့်သထက်မြင့်လာကာ နွေရာသီ၏ သရုပ်သကန်တို့က ပို၍ပို၍ ပီပြင်ထင်ရှားလာခဲ့သည်။ ရှက်ဝါခြွေသည့် နွေလေရူးနှင့်အတူ သကြ်န်တေးသံတို့ကလည်း ဟိုမှသည်မှ လွင့်ပျံ့လာခဲ့သည်။ နွေကျောင်းပိတ်ရက်များကို ဖြတ်သန်းကြရတော့မည့် တက္ကသိုလ်ကျောင်းသူ ကျောင်းသားတို့က သကြ်န်အကြိုရေသဘင်ပွဲများကို နိုင်ငံတစ်နံတစ်လျားမှာ တပျော်တပါး ဆင်နွှဲကြ ကုန်သည်။ ကိုယ့်တိုင်း ကိုယ့်ဌာနီ ကိုယ့်ဒေသအလိုက် သကြ်န်ပွဲတော်များ ဆင်နွှဲကြရန် ကြိုတင်ပြင်ဆင်ကြသည့် သတင်းများနှင့်အတူ လမ်းလျှောက်သကြ်န်၊ တောသကြ်န်၊ သဲသောင်ပြင်သကြ်န် စသည်တို့ကိုလည်း ထူးထူးခြားခြားကြားသိလာရသည်။ သကြ်န်ကို ငွေကုန်ကြေးကျခံကာ ပျော်လိုသူများအတွက် ဝန်ဆောင်မှုများပေးကာ ရေကစားပျော်ရွှင်နိုင်ကြမည့် မဏ္ဍပ်ကြီးများကို ကျပ်သိန်းရာထောင်ချီ၍ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် ပြင်ဆင်သူတို့လည်း ပြင်ဆင်ကုန်ကြပြီဖြစ်သည်။

မန္တလေး၏သကြ်န်ပွဲတော်ကို ဖျော်ဖြေရေးများ ပါဝင်သော ရေကစားမဏ္ဍပ်ကြီးများ၊ လမ်းလျှောက်သကြ်န်မဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များ၊ မြန်မာ့ရိုးရာအစားအစာ၊ မြန်မာမှုအနုပညာပစ္စည်းများ ရောင်းချခြင်း၊ ရုပ်သေးပွဲ၊ ပိတ်ကားထောင်ရုပ်ရှင်ပွဲ၊ ခြင်းလုံးပွဲများ စသည်ဖြင့် နေ့ပွဲ ညပွဲများ ကျင်းပဆင်နွှဲကြမည်ဟု သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချင်းတွင်းမြစ်သဲသောင်တွင် ကျင်းပမည့် သဲသောင်ပြင်သကြ်န်တွင်မူ အရိပ်ရတဲများ၊ သဲပန်းပုရုပ်ကြီးများ၊ လှည်းပွဲ မြင်းပွဲ၊ ဆိုင်ကယ် စတန့်ပွဲများ၊ စက်တပ်လေထီးပျံသန်းမှုများ၊ တိုင်းရင်းသားရိုးရာအက ဖျော်ဖြေမှုများ စသည်ဖြင့် ခမ်းခမ်းနားနား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဟု သိရသည်။ သကြ်န်ပွဲတော်သည် တစ်နှစ်တစ်ခါ ကျင်းပသည့် နှစ်ကူးပွဲတော်ဖြစ်သည့်အလျောက် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ကိုယ့်နည်းကိုယ့်ဟန်အသီးသီးဖြင့် စည်ကားသိုက်မြိုက်စွာ ဆင်နွှဲသွားကြမည်ဟု ယုံကြည်မိသည်။

သတိပြုရမည့်အချက်မှာမူ အပျော်လွန်ကျူးသည့်ပွဲဖြစ်သည့်အလျောက် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များကို ကြိုတင်မျှော်တွေးတွက်ဆထားကာ ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဖြစ်ပေါ်လာပါကလည်း အစီအမံရှိရှိ စနစ်တကျ ကိုင်တွယ်ဖြေရှင်းသွားနိုင်ရေးပင်ဖြစ်သည်။ နှစ်စဉ် ကြုံတွေ့ခဲ့ရဖူးပြီးဖြစ်သော သကြ်န်ကာလ အမှုအခင်းတော်တော်များများတို့မှာ အရက်နှင့် မူးယစ်ဆေးဝါးတို့တွင် မြစ်ဖျားခံခြင်းဖြစ်သည့်အလျောက် တရားမဝင်ဆေးဝါးများအပါအဝင် အရက်သေစာနှင့် မူးယစ်ဆေးဝါးတို့ကို ထိထိရောက်ရောက် ကြိုတင်ထိန်းချုပ်ထားနိုင်ခြင်းဖြင့် ပြဿနာများစွာတို့ ပေါ်ပေါက်မလာအောင် တားဆီးထားနိုင်မည်ဖြစ်သည်။ တစ်ဖက်တွင်လည်း ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ ထိန်းသိမ်းမြှင့်တင်ရန် အသိပညာပေးခြင်း၊ သတိပေးလှုံ့ဆော်ခြင်းတို့ဖြင့် ရိုးရာသကြ်န်၏ပုံရိပ်တို့ မြင့်မားလာစေရေး ဆောင်ရွက်ပေးကာ မြန်မာ့ရိုးရာအတာသကြ်န်ကာလ ဘေးအန္တရာယ်ကင်းဝေးလုံခြုံရေးနှင့် ပျော်ရွှင်အေးချမ်းစွာ ရေကစားနိုင်ရေးတို့အတွက် စီမံဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးမှ တရားရေးဆိုင်ရာ လစ်လပ်ရာထူး ငါးနေရာအတွက် စိတ်ဝင်စားသူများ လျှောက်ထားနိုင်

**နေပြည်တော် မတ် ၁၈**

United Nations Dispute Tribunal (UNDT) နှင့် United Nations Appeals Tribunal (UNAL) တို့တွင် တရားရေးဆိုင်ရာ လစ်လပ်ရာထူး ငါးနေရာအတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ အရည်အချင်းပြည့်မီသော နိုင်ငံသားများ လျှောက်ထားနိုင်ကြောင်း သိရှိရသည်။

လိုအပ်သည့် တရားရေးဆိုင်ရာ အတွေ့အကြုံများနှင့် နယ်ပယ်များအပြင် ဘာသာစကားတတ်ကျွမ်းမှု လိုအပ်ချက်တို့ကို တင်ပြလျက် ယှဉ်ပြိုင်လျှောက်ထားလာသော တရားသူကြီးများအား Internal Justice Council ၏ ထောက်ခံချက်ဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံက ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုတရားရေးဆိုင်ရာ လစ်လပ်ရာထူးနေရာများတွင် အငြိမ်းစားတရားသူကြီးများလည်း လျှောက်ထားနိုင်ကြောင်း သိရပြီး http://www.un.org/en/oaj/unjs/docs/judical Vacancy EN.pdf တွင် လိုအပ်သည့် အချက်အလက်များကို ဝင်ရောက်ကြည့်ရှုနိုင်ပြီး စိတ်ဝင်စားသူများသည် internal justice council applicaion@un.org သို့ မတ် ၃၁ ရက် နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးရေး ကြိုတင်ပြင်ဆင်နေ

**တောင်ကြီး မတ် ၁၈**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ကြီးမှူးကျင်းပသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်အား တောင်ကြီးမြို့၌ ကျင်းပမည်ဖြစ်ရာ ပွဲတော် စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပပြီးစီးရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်နေမှုများကို ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က မတ် ၁၈ ရက် ညနေပိုင်းတွင် ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းဆိုင်ရာ စာတမ်းဖတ်ကြားမှုများနှင့် ပြခန်းများ၊ ရိုးရာ အစားအသောက်ပြပွဲ၊ ဈေးရောင်းပွဲများ၊ ဖျော်ဖြေရေးများ၊ ကြိုတင်ပြင်ဆင်မှုများ၊ ပြခန်းနေရာများ စီစဉ်ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုတို့ကို ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးညွန့်ရွှေနှင့် တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ် ဝန်ကြီးက လုပ်ငန်းများ အဆင်ပြေစေရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



အဆိုပါ ပွဲတော်အား တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အဓွန့်ရှည် တည်တံ့စေရန်၊ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာအစားအသောက်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို အားပေးမြှင့်တင်ရန်၊ တိုင်းရင်းသားလူမျိုးစုများ အချင်းချင်း ရင်းနှီးချစ်ခင်မှု မှတစ်ဆင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာအားကောင်းလာစေရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာစေရေး အတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်ရာ တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းဆိုင်ရာ စာတမ်းဖတ်ကြားမှုများနှင့် ပြခန်းများ၊ ရိုးရာအစားအသောက်ပြပွဲ၊ ဈေးရောင်းပွဲများနှင့် ဖျော်ဖြေရေးအစီအစဉ်များကို မတ် ၂၁ ရက်မှ ၂၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁၈-၃-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၂၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၉၅/၈၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၆၅/၇၇၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၁၅/၈၂၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၀/၈၃၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၇ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၄ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၆ . ၁ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၆၁ . ၅ |
| ထိုင်း | တစ်ဘတ် | ၄၂ . ၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၅ |
| တရုတ် | တစ်ယွမ် | ၂၁၁ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၀ . ၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီဌေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

- ငြိမ်းချမ်းလာတာနဲ့အမျှ မွန်ပြည်နယ်မှာ အခြေခံကောင်းတွေရှိပြီးဖြစ်တဲ့ ခရီးသွားလုပ်ငန်း၊ ရေလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ စိုက်ပျိုးရေးကိုအခြေခံတဲ့ စက်မှုလုပ်ငန်းတွေနဲ့ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဟာ မွန်ပြည်နယ်အစိုးရအဖွဲ့နဲ့လက်တွဲပြီးတော့ ဒေသအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရှိရတဲ့အတွက် များစွာဝမ်းမြောက်
- မွန်ပြည်နယ်သူ၊ ပြည်နယ်သားများဟာလည်း ငြိမ်းချမ်းရေးမှသည် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ မျှော်လင့်ချက်ကြီးကြီးနဲ့ စောင့်မျှော်နေကြပြီဖြစ်

❁ *ရှေ့ဖုံးမှ*

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)မှာ မွန်ပြည်နယ်လို့ စတင်အသိအမှတ်ပြုရေးဆွဲခဲ့တဲ့ မတ်လ ၁၉ ရက်နေ့ကို မွန်ပြည်နယ်နေ့အဖြစ် သတ်မှတ်ပြီး နှစ်စဉ်ကျင်းပလာခဲ့တာ ယခုနှစ်ဆိုရင် (၄၄)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။

**သက်ဝင်ယုံကြည်**

မွန်ပြည်နယ်မှာ မွန်နဲ့ဗမာလူမျိုးများ အများဆုံးနေထိုင်ပြီး ကရင်၊ ရခိုင်၊ ချင်း၊ ကချင်၊ ရှမ်း၊ ပအိုဝ်းစတဲ့ တိုင်းရင်းသားများလည်း အတူတကွ ချစ်ကြည်အေးချမ်းစွာနေထိုင်လျက်ရှိပါတယ်။ ရာသီဥတုကောင်းမွန်မျှတပြီး စိမ်းလန်းစိုပြည်တဲ့ သစ်တောတွေ၊ မြစ်ချောင်းတွေ၊ ပြန့်ပြူးသာယာတဲ့ ပင်လယ်ကမ်းခြေအလှတွေနဲ့ ပြည့်စုံတဲ့ ပြည်နယ်တစ်ခုလည်းဖြစ်ပါတယ်။ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်ကြသူတိုင်း အထွတ်အမြတ်ထားပူဇော်ရာ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီးတည်ရှိရာ ဒေသလည်းဖြစ်ပါတယ်။

**မျှော်လင့်ချက်ကြီးကြီးနဲ့ စောင့်မျှော်**

ယခင်က တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အကြောင်းအမျိုးမျိုးကြောင့် စိတ်သဘောထားကွဲလွဲခဲ့ကြသော်လည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ မွန်ပြည်သစ်ပါတီက ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးတော့ မွန်ပြည်နယ်ရဲ့ငြိမ်းချမ်းရေး သမိုင်းမှတ်တိုင်သစ်ကို စိုက်ထူနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်မှာ ပါဝင်နိုင်ဖို့ ပြင်ဆင်နေကြပါပြီ။ ငြိမ်းချမ်းလာတာနဲ့အမျှ မွန်ပြည်နယ်မှာ အခြေခံကောင်းတွေရှိပြီးဖြစ်တဲ့ ခရီးသွားလုပ်ငန်း၊ ရေလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ စိုက်ပျိုးရေးကိုအခြေခံတဲ့ စက်မှုလုပ်ငန်းတွေနဲ့ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ လက်ရှိမှာလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဟာ မွန်ပြည်နယ်အစိုးရအဖွဲ့နဲ့လက်တွဲပြီးတော့ ဒေသအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရှိရတဲ့အတွက် များစွာဝမ်းမြောက်မိပါတယ်။ မွန်ပြည်နယ်သူ၊ ပြည်နယ်သားများဟာလည်း ငြိမ်းချမ်းရေးမှသည် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ မျှော်လင့်ချက်ကြီးကြီးနဲ့ စောင့်မျှော်နေကြပြီဖြစ်ပါတယ်။

**သဝဏ်လွှာပေးပို့**

မွန်တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးအနေနဲ့ ရှေ့ဆက်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့မှာ စုစည်းညီညွတ်တဲ့ စွမ်းပကားနဲ့ ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါ၊ မိမိတို့ခေတ်အတွက်သာမက သားစဉ်မြေးဆက်အတွက်ပါ မွန်ပြည်နယ်ကြီး ယခုထက် ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်စေဖို့ စုစည်းညီညွတ်စွာနဲ့ တွဲလက်မဖြုတ်စတမ်း ကြိုးပမ်းတည်ဆောက်သွားကြပါ၊ အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးမှာ ဆက်လက်ပြီး ညီညီညွတ်ညွတ်နဲ့ ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း သဝဏ်လွှာပေးပို့အပ်ပါတယ်။ ။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**

## နိုင်ငံတော်သြဝါဒါစရိယ ပန္နရသမ ရွှေကျင်နိကာယာဓိပတိဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ (ရွှေကျင်သာသနာပိုင်) ဝိဇ္ဇောတာရုံစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တဝိဇ္ဇောတမဟာထေရ်မြတ်အား ဂုဏ်ပူဇာမဟာ မင်္ဂလာအခမ်းအနားကျင်းပ



**ရန်ကုန် မတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် နိုင်ငံတော် သြဝါဒါစရိယ ပန္နရသမ ရွှေကျင်နိကာယာဓိပတိ ဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ (ရွှေကျင်သာသနာပိုင်) ဝိဇ္ဇောတာရုံ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တဝိဇ္ဇောတမဟာထေရ်မြတ်အား ပူဇော်ပွဲနှင့် နိုင်ငံတော်အစိုးရက ဆက်ကပ် လှူဒါန်းသည့် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ် ထပ်ဆင့်ဆက်ကပ် ပူဇော်သည့် ဂုဏ်ပူဇာမဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် မြစပါယ်လမ်းရှိ ဝိဇ္ဇောတာရုံ စာသင်တိုက်၌ ကျင်းပသည်။

**ငါးပါးသီလဆောက်တည်**

ရှေးဦးစွာ နိုင်ငံတော် သြဝါဒါစရိယ ပန္နရသမ ရွှေကျင်နိကာယာဓိပတိ ဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ (ရွှေကျင်သာသနာပိုင်) ဝိဇ္ဇောတာရုံ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိဇ္ဇောတမဟာထေရ်မြတ်ထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေကျင်သာသနာပိုင် ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တွဲဖက် အကျိုးတော်ဆောင် ဆရာတော် မင်္ဂလာဒုံမြို့နယ် ကံသုံးဆင့်ပရိယတ္တိ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကအဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ဂုဏာကာဘိဝံသက ဖတ်ကြားပူဇော်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ပဇ္ဇောတာရုံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဂုဏိသရ ရေးသားပူဇော်သည့် မဟာထေရဂုဏပူဇာဂါထာတော်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် ပဲခူးမြို့ဝင်းနိမ္မိတာရုံ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒာဘိဝံသက ဖတ်ကြားပူဇော်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ (ရွှေကျင်)ဥက္ကဋ္ဌ ပါဠိပါဠိကာရီဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တအင်္ဂီသက ရန်ကုန်တိုင်းဒေသကြီး ရွှေကျင်ဝိနည်းပြန်ဌာန၏ ဝမ်းမြောက်ကြောင်း လျှောက်ထားလွှာကို ဖတ်ကြားပူဇော်ပြီး သာသနပါလအသင်းဝင် ဦးသန့်ဇင်က သာသနပါလအသင်း၏ ကျေးဇူးတင်စကားကို လျှောက်ထားသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးအား အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်နှင့် နဝကမ္မဝတ္ထုငွေကျပ်သိန်း ၅၀၊ ကြွရောက်တော်မူလာကြသည့် ပင့်သံဃာတော် ၃၆ ပါးအတွက် တစ်ပါးလျှင် အလှူငွေကျပ် တစ်သိန်းစီကို ဆက်ကပ်လှူဒါန်းသည်။

**ရေစက်သွန်းချအမျှပေးဝေ**

ယင်းနောက် ဆရာတော်၊ သံဃာတော်များအား ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျင် သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တဉာဏိဿရထံမှ ပရိသတ်များက အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ည ၇ နာရီတွင် အဆိုပါကျောင်းတိုက်ကြီး၌ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက တရားရေအေး အမြိုက်ဆေးတိုက်ကျွေးသည်။

**စာပေများ သင်ကြားပို့ချ**

ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးကို မွန်ပြည်နယ် မုဒုံမြို့ စာစဉ်ရပ်၌ ခမည်းတော် ဦးနု-မယ်တော် ဒေါ်ထားတို့မှ ၁၂၉၁ ခုနှစ် တပေါင်းလဆန်း ၇ ရက် (၅-၃-၁၉၃၀)ခုနှစ် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူပြီး ငယ်အမည်မှာ မောင်သိန်းညွန့်ဖြစ်သည်။ ဆရာတော် အလောင်းအလျာသည် သက်တော် ၁၃ နှစ်အရွယ်တွင် မုဒုံမြို့စာစဉ်ရပ် ကျောက်ဝိုင်းကျောင်းတိုက်ဆရာတော် ဦးဇဝနကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ ဘဝရောက်ခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ဝိဇ္ဇောတဖြစ်သည်။ ၁၃၁၁ ခုနှစ် နယုန်လဆန်း ၈ ရက်တွင် ရဟန်းဘဝကိုရောက်ရှိကာ ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးခဲ့သည်။

**သယ်ပိုးဆောင်ရွက်**

၁၃၇၆ ခုနှစ်တွင် ရွှေကျင်ဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌမဟာနာယက (တွဲဖက်သာသနာပိုင်)အဖြစ် လည်းကောင်း၊ ၁၃၇၈ ခုနှစ်တွင် ရွှေကျင်ဂိုဏ်းကြီး၏ ဥက္ကဋ္ဌ မဟာနာယကဓမ္မသေနာပတိ (ရွှေကျင်သာသနာပိုင်) အဖြစ်လည်းကောင်း တင်မြှောက်ပူဇော်ခံရကာ ၁၃၇၉ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသည့် အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကိုခံယူတော်မူပြီး သာသနာတော်အကျိုး၊ သံဃာ့အကျိုး၊ ရွှေကျင်ဂိုဏ်းအကျိုးတို့ကို သယ်ပိုးဆောင်ရွက်တော်မူလျက်ရှိသည်။ **သတင်းစဉ်**

## ဦးကိုကိုရှိန်အား အဇာဘိုင်ဂျန်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် မတ် ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးဦးကိုကိုရှိန်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် အဇာဘိုင်ဂျန် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

## ဦးသာအောင်ညွန့်အား မာရှယ်ကျွန်းစုသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် မတ် ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ဩစတြေးလျနေသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးဦးသာအောင်ညွန့်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် မာရှယ်ကျွန်းစုသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး အဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

❄ *ရှေ့ဖုံးမှ*

အစည်းအဝေး ဖွင့်ပွဲတွင် ဩစတြေးလျ နေသဟာယနိုင်ငံ ဝန်ကြီးချုပ် မဲလ်ကွန်တန်ဘဲလ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ၂၀၁၈ ခုနှစ် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အာဆီယံ - ဩစတြေးလျ ဆွေးနွေးဖက်ညှိနှိုင်းရေးမှူးအနေဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အာဆီယံနိုင်ငံများနှင့် ဩစတြေးလျ နိုင်ငံ ခေါင်းဆောင်များအကြား ပူးပေါင်းဆောင်ရွက်မှု အခြေအနေနှင့် ပတ်သက်၍ သဘောထားအမြင်များ ကို ဆွေးနွေးပြောကြားသည်။

**သဘောထားအမြင်များဖလှယ်**

အဆိုပါ မျက်နှာစုံညီ အစည်းအဝေးတွင် အာဆီယံ-ဩစတြေးလျ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များ၊ အာဆီယံ- ဩစတြေးလျ စီးပွားရေး မိတ်ဖက်ဆက်ဆံရေးနှင့် အာဆီယံ - ဩစတြေးလျ အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ခြင်း ကိစ္စရပ်များနှင့် ပတ်သက်၍ အာဆီယံနိုင်ငံများနှင့် ဩစတြေးလျနိုင်ငံ ခေါင်းဆောင်များအကြား သဘောထားအမြင်များကို ဖလှယ်ခဲ့ကြောင်း သိရသည်။




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံ - ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။** သတင်းစဉ်

- ❒ **အာဆီယံ - ဩစတြေးလျ ညှိနှိုင်းရေးမှူး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက် မှုအခြေအနေများ၊ စိန်ခေါ်မှုများနှင့် နိုင်ငံတကာဆက်ဆံရေးအခြေအနေနှင့် ဒေသတွင်းကိစ္စရပ်များကို ပါဝင်ဆွေးနွေး**
- ❒ **အစည်းအဝေးတွင် နိုင်ငံတကာနှင့် ဒေသတွင်း ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးခဲ့ကြပြီး အာဆီယံ -ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေး၏ ပူးတွဲကြေညာချက်ဖြစ်သည့် Sydney Declaration ကို အတည်ပြုချမှတ်**

ဩစတြေးလျနိုင်ငံသည် အာဆီယံ၏ ပထမဦးဆုံး ဆွေးနွေးဖက်နိုင်ငံဖြစ်ပြီး အာဆီယံ -ဩစတြေးလျ ဆွေးနွေးဖက်ဆက်ဆံရေးကို ၁၉၇၄ ခုနှစ်တွင် စတင်ခဲ့သည်။ မြန်မာနိုင်ငံ နေပြည်တော်၌ ကျင်းပခဲ့သည့်အာဆီယံ - ဩစတြေးလျ နှစ် (၄၀)ပြည့် အထိမ်းအမှတ် အစည်းအဝေးတွင် မဟာဗျူဟာမြောက် ဆွေးနွေးဖက် ဆက်ဆံရေးထူထောင်နိုင်ခဲ့ပြီးနောက် အာဆီယံ - ဩစတြေးလျ ထိပ်သီးအစည်းအဝေးများကို (၂) နှစ်လျှင် တစ်ကြိမ် ကျင်းပရန် သဘောတူခဲ့ကြသည်။ ဩစတြေးလျနေသဟာယ နိုင်ငံ ဆစ်ဒနီမြို့၌ ၂၀၁၈ ခုနှစ် မတ် ၁၇ ရက်နှင့် ၁၈ ရက်တွင် ကျင်းပသည့် အာဆီယံ - ဩစတြေးလျ အထူးထိပ်သီး အစည်းအဝေးသည် ဩစတြေးလျနေသဟာယနိုင်ငံတွင် ပထမဆုံး လက်ခံကျင်းပသည့် အာဆီယံ -ဩစတြေးလျ ထိပ်သီးအစည်းအဝေးဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ - ဩစတြေးလျ ညှိနှိုင်းရေးမှူးတာဝန်ကို ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အဆိုပါ အာဆီယံ-ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေးကို မျက်နှာစုံညီ အစည်းအဝေးနှင့် သီးသန့်အစည်းအဝေးဟူ၍ အပိုင်း (၂)ပိုင်း သတ်မှတ်ကျင်းပကာ အထူးထိပ်သီးအစည်းအဝေး၏ ဆောင်ပုဒ်မှာ Enhancing Regional Security and Prosperity ဖြစ်ကြောင်း သိရသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဩစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ် H.E. Sir Peter Cosgrove AK MC နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့တက်ရောက်ပြီး အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်တို့နှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**သီးသန့်အစည်းအဝေး**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဩစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ် နေအိမ်ဧည့်ခန်းမ (Admiralty House, The Drawing Room ) ၌ ကျင်းပသည့် အာဆီယံနှင့် ဩစတြေးလျနိုင်ငံခေါင်းဆောင်များ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးသို့ အာဆီယံနိုင်ငံများနှင့် ဩစတြေးလျနေသဟာယနိုင်ငံတို့မှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဩစတြေးလျ နေသဟာယနိုင်ငံဝန်ကြီးချုပ် မစ္စတာ မဲလ်ကွန်တန်ဘဲလ်နှင့် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ကြပြီး နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

**ဒေသတွင်းကိစ္စရပ်များဆွေးနွေး**

ထို့နောက် အာဆီယံ - ဩစတြေးလျ ညှိနှိုင်းရေးမှူး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ စိန်ခေါ်မှုများနှင့် နိုင်ငံတကာဆက်ဆံရေးအခြေအနေနှင့် ဒေသတွင်းကိစ္စရပ်များကို ပါဝင်ဆွေးနွေးခဲ့သည်။

**အတည်ပြုချမှတ်**

အစည်းအဝေးတွင် နိုင်ငံတကာနှင့် ဒေသတွင်း ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးခဲ့ကြပြီး အာဆီယံ -ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေး၏ ပူးတွဲကြေညာချက်ဖြစ်သည့် Sydney Declaration ကို အတည်ပြုချမှတ်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဩစတြေးလျဝန်ကြီးချုပ်၏ ဖိတ်ကြားချက်အရ ဩစတြေးလျနိုင်ငံတွင် တရားဝင် ချစ်ကြည်ရေးခရီးစဉ်အဖြစ် ကင်ဘာရာမြို့သို့ ထွက်ခွာသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ တာဝန်ရှိသူများနှင့်အတူ ဩစတြေးလျ နေသဟာယနိုင်ငံ တပ်မတော် အထူးလေယာဥ်ဖြင့် ဆစ်ဒနီမြို့မှ ထွက်ခွာရာ ဒေသစံတော်ချိန် ညနေ ၆ နာရီ မိနစ် ၂၀ တွင် ကင်ဘာရာမြို့ Fairbairn တပ်မတော်လေဆိပ်သို့ ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ဩစတြေးလျနေသဟာယနိုင်ငံ သိပ္ပံ၊ အလုပ်အကိုင်နှင့် တီထွင်ဆန်းသစ်မှုရေးရာ ဝန်ကြီးဌာန လက်ထောက်ဝန်ကြီး Senator the Hon Zed Seselja၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနေသဟာယနိုင်ငံ သံအမတ်ကြီး Mr. Nicholas Coppel၊ ဩစတြေးလျနေသဟာယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသာအောင်ညွှန့်နှင့်ဇနီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် မော်တော်ယာဥ်များဖြင့် ခေတ္တတည်းခိုမည့် ကင်ဘာရာမြို့ Hyatt Hotel သို့ ရောက်ရှိကြသည်။

**သတင်းစဉ်**

# တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ) ၂၉ နှစ်မြောက် မွေးနေ့ အထိမ်းအမှတ် ကျင်းပမည်

နေပြည်တော် မတ် ၁၈

**မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ) ၏ ၂၉ နှစ်မြောက် မွေးနေ့နှစ်ပတ်လည်ပွဲတော်ကို ဧပြီ ၇ ရက် နှင့် ၈ ရက် (စနေ၊ တနင်္ဂနွေ)ဌာနဆိုင်ရာရုံးပိတ်ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။**

**အစီအစဉ်များစွာဖြင့် ကျင်းပမည်**

ပွဲတော်ကို အများပြည်သူများ၊ ကလေးသူငယ်များ နွေရာသီ အပန်းဖြေနိုင်ရန်အတွက် မန္တလေးမြို့ နာမည်ကြီး အဆိုတော်များပါဝင်သည့် Unplugged Show နှင့် ဈေးရောင်းပွဲတော်များ၊ စိတ်ဝင်စားဖွယ် မျက်လှည့်ပြပွဲများ၊ ပျော်ရွှင်ဖွယ်ရာ ဂိမ်းကစားနည်းများနှင့် အခြား ထူးခြားဆန်းပြားသည့် အစီအစဉ်များစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး လာရောက်အပန်းဖြေကြပါရန် ဖိတ်ကြားလိုကြောင်း တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ) အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

“တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ)ရဲ့ ၂၉ နှစ်မြောက် မွေးနေ့ပွဲကို စည်စည်ကားကားဖြစ်ဖို့ ကြိုးစားပြီး ပြင်ဆင်ဆောင်ရွက်နေပါတယ်၊ လာရောက်အပန်းဖြေကြမယ့် ပြည်သူတွေ၊ ကလေးသူငယ်တွေ စိတ်ကျေနပ်မှုရှိအောင်၊ ပျော်ရွှင်မှုရှိအောင်၊ နွေရာသီကျောင်းပိတ်ရက်မှာ အပန်းဖြေနိုင်အောင် အစီအစဉ်ကောင်းများစွာ ထည့်သွင်းထားပါတယ်၊ ပွဲတော်မှာ Unplugged Show၊ မျက်လှည့်၊ ပျော်ရွှင်ဖွယ်ရာကစားနည်းတွေ စုံလင်စွာ ထည့်သွင်းထားပါတယ်၊ ဈေးရောင်းပွဲတော်လည်း ပါပါမယ်၊ အရက်၊ ဘီယာ၊ ဆေးလိပ်ကလွဲရင် အခြားပစ္စည်းတွေ ပြသရောင်းချနိုင်ဖို့ကိုလည်း ခင်းကျင်းပြသမယ့်ဆိုင်တွေကို ဖိတ်ခေါ်ထားပါတယ်၊ ပွဲတော်ကို မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)အတွင်းမှာပဲ ဧပြီ ၇ ရက်နဲ့ ၈ ရက်မှာ နှစ်ရက် ကျင်းပသွားမှာပါဟု” တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ) အုပ်ချုပ်ရေးမှူး ဦးသိန်းမင်းအောင်က ပြောသည်။

**စုံစမ်းနိုင်**

အဆိုပါပွဲတော် ဈေးရောင်းပွဲတွင် ခင်းကျင်းပြသလိုသည့် ပြည်သူများအနေဖြင့် တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ) အုပ်ချုပ်ရေးမှူးရုံး ဖုန်း -၀၉- ၉၇၇၇၃၀ ၁၁, ၀၉-၄၀၂၆၀၅၀၈၇သို့ စုံစမ်းနိုင်ကြောင်းလည်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

# မြန်မာကင်းထောက်အမျိုးသမီးအဖွဲ့နှင့် ဂျပန်နိုင်ငံ အိုဆာကာကင်းထောက်အမျိုးသမီးအဖွဲ့တို့၏ ချစ်ကြည်ရေးရန်ပုံငွေမြှင့်တင်ရေး ဈေးရောင်းပွဲတော်ဖွင့်ပွဲသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလှမ်း တက်ရောက်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလှမ်း ချစ်ကြည်ရေး ရန်ပုံငွေမြှင့်တင်ရေးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ရန်ကုန် မတ် ၁၈**

မြန်မာကင်းထောက် အမျိုးသမီးအဖွဲ့နှင့် ဂျပန်နိုင်ငံ အိုဆာကာကင်းထောက် အမျိုးသမီးအဖွဲ့တို့၏ ချစ်ကြည်ရေး ရန်ပုံငွေမြှင့်တင်ရေး ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ ရန်ကုန်ပညာရေး တက္ကသိုလ် Learning Hub ၌ ကျင်းပသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလှမ်း၊ ဂျပန်နိုင်ငံ အိုဆာကာကင်းထောက် အမျိုးသမီးအဖွဲ့ဥက္ကဋ္ဌ Ms. Keiko Irisawa နှင့် မြန်မာကင်းထောက် အမျိုးသမီးအဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာတင်လှကြည်တို့က ချစ်ကြည်ရေးရန်ပုံငွေမြှင့်တင်ရေး ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ဓါတ်ပုံ)




### ဂုဏ်ပြုစကားပြောကြား

ထို့နောက် ဒုတိယပိုင်းအစီအစဉ်ကို တက္ကသိုလ်ညွှန့်ခန်းမဆောင်၌ ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ၏ ဇနီး ဒေါက်တာရွှေလှမ်းက မြန်မာကင်းထောက်အမျိုးသမီးအဖွဲ့၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဂုဏ်ပြုစကား ပြောကြားသည်။

ယင်းနောက် ဂျပန်နိုင်ငံ အိုဆာကာ ကင်းထောက် အမျိုးသမီးအဖွဲ့ဥက္ကဋ္ဌ Ms. Keiko Irisawa က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာကင်းထောက် အမျိုးသမီးအဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာတင်လှကြည်က ကျေးဇူးတင်စကား ပြောကြားသည်။

### ဝယ်ယူအားပေး

ထို့နောက် ဒုတိယသမ္မတ၏ဇနီး ဒေါက်တာရွှေလှမ်း၊ အိုဆာကာ ကင်းထောက်အမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာကင်းထောက် အမျိုးသမီးအဖွဲ့ဥက္ကဋ္ဌနှင့် အမျိုးသမီး ကင်းထောက်ငယ်များသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် ဂျပန်နိုင်ငံ အိုဆာကာကင်းထောက် အမျိုးသမီးအဖွဲ့နှင့် မြန်မာကင်းထောက် အမျိုးသမီးအဖွဲ့တို့က ရောင်းချနေသော ဈေးဆိုင်ခန်းများကို လှည့်လည်ကြည့်ရှု ဝယ်ယူအားပေးကြသည်။

### ဖိတ်ကြားခံရ

ယနေ့ဈေးရောင်းပွဲတော်မှ ရရှိငွေ များကို ဂျပန်နိုင်ငံတွင် ကျင်းပမည့် အိုဆာကာ ကင်းထောက်အမျိုးသမီးအဖွဲ့၏ နှစ်(၇၀)ပြည့် အပြည်ပြည်ဆိုင်ရာ ကင်းထောက်များစခန်းချပွဲသို့ မြန်မာ ကင်းထောက်အမျိုးသမီးအဖွဲ့မှ အုပ်ချုပ်သူ ခေါင်းဆောင်တစ်ဦး၊ အမျိုးသမီး ကင်းထောက်ငယ် ခြောက်ဦး စုစုပေါင်း ခုနစ်ဦး တက်ရောက်ရန် ဖိတ်ကြားခံရသဖြင့် ၎င်းခုနစ်ဦးအတွက် လိုအပ်သည်များ အသုံးပြုရန် လှူဒါန်းသွားမည် ဖြစ်သည်။

### တက်ရောက်

အဆိုပါ ချစ်ကြည်ရေးရန်ပုံငွေ မြှင့်တင်ရေးဈေးရောင်းပွဲတော် ဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဒေါ်အေးအေးမြင့်၊ မြန်မာ ကင်းထောက် အမျိုးသားအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတင်ညိုနှင့် ကင်းထောက်ကြီးများ၊ ကင်းထောက်အမျိုးသမီးငယ်များ တက်ရောက်ကြကြောင်း သိရှိရသည်။

**သတင်း၊ ဓာတ်ပုံ-ဇော်မင်းလတ်**

# သက်ကြီးဘိုးဘွားများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရထောက်ပံ့လှူဒါန်း

**ခိုလမ် မတ် ၁၈**

ရှမ်းပြည်နယ်တောင်ပိုင်း ခိုလမ်မြို့တွင် ရှမ်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ သက်ကြီးဘိုးဘွားများနှင့် ကိုယ်ဝန်ဆောင်မိခင်များ အာဟာရ ထောက်ပံ့ပေးအပ်လှူဒါန်းပွဲကို မတ် ၁၈ ရက် နံနက် ၁၀နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်နန်းရွှေမြင့်က အမှာစကား ပြောကြားပြီး ခိုလမ်မြို့ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဇော်မင်းထူးက သားအိမ်ခေါင်းကင်ဆာရောဂါနှင့်ပတ်သက်၍ ရောဂါဖြစ်ပွားရခြင်း အကြောင်းအရင်းနှင့် ရောဂါဖြစ်ပွားမှုအဆင့်ဆင့်၊ ရောဂါဖြစ်ပွားနိုင်ခြေများသူများ၊ ရောဂါကာကွယ်ရေး နည်းလမ်းများ၊ စစ်ဆေးခြင်းနည်းလမ်းများ၊ ကုသခြင်း နည်းလမ်းများနှင့် ရောဂါမဖြစ်ပွားစေရန် ဆောင်ရန် ရှောင်ရန် နည်းလမ်းများကို အသိပညာပေး ဟောပြောခဲ့သည်။ ထို့နောက် ခိုလမ်မြို့အတွင်းရှိ သက်ကြီးဘိုးဘွားများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ဒေါ်နန်းရွှေမြင့်နှင့် အဖွဲ့က အာဟာရများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် အသိပညာပေးလှုပ်ရှားမှုဒုတိယနေ့ စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် မတ် ၁၈**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်ဖြစ်သော ရင်ခွင်မဲ့ကလေး များလျှော့ချရေးနှင့် ကာကွယ်စောင့် ရှောက်ရေး အသိပညာပေးလှုပ်ရှားမှု ဒုတိယနေ့ကို မတ် ၁၈ ရက် နံနက် ၈ နာရီ တွင် ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ ခဲ့ကြောင်း သိရသည်။

### အကြမ်းဖက်မှုများ အဆုံးသတ်စို့

တက္ကသိုလ်ကျောင်းသား ကျောင်း သူများ၊ အလယ်တန်းအဆင့် ကျောင်း သား ကျောင်းသူများ၊ ပရဟိတအဖွဲ့နှင့် လူမှုအသင်းအဖွဲ့များ၊ ရုံးပိတ်ရက် ပြည်သူ့ ဥယျာဉ်အတွင်း အပန်းဖြေလာရောက် သော ပြည်သူတို့ဖြင့် စည်ကားခဲ့ပြီး "ရင်ခွင်မဲ့ကလေးများ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး" ခေါင်းစဉ် အောက်တွင် ကျောင်းသား ကျောင်းသူ များနှင့် ပြည်သူတို့က မှတ်ချက်သဘော ထားများ ရေးသားနိုင်ရန် ဆောင်ရွက် ပေးထားရာ အဆိုပါနေရာတွင်လည်း အထူးစိတ်ပါဝင်စား၍ သဘောထား မှတ်ချက်များစွာ အသီးသီးရေးသားကြ သည့်နည်းတူ အမျိုးသမီးအခွင့်အရေး အပြည့်အဝရရှိဖို့ ဥပဒေပြုပြင်ခြင်းဖြင့် ပံ့ပိုးစို့၊ အမျိုးသမီးများအပေါ် ကိုယ်ချင်းစာ တရားထားပါ၊ အမျိုးသမီးများဘဝ ငြိမ်းချမ်းဖို့ ပဋိပက္ခစစ်ပွဲများကို ဆန့်ကျင်လို့ အကြမ်းဖက်မှုများအဆုံးသတ်စို့ စသည့် စာသားများဖြင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်သူများဖြင့် စည်ကားလျက် ရှိသည်။

မွန်းလွဲပိုင်းတွင် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဂုဏ်ပြုတေးသီချင်း နှင့် ရင်ခွင်မဲ့ကလေးများ ကာကွယ်ပေး ခြင်းဆိုင်ရာ တေးသီချင်းဖြင့် လည်းကောင်း၊ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာမြသီတာက အရေးပေါ် သားဆက်ခြားနည်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနမှ "သန့်ရှင်း သော လက်ဆေးတစ်ခွက်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အခရာအဖွဲ့မှ "မစွန့်ပစ်ဖို့ တန်ဖိုးကိုပေးသိစို့" ခေါင်းစဉ်ဖြင့် လည်း ကောင်း အသိပညာပေးဟောပြောကာ Future Music Band နှင့် Galaxy star အဖွဲ့တို့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

### ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်

ကျောင်းသား ကျောင်းသူများနှင့် တက်ရောက်လာသော ပြည်သူတို့အား ပဟေဠိအဖြေညှိအစီအစဉ်တွင် ဆုရရှိသူ တို့ကိုလည်းကောင်း၊ အကဲဖြတ်ဒိုင်လူကြီး များနှင့် ဖျော်ဖြေရေးအဖွဲ့များနှင့် အဖွဲ့ အစည်းအသီးသီးတို့အား ရင်ခွင်မဲ့ကလေး ငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့် ရှောက်ရေးအဖွဲ့ဖြစ်သော ပြည်ထောင်စု ဝန်ကြီးတို့၏ဇနီးတို့က လက်ဆောင်ပစ္စည်း များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ညနေ ၅ နာရီ မိနစ် ၄၀ တွင် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချ ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ မြသီတာက ကျေးဇူးတင်စကားပြောကြား ခဲ့ပြီး အဆိုပါအခမ်းအနားကို မြန်မာနိုင်ငံ လုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က ကြီးမှူးကျင်းပခြင်းဖြစ်ကာ နှစ်ရက်တာ ကျင်းပသော အခမ်းအနားကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

**သတင်း-သန်းထိုက်၊ ဓာတ်ပုံ- သန်းစိုး**



## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၁၈** နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။ **မိုး/ဇလ**

# ဆေးဝါးယဉ်ပါးမှုအန္တရာယ်ကာကွယ်ဖို့ အားလုံးပူးပေါင်းတိုက်ဖျက်စို့

ဒေါက်တာမြသန်း

ဆေးဝါးယဉ်ပါးခြင်းဆိုသည်မှာ ရောဂါအမျိုးမျိုးကို ကုသသော ပဋိဇီဝဆေးဝါးများကို ရောဂါဖြစ်စေသော ဗက်တီးရီးယားပိုးများက ခံနိုင်ရည်ရှိလာပြီး ဆေးဝါးများယဉ်ပါးကာ ရောဂါများကို ကုသနိုင်စွမ်းလျော့ပါး၊ အာနိသင်မရှိ၊ ဆေးမတိုးခြင်းကြောင့် ရောဂါကု၍ မပျောက်ခြင်းဖြစ်ပါသည်။

ဆေးဝါးယဉ်ပါးမှုအန္တရာယ်သည် ကမ္ဘာသူကမ္ဘာသားများအတွက် အသက်အန္တရာယ်ကိုပင် ထိခိုက်စေသည်။ ရောဂါအမျိုးမျိုးတို့ကို ပိုမိုဦးဆောင်လာပြီး ကူးစက်ရောဂါများပိုမိုပြန့် ပွားကာ လက်ရှိသုံးစွဲနေသော ဆေးဝါးများမတိုးတော့ဘဲ ရောဂါသိလျက်ဆေးမရှိဘဲ သေကြရပါသည်။ ဤကဲ့သို့သော ဆေးဝါးယဉ်ပါးသောရောဂါပိုးများသည်လည်း လူများ၏ အပြုအမူပြောင်းလဲ၍ စနစ်တကျဆေးဝါးများကို သုံးစွဲခြင်းမရှိ လွဲမှားစွာ ညွှန်ကြားချက်နှင့် အညီ မသုံးခြင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းခြင်း၊ လေထု၊ ရေထု၊ မြေထုညစ်ပတ်ခြင်းပြဿနာ၊ ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှု၊ ကမ္ဘာကြီးပူနွေးလာမှုတို့ကြောင့် ရောဂါပိုးများသည် နဂိုမျိုးရိုး ဗီဇများပြောင်းလဲပြီး မူလပြဋ္ဌာန်းသော ဆေးဝါးများမတိုး၊ ရောဂါမပျောက်ဘဲ အသက်ဆုံးရှုံးခြင်းဖြစ်ရပါသည်။ ယနေ့ကမ္ဘာ့ကပ်ရောဂါ $H_5 N_1$, $H_1 N_1$ စသည့်ရောဂါများပင် ဆေးမတိုး၍ ဆေးဝါးအသစ်ထုတ်လုပ်နေရပေသည်။ တီဘီရောဂါသည်ပင် ယခင်ဆေးဝါးများကို ဝေဒနာရှင်များက စနစ်တကျမကုသ၍ ဆေးယဉ်ပါးသော ပြင်းထန်တီဘီအဆင့်ရောဂါသည် တိုးပွားနေပါသည်။ ငှက်ဖျားရောဂါလည်း ထိုနည်းတူပင် ဖြစ်နေပါသည်။ အနာနှင့်ဆေး တည့်အောင်ပေးသော်လည်း ပြဋ္ဌာန်းချက်များ၊ စနစ်တကျ ညွှန်ကြားချက်လိုက်နာခြင်းမရှိ၍ ဆေးယဉ်ပါးပြဿနာကြောင့် ရောဂါမပျောက်သလို မသေသင့်သောရောဂါများနှင့် သေနေကြသည်ကို တွေ့ရပေမည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံ ဆေးသိပ္ပံပညာရှင်များမှာလည်း ငွေကုန်ကြေးကျသုံးစွဲ၍ ရောဂါပိုးသေစေနိုင်သော ဆေးဝါးများ ဖော်စပ်ရသည်မှာ ဦးနှောက်ချာချာလည် ဖြစ်နေပါသည်။

**"ဆေးဝါးကုသခြင်း ရည်ရွယ်ချက်မှာ"**

၁။ လူတွေအသက်ဆုံးရှုံးခြင်းမှ ကာကွယ်ခြင်း၊ အချိန်မီ အရေးပေါ် ချက်ချင်းအသက်ကယ်ခြင်း (To provent death, to reduce morbidity, emergency lives saving)၊

၂။ ရောဂါရှင်းရှင်းပျောက်အောင် ကုသပေးခြင်း (complete cure)၊

၃။ ရောဂါပြန်ပြီး ဦးမထောင်နိုင်လောက်အောင် အမြစ်ပြတ်ကုသခြင်း (to prevent relopse)၊

၄။ ဆေးယဉ်ပါးမှုမဖြစ်အောင် (To prevent drug resistance)၊

၅။ အခြားသူများကို ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန် (To prevent spread)၊

၆။ အသက်သာဆုံးနှင့် ဆုံးရှုံးမှုနည်းပါးစေရန် (To reduce morbidity and disability) တို့ဖြစ်ပါသည်။

**ဆေးယဉ်ပါးမှု ဖြစ်ရခြင်းအကြောင်းရင်းများမှာ**

၁။ ဝေဒနာရှင်များ အသိပညာနည်းပါးခြင်း၊ ညွှန်ကြားချက်များကို လိုက်နာမှု မရှိဘဲဆေးများကို သုံးချင်သလိုသုံး၊ ဖြတ်ချင်သည့်အချိန်မိမိသဘောနှင့် ဖြတ်၊ အချိန်မှန်မမှန်သောက်ခြင်း၊ အချိန်အဆ မှန်ကန်စွာမသောက်ခြင်း၊ လျှော့သောက်ခြင်း၊ မြန်မြန်ပျောက်ချင်စိတ်နှင့် ပိုသောက်ခြင်း၊ ဆေးပတ်လည်အောင် ကြာရှည်စွာ သုံးရမည့်ဆေးများကို စိတ်မရှည်၍ ဖြတ်တောက်ခြင်း၊ (Misused, Low dose, high dose, time, duration, omit drugs)၊

> **"အနာနှင့်ဆေး တည့်အောင်ပေးသော်လည်း ပြဋ္ဌာန်းချက်များ၊ စနစ်တကျ ညွှန်ကြားချက်လိုက်နာခြင်းမရှိ၍ ဆေးယဉ်ပါးပြဿနာကြောင့် ရောဂါမပျောက်သလို မသေသင့်သောရောဂါများနှင့် သေနေကြသည်ကို တွေ့ရပေမည်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံ ဆေးသိပ္ပံပညာရှင်များမှာလည်း ငွေကုန်ကြေးကျသုံးစွဲ၍ ရောဂါပိုးသေစေနိုင်သော ဆေးဝါးများ ဖော်စပ်ရသည်မှာ ဦးနှောက်ချာချာလည် ဖြစ်နေ"**

၂။ ဆင်းရဲနွမ်းပါး၍ ငွေရေးကြေးရေးခက်ခဲခြင်း၊ သွားရေးလာရေးခက်ခြင်း၊ ပြုစုစောင့်ရှောက်မည့်သူမရှိခြင်း။ (no affordible, no available, no accessible, no family care)၊

၃။ ကျန်းမာရေး၊ အသိပညာပေးမှု ကျယ်ပြန့်စွာဆောင်ရွက်နိုင်မှု အသိပညာပေးမှုအားနည်းခြင်း၊

၄။ အချို့ပြင်ပဆေးဝန်ထမ်းများက (G.P) ရောဂါအမြန်ဆုံးသက်သာအောင် prednesolone,dexamethadone များကို ပိုမိုသုံးစွဲလာခြင်း၊

၅။ ဆေးဝါးများကို ဟိုပြောဒီပြောဆေးမြီးတိုများကို ညွှန်ကြားချက်မရှိ မိမိသဘောနှင့်ဆေးဖြတ်ပြီး ဆေးမြီးတိုများ သောက်သုံးကြခြင်း၊ "တန်ဆေးလွန်ဘေး" အနာသိ ဆေးရှိပါလျက် ပျောက်ချိန်တန်မှ ပျောက်မယ့် နာတာရှည်ရောဂါ တီဘီအမျိုးမျိုး၊ အနာကြီး HIV/AIDS, Syphlis စသည့်ရောဂါများသည် course ကုန်အောင် စနစ်တကျစိတ်ရှည်လက်ရှည် သည်းခံပြီး ဆေးမကုခြင်း၊ စိတ်ပိုင်းဆိုင်ရာအားပေးကူညီမှု (psychosocial support) eounselling နှစ်သိမ့်ဆွေးနွေးမှုပြု၍ ပညာပေးမှုအားနည်းခြင်း၊ ဆေးဝါးများ ISO မှတ်ပုံတင်ခြင်းမရှိသော ဆေးဝါး အတုရက်လွန်ဆေး (expirerydate) များစနစ်တကျ သိုလှောင်သိမ်းဆည်းခြင်း (Cold chain, temperature humidity control, quality control) မရှိခြင်း၊

၆။ ရမ်းကုဒေါက်တာများ၊ ဆေးဝါးအရောင်းဆိုင်၊ ကွမ်းယာဆိုင်များတွင် အလွယ်တကူဝယ်ယူသောက်သုံးကြခြင်း၊ ရမ်းကု အပ်ပုံးများမှ လွဲမှားသောဆေးဝါးများ၊ dose များ မမှန်မကန်ကုသခြင်းကြောင့် ဆေးယဉ်ပါးမှု ပြဿနာဖြစ်ရပါသည်။

**ကာကွယ်ရန်နည်းလမ်းများ**

ရောဂါဝေဒနာစွဲတိကျမှန်ကန်ဖို့လိုပါသည်။ (Diagnosis) ယခုအခါ မြန်မာနိုင်ငံတွင် ဆေးယဉ်ပါး တီဘီရောဂါသည်များပြားလာသဖြင့် ကျန်းမာရေးအသိပညာများပေးပြီး ထိရောက်သော ကုသမှုများပေးခြင်း၊ အိမ်တိုင်ရာရောက် ဆေးပေးဆေးတိုက်၊ အာဟာရများပေး၍ စောင့်ရှောက်ပေးသူများကို စနစ်တကျပြုစုစောင့်ရှောက်နည်း၊ အချိန်မှန်မှန်ဆေးတိုက်ခြင်း၊ အခြားသူများကို မကူးစက်စေရန် နည်းလမ်းများ၊ ပညာပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီခြင်း၊ ခရီးစရိတ်မှ အစပ့်ပိုးကူညီခြင်း၊ ဓာတ်မှန်ဆေးဝါးများ အခမဲ့ကူညီပေးနေလျက်ရှိပါသည်။

လူနာများ လူနာရှင်များဘက်မှ ညွှန်ကြားချက်နှင့်စိတ်ရှည်စွာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ထိုနည်းတူ ဆေးဝါးတင်သွင်းသူ၊ ဖြန့်ဖြူးသူ၊ ရောင်းချသူများ၊ ကုသခံယူသူ၊ ဝေဒနာရှင်မိသားစုမှအစ ပညာပေး စစ်ဆေးရပါမည်။

စနစ်တကျအရည်အသွေးမီ ISO ခွင့်ပြုချက်ဆေးဝါးများဖြစ်ရမည်။ သိုလှောင်မှု၊ ထိန်းသိမ်းမှု စနစ်တကျရှိရမည်။ ရက်လွန် ရက်ကပ်ဆေးဝါးများမသုံးစွဲရပါ။

Education, Information ပညာပေး၊ သတင်းအချက်အလက်များကို မီဒီယာပေါင်းစုံဖြင့် ပြည်သူသိရှိနားလည်အောင် ဟောပြောခြင်းရုပ်ပုံ၊ စာရွက်စာတမ်းများ ဝေငှခြင်း တီဗွီ၊ ဗီဒီယိုများဖြင့် ပြသခြင်း၊ ပိုစတာ၊ လက်ကမ်းစာစောင်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် နည်းမှန်လမ်းမှန်သိရှိအောင် ဆောင်ရွက်ပေးရမည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ NGOs, INGOs၊ ကြက်ခြေနီအမျိုးသမီးအဖွဲ့အစည်းများ၊ ပြည်တွင်း၏အားဖြစ်သော ပြည်သူလူထု၊ ကျွမ်းကျင်ကျန်းမာရေးဝန်ထမ်းများ၊ ဆေးဝါးတင်သွင်းသူ၊ ရောင်းချသူများအားလုံး လက်တွဲပြီး ဆောင်ရွက်မှသာ ဆေးဝါးယဉ်ပါးမှုအန္တရာယ်ဘေးမှ ကင်းဝေးမည်ဖြစ်ပါသည်။

အထူးအခွင့်အရေးဖြစ်သော ရင်သွေးငယ်များအား ကာကွယ်ဆေးထိုးစီမံချက်အား ကျန်းမာရေးဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မိမိတို့ရင်သွေးငယ်များ၊ ကျန်းမာစွာအသက်ရှည်စွာ ကြံ့ခိုင်၍ဉာဏ်ရည်ဖွံ့ဖြိုးစေရန် ကာကွယ်ဆေးအမျိုးမျိုးကို အကြိမ်အရေအတွက် အချိန်တိကျစွာလိုက်နာပြီး ထိုးဖို့လိုပါသည်။ ဥပမာ-သုံးလ၊ ခြောက်လ၊ ကိုးလ (သုံးကြိမ်) ကို တိကျစွာထိုးရမည်ဖြစ်သည်။ ဆေးထိုးပြီးကြောင်း အသိအမှတ်ပြုကတ်လေးများကို စနစ်တကျ ထိန်းသိမ်းပြီး ရက်၊ လ အကြိမ်ရေတိကျစွာထိုးမှ အာနိသင်ထက်မြက်မည် ဖြစ်ပါသည်။

ယခုအခါ Japanese Encephalits ခေါ် ဂျပန်ဦးနှောက်အမြေးရောင်ရောဂါကာကွယ်ဆေးကို ကိုးလမှ ၁၅ လထိကလေးများအား ယခုနိုဝင်ဘာ ၁၅ရက်မှစကာ ကျောင်းအခြေပြုပြီး စတင်ထိုးနေပြီဖြစ်၍ မိမိရင်သွေးငယ်များ မစွမ်းမသန် ဦးနှောက်မဖွံ့ဖြိုးခြင်း အသက်အန္တရာယ်ဘေးမှ ကင်းဝေးစေရန် မိဘဝတ္တရားကျေပွန်စွာဖြင့် ဆေးထိုးစုရပ်များတွင် မပျက်မကွက် ထိုးပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကာကွယ်ဆေးများကို တိကျမှန်ကန်စွာထိုးပေးခြင်းဖြင့် ရင်သွေးငယ်များသည် အနာဂတ်၌ကျန်းမာကြံ့ခိုင်ဉာဏ်ရည်ဖွံ့ဖြိုးသော လူသားအရင်းအမြစ်ဖြင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးတည်ဆောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ။

## မြန်မာနိုင်ငံတွင်အကြီးဆုံးဟု မှတ်တမ်းတင်ရမည့် စည်တော်ကြီးကို လက်ပံကုန်းရွာတွင် ထွင်းထုနေ

**အင်းတော် မတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် လက်ပံကုန်းကျေးရွာတွင် မြန်မာနိုင်ငံတွင် အကြီးဆုံးဟု မှတ်တမ်းတင်ရမည့် အလျား ၁၀ ပေ ၈ လက်မ၊ ထိပ်ဝအကျယ် ၅ ပေ ၄ လက်မရှိ စည်တော်ကြီးကို ဆရာပွဲမြန်မာ့တူရိယာအမျိုးမျိုးရောင်းဝယ်ရေးမှ ဦးကျော်ညွှန့်က ထွင်းထုနေပြီဖြစ်ကြောင်း နဘားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက ပြောသည်။

အဆိုပါစည်တော်ကြီးကို အင်းတော်မြို့ရှိ သုသာန်ဟောင်းကိုဖျက်ကာ ကားကြီးကွင်း ပြုလုပ်ရန် ရှင်းလင်းရာမှ ခုတ်ထားသည့် ကုက္ကိုပင်အရင်းပိုင်းကို တောင်းယူ၍ ပြုလုပ်ခြင်းဖြစ်ပြီး မတ် ၁၅ ရက်တွင် အခေါင်းထွင်းခြင်းနှင့် လုံးပတ်ပြုလုပ်ခြင်းစသည့် အကြမ်းထည်လုပ်ငန်းပြီးစီးလုနီးပါး ဖြစ်နေပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါ စည်တော်ကြီးထွင်းထုနေခြင်းနှင့်ပတ်သက်၍ အင်းတော်မြို့နယ် လက်ပံကုန်းကျေးရွာ ဆရာပွဲ မြန်မာ့တူရိယာ အမျိုးမျိုးရောင်းဝယ်ရေးမှ ဦးကျော်ညွှန့်က ပြောပြရာတွင် "ဒီစည်တော်ကြီး ပြုလုပ်နေတာက မြန်မာ့တူရိယာလက်မှုပညာကို ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်တွေ သိရှိလေ့လာနိုင်စေဖို့ဖြစ်ပါတယ်၊ စည်တော်ထုလုပ်ပြီး



ပါက ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည် လာရောက်လည်ပတ်မှုများတဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဘုရားကျောင်းတွေကို လှူဒါန်းမှာ ဖြစ်ပါတယ်၊ ကျွန်တော့်တစ်သက်မှာ ဒီလိုစည်မျိုး လုပ်လည်း မလုပ်ဖူးဘူး၊ လုပ်လည်း လုပ်နိုင်ဖို့ မလွယ်ဘူး၊ တကယ့်တကယ် အခွင့်အရေးကြုံတုန်းမှာ သမိုင်းတစ်ခုကျန်ခဲ့အောင်ဆိုပြီး မိဘကိုရည်စူး ပြုလုပ်လှူဒါန်းမယ်လို့ ရည်မှန်းထားတာပါ"ဟု ပြောသည်။

"စည်တော်ကြီးက အလျား ၁၀ ပေ ၈ လက်မ၊ ထိပ်ဝတစ်ဖက် (စည်မျက်နှာပြင်) အကျယ် ၅ ပေ ၄ လက်မရှိမှာဖြစ်ပြီး စည်တော်ကြီး ထိပ်နှစ်ဖက် (စည်မျက်နှာ) အဝကို နွားသားရေဖြင့်ကျပ်၍ ထိပ်ဝနှစ်ဖက်စလုံးကို ထိပ်ဝမှ သုံးပေစီအကွာထိ စည်မျက်နှာပြင်နှင့် တစ်ဆက်တည်း သားရေဖုံးအုပ်မှာ ဖြစ်ပါတယ်၊ ထိပ်ဝနှစ်ဖက် သားရေဖုံးအုပ်ပြီး ကျန်တဲ့အလယ်နေရာ သစ်သားစည်နေရာမှာ မြတ်စွာဘုရား၏ ၁၀၈ ကွက် ဗုဒ္ဓခြေတော်စက်လက္ခဏာကို နတ်သားလေးပါးက ပူဇော်နေတဲ့ပုံ ထွင်းထုမှာဖြစ်လို့ ဒီစည်တော်ထုလုပ်မှုကို ခြောက်လလောက် အချိန်ယူပြုလုပ်မှာဖြစ်ပါတယ်၊ စုစုပေါင်း ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း ၅၀ မှ သိန်း ၁၀၀ အကြား ကုန်ကျနိုင်ပါတယ်" ဟု ဦးကျော်ညွှန့်က ဆက်လက်ပြောသည်။ **ကိုမင်း(အင်းတော်)**

## နွေစပါးစိုက်ပျိုးသည့်တောင်သူများ အောင်ရေလိုအပ်ချက်မရှိစေရန် ရေလုံလောက်စွာဖြည့်ဆည်းပေးနေ

**ရေတာရှည် မတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းဆည်ရေလှောင်တမံမှ နွေစပါးစိုက်ဧက ပေါင်း ၂၃၀၀၀ ကျော်ကို ရေပေးဝေလျက်ရှိပြီး ယခုအချိန်သည် နွေစပါးစိုက်ခင်းများ သားကပ်ချိန်ဖြစ်၍ တောင်သူများ အောင်ရေလိုအပ်ချက်မရှိစေရန် ရေပေးမြောင်းမကြီးများ၊ မြောင်းခွဲများအလိုက် ထည့်ပေးလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနရုံးမှ သိရသည်။ "ဒီနှစ်မှာ ရေပေးမြောင်းအလိုက်ကို နေ့စဉ်လိုက်လံကြည့်ရှုပြီး ရေလိုအပ်မှုမရှိအောင် ထည့်ပေးနေပါတယ်၊ တောင်သူတွေ ဘက်ကလည်း ရေလိုတယ်ဆိုတဲ့တောင်းဆိုမှုတွေမရှိတော့ပါဘူး၊ ဒီလနဲ့နောက်လကို သေချာဂရုစိုက်ပြီး လုပ်ပေးရမှာပါ၊ ဒါမှ အောင်ရေအတွက် တောင်သူတွေစိတ်ချရမှာ"ဟု မြို့နယ်ဦးစီးအရာရှိက ရှင်းလင်းပြောကြားသည်။

နွေစပါးစိုက်ပျိုးကြရာတွင် ရက်ကိုးဆယ်သက်တမ်းရှိ ထိုင်းကောက်နှင့် ရက်လေးဆယ် ရတနာတိုးစပါးမျိုးများကို အဓိကစိုက်ပျိုးကြပြီး သွင်းအားစုဖြစ်သော ဓာတ်မြေသြဇာကြဲပက်ရာ၌ တတိယအရစ် အသီးအားပေးသည့် မြေသြဇာများကို ကြဲပက်နေကြပြီဖြစ်သည်။

"အခုအချိန်က အပူချိန် အတော်ပြင်းတယ်၊ ရေပူပြီး အမြစ်တွေမပုပ်အောင် ရေပူရေအေး လဲပေးရတာရှိပါတယ်၊ ရေအားကောင်းတော့ ကျွန်တော်တို့တောင်သူတွေ အဆင်ပြေကြပါတယ်၊ ထွက်နှုန်းလည်း မနှစ်ကထက်စာရင် ဒီနှစ်ပိုလိမ့်မယ်ထင်တယ်၊ စပါးဈေးကောင်းပါစေလို့ပဲ ဆုတောင်းရမှာပဲ၊ ဘာလို့လဲဆိုတော့ တောင်သူတိုင်းလိုလို သွင်းအားစု ကုန်ကျစရိတ်တွေက တစ်နှစ်ထက်တစ်နှစ် ပိုလာတယ်"ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု အေးသာယာကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

# သက္ကရာဇ် ၁၃၇၉ - ၁၃၈၀ ခုနှစ် မဟာသင်္ကြန်အကျ-အကြတ်-အတက်- နှစ်ဆန်း (၁ )ရက်နှင့် ဝါဆို-ဝါကပ်-လထပ်-ရက်နှင့်နေ့များ

၁။ **မဟာသင်္ကြန်ကျရက်**

- ဇေယတု-မြန်မာသက္ကရာဇ် -၁၃၇၉ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၁၄)ရက်
- ရခိုင်သက္ကရာဇ် -၁၃၇၉ ခုနှစ်၊ ပထမတာကူးလပြည့်ကျော် (၁၄)ရက်
- ခရစ်နှစ် ၂၀၁၈ ခုနှစ်၊ ဧပြီလ (၁၄) ရက်၊ စနေနေ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် နံနက် စက် ၁၁ နာရီ၊ ၉ မိနစ်၊ ၅ စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

၂။ **မဟာသင်္ကြန်အကြတ်ရက်**

- မြန်မာသက္ကရာဇ်၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း(၁)ရက်
- ရခိုင်သက္ကရာဇ် -၁၃၇၉ခုနှစ်၊ ဒုတိယတာကူးလဆန်း (၁)ရက်
- ခရစ်နှစ် ၂၀၁၈ ခုနှစ်၊ ဧပြီလ (၁၅) ရက်၊ တနင်္ဂနွေနေ့သည် မဟာသင်္ကြန် အကြတ်ရက် ဖြစ်ပါသည်။

၃။ **မဟာသင်္ကြန်အတက်ရက်**

- မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း(၂)ရက်
- ရခိုင်သက္ကရာဇ် -၁၃၇၉ ခုနှစ်၊ ဒုတိယတာကူးလဆန်း (၁)ရက်
- ခရစ်နှစ် ၂၀၁၈ ခု၊ ဧပြီလ (၁၆) ရက်၊ တနင်္လာနေ့ မြန်မာစံတော်ချိန်နေ့လွဲ ည စက် ၃ နာရီ၊ ၁၃ မိနစ်၊ ၄၇ စက္ကန့်အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။

၄။ **မြန်မာ-ရခိုင်- နှစ်ဆန်း (၁)ရက်**

- မြန်မာသက္ကရာဇ်၊ ၁၃၈၀ ခုနှစ်၊ ဦးကဆုန်လဆန်း (၃)ရက်
- ရခိုင်သက္ကရာဇ် -၁၃၈၀ ခုနှစ်၊ ဒုတိယတာကူးလဆန်း (၃)ရက်
- ခရစ်နှစ် ၂၀၁၈၊ ဧပြီလ (၁၇ ) ရက် အင်္ဂါနေ့သည် မြန်မာ-ရခိုင် နှစ်ဆန်း (၁) ရက်နေ့ ဖြစ်ပါသည်။

၅။ **ရဟန်းတော်များအတွက် ဝါဆို-ဝါကပ်-လ- ရက်များ**

ဤ ၁၃၈၀ ခုနှစ်တွင် အဓိမာသ လလွန်လထပ်ရက်ရှိပါ၍ ဗုဒ္ဓဘာသာ သာသနာတော်ဝန်ထမ်း ရဟန်းတော်အရှင်မြတ်တို့မှာ

မြန်မာသက္ကရာဇ် ၁၃၈၀ ခု ဒုတိယဝါဆိုလပြည့်ကျော် (၁ )ရက်၊ ရခိုင် သက္ကရာဇ် ၁၃၈၀ ခု ၊ ဝါဆိုလပြည့်ကျော် (၁ )ရက် ခရစ်နှစ် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၂၈) ရက် စနေနေ့တွင် ပထမပုရိမဝါကပ်ဆိုတော်မူကြရမည် ဖြစ်ပါသည်။

ဒုတိယပစ္ဆိမဝါကို မြန်မာ-ရခိုင် ဝါခေါင်လပြည့်ကျော် (၁) ရက်၊ ခရစ်နှစ် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ( ၂၇) ရက် တနင်္လာနေ့တွင် ကပ်ဆိုတော်မူကြရမည် ဖြစ်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး Gavi, the Vaccine Alliance Board Retreat အစည်းအဝေးသို့ တက်ရောက်

**ရန်ကုန် မတ် ၁၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ပြင်သစ်နိုင်ငံ Evian-les-Bains မြို့တွင် မတ် ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပသည့် Gavi, the Vaccine Alliance Board Retreat အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး **(ယာပုံ)** မတ် ၁၇ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

အဆိုပါအစည်းအဝေးသို့ Gavi, the Vaccine Alliance Board အဖွဲ့ဝင်များ ဖြစ်ကြသည့် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများမှ တာဝန်ထမ်းဆောင်ဆဲ ဝန်ကြီးများ၊ ဝန်ကြီးဟောင်းများ၊ အလှူရှင်အဖွဲ့များဖြစ်ကြသည့် Bill & Melinda Gates Foundation၊ DFID၊ Global Fund နှင့် World Bank စသည့်အဖွဲ့များမှ တာဝန်ရှိသူများ၊ အကြီးတန်းအရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

**ပံ့ပိုးပေးလျက်ရှိ**

Gavi, the Vaccine Alliance သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကာကွယ်ဆေးအသစ်များနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာနည်းစနစ်များသုံးစွဲ၍ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ကလေးများကို အခြားကမ္ဘာ့နိုင်ငံများမှ ကလေးများနှင့် တန်းတူညီမျှကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သော ရောဂါများဖြစ်ပွားသေဆုံးမှုမှ ကင်းဝေးလျော့ကျစေရန် ပံ့ပိုးပေးလျက်ရှိသော အဖွဲ့အစည်းဖြစ်သည်။

**အသေးစိတ်ဆွေးနွေး**

အဆိုပါအစည်းအဝေးသို့ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ Gavi ဘုတ်အဖွဲ့ဝင်ဖြစ်သည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်ခဲ့၍ Gavi အဖွဲ့မှ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပံ့ပိုးလျက်ရှိသော ကာကွယ်ဆေးများအား ယခုထက် ပိုမိုထိရောက်စွာ ပံ့ပိုးကူညီပေးနိုင်ရေး၊ Gavi အဖွဲ့၏ လုပ်ငန်းစီမံခန့်ခွဲ ဆောင်ရွက်နေမှုများအား ယခုထက် ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်ရေးနှင့် ယခုအခြေအနေအချိန်အခါအရ အထူးလိုအပ်လျက်ရှိသော ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပိုမိုအကျိုးရှိစေမည့် စီမံခန့်ခွဲမှုမျိုး ဆောင်ရွက်နိုင်ရေး၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကြုံတွေ့လျက်ရှိသည့် ကာကွယ်ဆေးထိုးလုပ်ငန်းနှင့်ပတ်သက်သည့် အခက်အခဲများ၊ လိုအပ်ချက်များအား ကျော်လွှားနိုင်ရေးနှင့် ရှေ့လာမည့် ငါးနှစ်အတွင်း Gavi အဖွဲ့၏စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်သင့်သည့် ရည်မှန်းချက်များနှင့် လုပ်ငန်းမဟာဗျူဟာနှင့် နည်းဗျူဟာများကို ရေးဆွဲရာ၌ စဉ်းစားရမည့် အချက်များကို အသေးစိတ်ဆွေးနွေးသည်။



**ကာကွယ်ဆေးများ ဝယ်ယူရန် ရန်ပုံငွေထည့်ဝင်**

မြန်မာနိုင်ငံတွင် Gavi အဖွဲ့မှ ၂၀၁၇ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၆၆ သန်းကျော်ဖိုး ထောက်ပံ့ခဲ့ပါသည်။ မြန်မာနိုင်ငံမှလည်း ကာကွယ်ဆေးများဝယ်ယူရန်အတွက် ရန်ပုံငွေကို Gavi သို့ အချိုးကျ ပူးပေါင်းထည့်ဝင်ခဲ့ရာ (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်တွင် ကာကွယ်ဆေးတန်ဖိုး၏ ၂၄ ရာခိုင်နှုန်း ထည့်ဝင်ခဲ့ပါသည်။ Gavi သည် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် ဆက်လက်ပံ့ပိုးပေးမည့်အပြင် ကာကွယ်ဆေးမဟုတ်သော ပံ့ပိုးမှုအဖြစ် အအေးလမ်းကြောင်းဆိုင်ရာ စက်ပစ္စည်းများ၊ ကျန်းမာရေးစနစ် အားဖြည့်မြှင့်တင်ခြင်း လုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ သန်း ၆၀ ကျော်ခန့် တန်ဖိုးကို ၂၀၁၈-၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့မှတစ်ဆင့် ဆက်လက်ပံ့ပိုးပေးမည်ဖြစ်သည်။

**အဏုဇီဝပိုးမွှားများအန္တရာယ် ကာကွယ်တားဆီးရေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မတ် ၁၆ ရက် မွန်းလွဲပိုင်းတွင် ဂျီနီဗာမြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ ဂျီနီဗာအခြေစိုက် South Center အဖွဲ့မှ Deputy Executive Director ဖြစ်သူ Mr. Vicente Yu နှင့်တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ၍ ပိုးသတ်ဆေးယဉ်ပါးအဏုဇီဝပိုးမွှားများအန္တရာယ် ကာကွယ်တားဆီးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများနှင့် South Center အဖွဲ့တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ဂျီနီဗာမြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် ဆက်လက်ဆက်သွယ် ဆောင်ရွက်ရေးဆိုင်ရာကိစ္စများ ညှိနှိုင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ပင် All Special Kids အဖွဲ့၏ President ဖြစ်သူ Mrs. Joy Tong နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ ဉာဏ်ရည်ဉာဏ်သွေးဆိုင်ရာရောဂါကြောင့် အထူးဂရုစိုက်ပြုစုရန်လိုအပ်သော ကလေးငယ်များအား ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ အလေးပေးဆောင်ရွက်နိုင်ရေး၊ နိုင်ငံတစ်ဝန်းတိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် နီးနွှယ်ဝန်ကြီးဌာနများအပါအဝင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် မိဘများနှင့်အတူ Stakeholders အားလုံး ပူးပေါင်းဆောင်ရွက်နိုင်ရေး ကွန်ရက်ဖွဲ့စည်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများဆွေးနွေးညှိနှိုင်းသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

Mr.Alamgir Shailh က နှုတ်ခွန်းဆက်စကားပြောကြားကာ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဦးမင်းနိုင်က ပြိုင်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံအနေဖြင့် ဘိလိယက်နဲ့ စနူကာပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပတာ ဒီပြိုင်ပွဲက တတိယအကြိမ်ပါ။ ၂၀၀၃ ခုနှစ်က တစ်ကြိမ်၊ ၂၀၀၈ ခုနှစ်က တစ်ကြိမ်နဲ့ ၁၀ နှစ်အကြာမှာ အခုတတိယအကြိမ်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ပါတယ်၊ ကျွန်တော်တို့ ဒီပြိုင်ပွဲက အာရှအဆင့် ပြိုင်ပွဲဆိုပေမယ့် ကမ္ဘာ့အဆင့်ပြိုင်ပွဲတွေမှာ ဆုရထားတဲ့ ကစားသမားတွေပါဝင်တဲ့အတွက် ကမ္ဘာ့အဆင့်ပြိုင်ပွဲလို့လည်း ဆိုနိုင်ပါတယ်၊ ဒီပြိုင်ပွဲမှာ မြန်မာအားကစားသမား ၁၅ ဦး ပါဝင်ပါတယ်၊ ဆုတွေ ဆွတ်ခူးနိုင်မယ်လို့ မျှော်လင့်ထားပါတယ်"ဟု မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်အတွင်းရေးမှူး ဦးခင်မောင်ဦးက ပြောသည်။

**ကျင်းပသွားမည်**

ပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ ပါကစ္စတန်၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ အိန္ဒိယ၊ အီရန်၊ ကာတာ၊ ဂျပန်၊ ဆီးရီးယားနှင့် စင်ကာပူနိုင်ငံတို့မှ အားကစားသမား ၆၈ ဦး ပါဝင်ပြီး ပြိုင်ပွဲကို မတ် ၁၈ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်ကားလမ်း မက်စ်မြန်မာဟိုင်းဝေးကုမ္ပဏီ တိုးဂိတ်ပြောင်းရွှေ့ရေးနှင့်ပတ်သက်၍ ရှင်းလင်းပွဲပြုလုပ်

**တိုက်ကြီး မတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်ကားလမ်း မက်စ်မြန်မာ ဟိုင်းဝေးကုမ္ပဏီ တိုးဂိတ်ပြောင်းရွှေ့ရေးနှင့် ပတ်သက်၍ ရှင်းလင်းပွဲပြုလုပ်ခြင်းကို မတ် ၁၇ ရက်က လမ်းဦးစီးဌာန၊ ကုမ္ပဏီနှင့် တိုက်ကြီးမြို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ယာဉ်ပိုင်ရှင်များဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။ ဆက်လက်၍ နေပြည်တော် လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်က ရန်ကုန်-ပြည် ကားလမ်း မက်စ်မြန်မာဟိုင်းဝေးကုမ္ပဏီပိုင်တိုးဂိတ် ပြောင်းရွှေ့ရန် ကိစ္စနှင့်ပတ်သက်၍ တိုးဂိတ်ထားရှိမှုအခြေအနေ၊ BOT စနစ်ဖြင့် ငှားရမ်းထားရှိမှု၊ ကောက်ခံရရှိငွေနှင့် လမ်းပြုပြင်မှုများ ရှင်းလင်းပြောကြားပြီး မက်စ်ကုမ္ပဏီ MD ဦးခင်မောင်ကြွယ်က တိုးဂိတ်ကိစ္စများ ဆောင်ရွက်ရာတွင် ယခင်က ဝန်ထမ်းများ အဆင်မပြေမှုများ၊ ငွေကောက်ခံရာတွင် အခက်အခဲများရှိခဲ့ကြောင်း သိရ၍ တောင်းပန်ပါကြောင်း အဆင်ပြေအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဦးမင်းနိုင်၊ ဦးလှတင်၊ ဦးဝင်းကြိုင်၊ ဦးမျိုးမင်းသူ တိုက်ကြီးအဝင် တိုးဂိတ်ရှိမှု၊ မြို့ခံများနှင့် အဆင်မပြေမှုများ တင်ပြကြပြီး ယင်းတိုးဂိတ်ကို အခြားတစ်နေရာတို့ ပြောင်းရွှေ့ရန် တင်ပြကြသည်။

အဆိုပါတင်ပြချက်များကိုစုစည်းပြီး ပြည်ထောင်စုဝန်ကြီးထံတင်ပြကာ တိုင်းဒေသကြီးလွှတ်တော်သို့ အတည်ပြုချက်ရယူပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း လမ်းဦးစီးဌာန တာဝန်ရှိသူက ပြောကြားသည်။

အဆိုပါတိုးဂိတ်ပြောင်းရွှေ့ရေးအပါအဝင် အချက်ခြောက်ချက်ဖြင့် ဖေဖော်ဝါရီ ၂၄ ရက်တွင် ယာဉ်အစီး ၅၀ ဖြင့် အင်အား ၁၀၀ ခန့် ဆန္ဒပြခဲ့ရာ တာဝန်ရှိသူများက လာရောက်ရှင်းပြခြင်းဖြစ်သည်။ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ ယာဉ်ပိုင်ရှင်များ၊ လမ်းဦးစီးဌာန၊ မက်စ်မြန်မာကုမ္ပဏီ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**ထွန်းလှိုင်(မြိုင်)**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၁၈**

ထူးခြားသည့် နေ့အပူချိန်များမှာ ဘော်လခဲမြို့နှင့် ကော့ကရိတ်မြို့တို့တွင် ၃၉ ဒီဂရီတ်စင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မုတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ ဒသမ ၅၅ လက်မ၊ မချမ်းဘောမြို့နှင့် မိတ္ထီလာမြို့တို့တွင် ၀ ဒသမ ၃၆လက်မစီ၊ ကျောက်မဲမြို့တွင် ၀ ဒသမ ၂၄ လက်မ၊ တီးတိန်မြို့နှင့် ခန္တီးမြို့တို့တွင် ၀ ဒသမ ၁၂ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

**ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သရက်ကုန်းကျေးရွာ၌ မတ် ၁၅ ရက်က ဝါးနက်ချောင်း ရဲကင်းစခန်းမှူး ဒုတိယရဲအုပ်တင်လှိုင်က သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းအသိပညာပေးဟောပြောဆွေးနွေးစဉ်။**

တင်စိုး(မြန်မာ့အလင်း)



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ လာအိုနိုင်ငံသို့ အလုပ်သဘော ချစ်ကြည်ရေးခရီးထွက်ခွာ



**နေပြည်တော် မတ် ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E.Pol. Maj . Gen . Somkeo Sylavong ၏ ဖိတ်ကြားချက်အရ ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လာအိုနိုင်ငံသို့ အလုပ်သဘော ချစ်ကြည်ရေးအလည်အပတ်ခရီး ထွက်ခွာသွားသည်။

**လိုက်ပါပို့ဆောင်**

ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ စုစုပေါင်း ခုနစ်ဦး လိုက်ပါသွားကြပြီး မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lyying Sayaxang၊ စစ်သံမှူး Col. Bounmyvieng Viengnhoutthasat၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါပို့ဆောင်ခဲ့ကြသည်။ **(ယာပုံ)**

အဆိုပါခရီးစဉ်တွင် မြန်မာ-လာအို နှစ်နိုင်ငံလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဝန်ကြီးအဆင့် အစည်းအဝေးကျင်းပ၍ နှစ်နိုင်ငံနယ်စပ်ရေးရာကိစ္စများ ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း အရည်အသွေးပြည့်မီအောင် စနစ်တကျဆောင်ရွက်

**ရန်ကုန် မတ် ၁၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မတ် ၁၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ပတ်လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ ကြည့်မြင်တိုင်ဘူတာသို့ ရောက်ရှိလာပြီး ဘူတာပတ်ဝန်းကျင် သန့်ရှင်းသာယာလှပမှုရှိစေရေး၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရီးသည်များ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်အောင် ကြိုးစားဆောင်ရွက်ကြစေရေး၊ အချက်ပြစနစ်များအား စနစ်တကျအသုံးပြုပြီး အန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်စေရေး၊ ဘူတာပတ်ဝန်းကျင်ရှိ ဆိုင်ခန်းများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ RBE ရထားဖြင့် ရန်ကုန်မြို့ပတ်လမ်းတစ်လျှောက်ရှိ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးရာ သမိုင်းမြို့သစ်ဘူတာဈေး တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ ရွာမဘူတာနှင့် ဖော့ကန်ဘူတာကြား ကိုးချောင်းဆက် သံလမ်းခင်းပြီး စက်ဖြင့် ပါကင်ရိုက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ အောင်ဆန်းဘူတာရပ်ဝန်းအတွင်းလမ်းခင်းကျောက်များ စုပုံထားရှိမှုကို လည်းကောင်း၊ မင်္ဂလာဒုံဘူတာရပ်ဝန်းတွင် ကိုးချောင်းဆက်သံလမ်းများ စုပုံထားရှိမှုကို လည်းကောင်း၊ မြို့ပတ်လမ်းတစ်လျှောက် အုတ်တံတိုင်းကာရံခြင်းလုပ်ငန်း၊ ဘူတာပလက်ဖောင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လမ်းဘေးတစ်လျှောက် သစ်ပင်ကြီးများမှလွဲ၍ အပင်ငယ်များ၊ ချုံနွယ်များအား ရှင်းလင်းခြင်း ဆောင်ရွက်သွားကြရန်၊ ဌာနပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး ဂရုပြုဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ရန်ကုန်ဘူတာကြီး အစည်းအဝေးခန်းမသို့ ရောက်ရှိလာပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ရန်ကုန်မြို့ပတ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများအား ကဏ္ဍအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ရထားလမ်းပိုင်းအဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီအောင် စနစ်တကျဆောင်ရွက်သွားကြရန်၊ ဝန်ထမ်းအိမ်ရာများ ပြုပြင်မှုလုပ်ငန်းဆောင်ရွက်ရာတွင်လည်း တာဝန်ရှိသူများ ကိုယ်တိုင်ကြပ်မတ်ကြည့်ရှု ဆောင်ရွက်ပေးကြရန်၊ ဝန်ထမ်းများအား လုပ်ငန်းခွင်အတွင်း ပျော်ရွှင်မှုရှိစေရန်၊ နိုးကြားတက်ကြွနေစေရန်၊ အများအကျိုးဆောင်လိုသည့် စိတ်ဓာတ်များဖြစ်လာစေရန် တာဝန်ရှိသူများက ကြိုးစားဆောင်ရွက်ပေးကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်ဘူတာကြီး အစည်းအဝေးခန်းမ၌ Japan International Cooperation Agency မှ ဌာနေကိုယ်စားလှယ် Mr. Karasawa၊ ဂျပန်နိုင်ငံသံရုံး စီးပွားရေးသံမှူး Mr. Takami ဦးဆောင်သော အဖွဲ့အား တွေ့ဆုံပြီး ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ ထပ်မံဆောင်ရွက်မည့် လုပ်ငန်းများအား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## Crans Montana Forum on Africa and South-South Cooperation

# အစည်းအဝေး၏ ဆက်စပ်ဆွေးနွေးပွဲများသို့ ဒုတိယဝန်ကြီး ဦးဆက်အောင် တက်ရောက်

**Dakhla မတ် ၁၈**

မော်ရိုကိုနိုင်ငံ Dakhla မြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်သည် မတ် ၁၇ ရက်တွင် မော်ရိုကိုနိုင်ငံ Dakhla မြို့ Dakhla's Congress Center ၌ ကျင်းပသည့် Crans Montana Forum on Africa and South-South Cooperation အစည်းအဝေး၏ ဆက်စပ်ဆွေးနွေးပွဲများသို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် International Conference Urban Global Management ခေါင်းစဉ်နှင့် Migration : Development and Opportunity Factor ခေါင်းစဉ်တို့ကို ဆွေးနွေးကြသည်။

Migration : Development and Opportunity Factor နှင့် ပတ်သက်သည့် ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးဆက်အောင်က Migration ကို ခြိမ်းခြောက်မှုတစ်ရပ်မဟုတ်ဘဲ အခွင့်အလမ်းတစ်ခု ဖြစ်လာစေရန်အတွက် Migration မူဝါဒများဖြင့် လုံလောက်မှုမရှိဘဲ ပြီးပြည့်စုံသည့် လူမှုစီးပွားဘဝ မူဝါဒများရှိရန် လိုအပ်ကြောင်း၊ သို့မှသာ Migrationနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ချိတ်ဆက်နိုင်မည်ဖြစ်ပြီး Brain Drain များကို Brain Gain များအဖြစ် ပြောင်းလဲနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲများသို့ မော်ရိုကိုနိုင်ငံ၏ မိတ်ဖက်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြို့တော်ဝန်များ၊ လွှတ်တော်အမတ်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ ဖမ်းယူကြည့်ရှုရာ၌ Set-top Box များ၊ DVB-T2 TVများအား ပြန်လည်ဖမ်းယူကြည့်ရှုခြင်း (Retunning) ပြုလုပ်ဆောင်ရွက်နိုင်ရန်အသိပေး

**နေပြည်တော် မတ် ၁၈**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ ထုတ်လွှင့်မှုတွင် ရုပ်သံလိုင်းအသစ် ငါးလိုင်းကို မကြာမီ ထည့်သွင်း ထုတ်လွှင့်တော့မည်ဖြစ်သည်။ ယခုအခါ ပထမဦးဆုံး တိုးချဲ့ရုပ်သံလိုင်းအဖြစ် Mizzima TV ရုပ်သံလိုင်းအား တိုးချဲ့ထုတ်လွှင့်ရန် ဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ မိဘပြည်သူများအနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသော Digital DVB-T2 စနစ်ဖြင့် ထုတ်လွှင့်သော ရုပ်သံလိုင်းများအား သက်ဆိုင်ရာ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများမှ ဖမ်းယူကြည့်ရှုရာတွင် ထပ်မံတိုးချဲ့ထုတ်လွှင့်မည့် ရုပ်သံလိုင်းများအား ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် DVB-T2 Set-top Box နှင့် DVB-T2 TV များအား ဖမ်းယူပုံနည်းလမ်းအဆင့်ဆင့်အတိုင်း မတ် ၂၄ ရက်မှ စတင်၍ ပြန်လည်ဖမ်းယူကြပါရန်နှင့် အခက်အခဲတစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့ပါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ တယ်လီဖုန်း အမှတ် 067-79395၊ 067-79090၊ 067-79411 တို့သို့ ဆက်သွယ် ဆောင်ရွက်နိုင်ပါကြောင်း သိရသည်။ **သတင်းစဉ်**

## သီပေါနမ့်လန်မြို့မခေတ်မီဈေးသစ် တည်ဆောက်ရေးလုပ်ငန်းအပ်နှံမှုစာချုပ်ချုပ်

**သီပေါ မတ် ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် နမ့်လန်ဒေသ မြို့မခေတ်မီဈေးသစ် တည်ဆောက်ရေးအတွက် လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုပွဲကို မတ် ၁၄ ရက် နံနက်က ပြည်နယ်စည်ပင်သာယာရေးဌာနရုံးခွဲ(လားရှိုး) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ ပြည်နယ်စည်ပင်သာယာရေးဌာနခွဲ (လားရှိုး)မှ တာဝန်ခံဒုညွှန်ကြားရေးမှူး ဦးနေလင်း၊ သီပေါမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုင်းခွန်ဇော်ဦးနှင့် တာဝန်ရှိသူများ၊ နမ့်လန်ကျေးရွာမှ ရပ်မိရပ်ဖများ၊ ရှမ်းပြည်အလုကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ထို့နောက် တာဝန်ရှိသူများက နှစ်ဖက်ဆိုင်ရာ လက်မှတ်ရေးထိုးကြပြီး စာချုပ်စာတမ်းများကို အပြန်အလှန် ပေးအပ်ကြသည်။

အဆိုပါ သီပေါနမ့်လန်မြို့မဈေးသည် ခေတ်မီသံကူကွန်ကရစ် နှစ်ထပ်ဈေးအမျိုးအစားဖြစ်ရာ ဈေးဆိုင်ခန်းပေါင်း ၈၂၈ ခန်း ပါရှိ၍ တင်ဒါအောင်မြင်သည့် ရှမ်းပြည်အလုကုမ္ပဏီမှ တာဝန်ယူတည်ဆောက်မည်ဖြစ်ပြီး စီမံကိန်းတန်ဖိုးငွေကျပ်သိန်းပေါင်း ၁၆၅၇၅ ကျော်ကုန်ကျကြောင်း သိရသည်။ **စိုင်း(သီပေါ)**






## လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်

**နေပြည်တော် မတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**



## ပုဂံဒေသ၌ အနုပညာလက်ရာ ဓာတ်ပုံပြပွဲ ကျင်းပ

**ညောင်ဦး မတ် ၁၈**

ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုဂံဒေသတွင် ပြုလုပ်မည့် Bagan, A Different World ဓာတ်ပုံပြပွဲကို မတ် ၂၃ ရက်မှ မတ် ၂၅ ရက်အထိ ညောင်ဦးမြို့ ရွှေစည်းခုံဘုရားတောင်ဘက် စောင်းတန်း၌ လည်းကောင်း၊ မတ် ၂၆ ရက်မှ ၂၇ ရက်အထိ ညောင်ဦးမြို့ အာနန္ဒာဘုရားပရဝဏ်အတွင်း၌ လည်းကောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှု၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီမှ စီစဉ်ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံတစ်ဝန်းမှ ဓာတ်ပုံပညာရှင်များ၏ သမိုင်းဝင်ဓာတ်ပုံ အနုပညာလက်ရာမြောက်စွာ ရိုက်ကူးထားသည့် ဓာတ်ပုံပေါင်းများစွာကို ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရွှေအင်းသားခင်မောင်ဝင်း**
**ဓာတ်ပုံ-ပုဂံမင်းမင်းဦး**

## တောင်ကြီးမြို့တွင် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်အတွက် ကြိုတင်ပြင်ဆင်


တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက်တွင် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော် ပိုစတာဗီနိုင်းများ ချိတ်ဆွဲပြသထားသည်ကို တွေ့ရစဉ်။

**တောင်ကြီး မတ် ၁၈**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ကြီးမှူးကျင်းပသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို မတ် ၂၀ ရက်မှ ၂၅ ရက်ထိ တောင်ကြီးမြို့တွင် ကျင်းပမည်ဖြစ်ပြီး ပွဲတော်အတွက် လုပ်ငန်း ကော်မတီများ အသီးသီးက ကြိုတင်ပြင်ဆင်နေမှုများကို ဆောင်ရွက်နေကြောင်း သိရသည်။

တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်အတွက် တောင်ကြီးမြို့ အဝေရာကုန်းသာယာမီးပုံးပျံကွင်းတွင် တိုင်းရင်းသားရိုးရာ အသုံးအဆောင် ပစ္စည်းပြသမည့်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအသောက်ဆိုင်ခန်းများ၊ တိုင်းရင်းသားရိုးရာအက ကပြဖျော်ဖြေမည့် စတိတ်စင်၊ ခေတ်ပေါ်စင်တင်တေးဂီတ စတိတ်စင်၊ ဈေးအရောင်းဆိုင်ခန်းများ၊ အဝင်မုခ်ဦးများ၊ အခမ်းအနားကျင်းပမည့် နေရာထိုင်ခင်းများနှင့် စာပေစာတမ်းဖတ်ကြားမည့် တောင်ကြီးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင်လည်း အဝင်မုခ်ဦးများ ပြင်ဆင်နေမှုများနှင့် တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက် လမ်းဖြတ်ပိုစတာဗီနိုင်းများ၊ မြေစိုက်ပိုစတာများ၊ တောင်ကြီးမြို့တွင်းနှင့် ရွှေညောင်၊ အေးသာယာတို့တွင်လည်း ပွဲတော်မကျင်းပမီ (အကြို) လှည့်လည်ကြော်ငြာခြင်း၊ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များ၊ စာတမ်းဖတ်ကြားမည့်အဖွဲ့များ၊ တိုင်းရင်းသားရိုးရာအသုံးအဆောင်ပစ္စည်း ပြသမည့် အဖွဲ့များလည်း လာရောက်သတင်းပေးပို့လျက်ရှိပြီး ရပ်နီးရပ်ဝေးရှိ တိုင်းရင်းသား ပြည်သူများကလည်း ယခုကျင်းပမည့်ပွဲတော်ကို လာရောက်အားပေးပါဝင်ဆင်နွှဲကြပါရန် ဖိတ်ခေါ်ထားသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## အင်ဂျင်နီယာကောင်စီမှ လေးနှစ်ကျော်အတွင်း အင်ဂျင်နီယာပညာရှင် ၆၀၀၀ ကျော်ကို မွေးထုတ်ပေးနိုင်ခဲ့

ရန်ကုန် မတ် ၁၈

**အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီသည် စတင်ဖွဲ့စည်းခဲ့သော လေးနှစ်တာကာလအတွင်း အင်ဂျင်နီယာပညာရှင်များနှင့် မှတ်ပုံတင်အင်ဂျင်နီယာ ၆၀၀၀ ကျော်တို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံးချုပ်၌ ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့သော ပညာရှင်လက်မှတ်များနှင့် အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားမှ သိရသည်။**

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ ပေးအပ်ချီးမြှင့်လျက်ရှိသည့် သတ္တမအကြိမ် အာဆီယံပင်္ဂိုဉာဉ်ခံ အင်ဂျင်နီယာပညာရှင်လက်မှတ်၊ တတိယအကြိမ် မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာပညာရှင်လက်မှတ်နှင့် စတုတ္ထအကြိမ် ကုမ္ပဏီအဆင့်သတ်မှတ်ချက် အသိအမှတ်ပြုလက်မှတ် ချီးမြှင့်ခြင်း အခမ်းအနားကို မတ် ၁၈ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံးချုပ် Function Hall ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ နာယကများ၊ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က အမှာစကားပြောကြားသည်။ ယင်းနောက် အင်ဂျင်နီယာ ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေပေးအပ်ပွဲကို ကျင်းပခဲ့ရာ အလှူရှင် ၃၁ ဦး လှူဒါန်းငွေ စုစုပေါင်း ငွေကျပ်သိန်း ၅၂၀၀ ကျော်နှင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။

"အင်ဂျင်နီယာ ဘွဲ့ရပြီးတဲ့အခါမှာ ရိုးရိုး BE ဘွဲ့တို့ နောက်ထပ် Register Engineer ဆိုတာ မှတ်ပုံတင် အင်ဂျင်နီယာ၊ RSE ဆိုတာကတော့ မှတ်ပုံတင် အကြီးတန်းအင်ဂျင်နီယာ၊ PE ဆိုတာ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီက ပေးတဲ့ မြန်မာနိုင်ငံအတွက် မှတ်ပုံတင် အင်ဂျင်နီယာ ပညာရှင်ပေါ့၊ အခုပေးတဲ့ ACPE က အာဆီယံပင်္ဂိုဉာဉ်ခံ အင်ဂျင်နီယာ ပညာရှင်လတ်မှတ်ပေါ့၊ ဒီလက်မှတ်ရထားတဲ့ပုဂ္ဂိုလ်က အာဆီယံ ၁၀ နိုင်ငံမှာ အသိအမှတ်ပြုထားပြီးဖြစ်တဲ့အတွက် ဒီအဆင့်အတန်းနဲ့ သွားရောက်ပြီး အလုပ်လုပ်ကိုင်လို့ရတယ်" ဟု မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အပြည်ပြည်ဆိုင်ရာနှင့် ပြည်သူ့ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုအောင်က ပြောသည်။



အခမ်းအနားတွင် အာဆီယံ အပြန်အလှန် အသိအမှတ်ပြုရေး အစီအစဉ် (Mutual Recognition Agreement) အရ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ရရှိထားသော အင်ဂျင်နီယာ ၈၀ အား Asean Chartered Professional Engineer များ အဖြစ်လည်းကောင်း၊ မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာပညာရှင်လက်မှတ်ရရှိသူ လေးဦးအား အသိအမှတ်ပြုလက်မှတ်များ ချီးမြှင့်ပြီး ကုမ္ပဏီအဆင့်သတ်မှတ်ချက် A၊ B၊ E ရရှိသော ကုမ္ပဏီများကိုလည်း အသိအမှတ်ပြုလက်မှတ်များ ပေးအပ်သည်။

မြန်မာနိုင်ငံ၌ အင်ဂျင်နီယာကောင်စီအနေဖြင့် စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာမှ ယနေ့အထိ လေးနှစ်ကျော်အတွင်း အာဆီယံပင်္ဂိုဉာဉ်ခံ အင်ဂျင်နီယာပညာရှင် (ACPE) ၃၈၁ ဦး၊ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် (PE) ၆၅၇ ဦး၊ မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာပညာရှင် (RLPE, RFPE) ၁၄ ဦး၊ မှတ်ပုံတင် အကြီးတန်း အင်ဂျင်နီယာ ၁၈၂၃ ဦး၊ မှတ်ပုံတင် အင်ဂျင်နီယာ (RE) ၃၉၉၀ စုစုပေါင်း အင်ဂျင်နီယာပညာရှင်များနှင့် မှတ်ပုံတင် အင်ဂျင်နီယာ ၆၀၀၀ ကျော်ကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

## အင်အား အသင့်အတင့်ရှိ မြေငလျင်လှုပ်

**နေပြည်တော် မတ် ၁၈**

မတ် ၁၈ ရက် မြန်မာစံတော်ချိန် နံနက် ၂ နာရီ ၂၉ မိနစ် ၅ စက္ကန့်က ကမ္ဘာ့အေးမြေငလျင်စခန်းမှ မြောက်ဘက် ၉၈ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဖြူးမြို့၏ အနောက်တောင်ဘက် ၂၆ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် (၁၈ဒသမ ၂၇) ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် (၉၆ ဒသမ ၁၀) ဒီဂရီ၊ အနက် ၅၇ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး (၅ ဒသမ ၃) အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီး ဌာနက သတင်းထုတ်ပြန်ထားသည်။

**မြန်မာ့အလင်း**

❑ ကျော်ဖုံးမှ

ဆောင်ရွက်ပေးနေပါကြောင်း၊ ရခိုင်ပြည်နယ်သည် သဘာဝဘေး အန္တရာယ်တွင်သာမက လူကြောင့်ဖြစ်သည့် ဘေးတွင်လည်း ထိပ်ဆုံးက ခံစားရသော ပြည်နယ်တစ်ခု ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အများဆုံး ဆောင်ရွက်ပေးနေပါကြောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းဖော်ဆောင်ရေး၊ စက်မှုဇုန်များဖော်ထုတ်ရေး စသည်ဖြင့် ဆောင်ရွက်နေပါကြောင်း။

**ရေရှည်ပဋိပက္ခ ကင်းဝေးရေး**

ရခိုင်ပြည်နယ်အရေးကိစ္စကို တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေး စီမံကိန်း UEHRD ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ UEHRD ၏ လုပ်ငန်းတာဝန်တွင် ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး၊ ပြန်လည်ထူထောင်ရေး၊ ရေရှည်ပဋိပက္ခ ကင်းဝေးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ပါဝင်ပါကြောင်း၊ ချက်ချင်းလုပ်ဆောင်နိုင်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချက်ချင်းအကောင်အထည်ဖော်နေပါကြောင်း၊ ရခိုင်ပြည်နယ်တွင် အစဉ်အဆက်ဖြစ်ပွားခဲ့သော ပဋိပက္ခများကို လူမှုအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စိတ်ရှည်သည်းခံမှု၊ အပြန်အလှန်ယုံကြည်မှု၊ သဟဇာတဖြစ်မှုတို့ဖြင့် ရေရှည်ပဋိပက္ခကင်းဝေးရေး ဆောင်ရွက်နေပါကြောင်း၊ ပြန်လည်နေရာချထားရေးအတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို တိုးမြှင့်ဆောင်ရွက်နေကြောင်း၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်လွှတ်တော်တို့သည် ပိုမိုနီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရခိုင်ပြည်နယ်သူ၊ ပြည်နယ်သားများ၏ ဆန္ဒကို အလေးထားပါကြောင်း၊ နိုင်ငံသားအဖြစ် ခွင့်ပြုပေးသည့်နေရာတွင် ၁၉၈၂ ခုနှစ် ဥပဒေနှင့်အညီ ဆောင်ရွက်နေပါကြောင်း၊ ပြန်လည်လက်ခံရေးကိစ္စများကိုလည်း ၁၉၉၃ ခုနှစ် သဘောတူညီချက်အတိုင်း အခြေခံပြီး ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် ရခိုင်ပြည်သူများတွက် ထိခိုက်စရာ လုံးဝမပါရှိပါကြောင်း၊ ပြန်လည်လက်ခံရေးစခန်း ဆောင်ရွက်ရာတွင်လည်း ကုန်းလမ်းကလာမည့်သူများကို တောင်ပြိုလက်ဝဲစခန်းတွင် လက်ခံမည်ဖြစ်ပြီး ရေလမ်းကြောင်းက လာမည့်သူများကို ငါးခူရစခန်းတွင် လက်ခံရန် စီစဉ်ထားပါကြောင်း၊ ပြန်လည်လက်ခံရာတွင် လူမှားခြင်း၊ လူထပ်ခြင်း၊ အကြမ်းဖက်သမားများနှင့် အခြားသူများ ပါလာခြင်းများ လုံးဝမရှိအောင် စနစ်တကျ စီစဉ်ဆောင်ရွက်ထားပါကြောင်း ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရခိုင်ပြည်နယ်လွှတ်တော်၌ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် UEHRD ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းဆွေးနွေးစဉ်။ သတင်းစဉ်

**ရှင်းလင်းပြောကြား**

ယင်းနောက် UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်က နိုင်ငံတကာ၏ စွပ်စွဲခြင်းခံနေရမှု၊ လက်ရှိအခြေအနေကို သိရှိရုံတင်မက သဘောပေါက်နားလည်ရန် လိုအပ်ကြောင်း၊ UEHRD သည် ရခိုင်ပြည်နယ်တစ်ခုလုံးအတွက် ဖွံ့ဖြိုးတိုးတက်မှုကို ဒေသခံရခိုင်တိုင်းရင်းသားတို့၏ ပူးပေါင်းမှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်လက်ခံရေး၊ နေရာချထားရေးတို့နှင့်စပ်လျဉ်းပြီး မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သော အဖွဲ့သည် ရဟတ်ယာဉ်ဖြင့် စစ်တွေမြို့မှ မောင်တောခရိုင်အတွင်းရှိ အင်းဒင်ကျေးရွာသို့ ရောက်ရှိကြပြီး လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးကာ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များတွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အထူးလိုအပ်သည်ဖြစ်၍ နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲ လေးခု တိုးမြှင့်တည်ဆောက်ခြင်းနှင့် ပတ်သက်၍ လိုအပ်သော မြေဧရိယာနှင့် ရွာမြေများ ထိခိုက်မှုမရှိရေး စိစစ်ဆောင်ရွက်သည်။

ထို့နောက် မြင်းလွတ်မြို့-ဂျင်းတော-သပြေတော-ဥဒေါင်း-မောင်တော လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာပြီး မီးလောင်ခဲ့သည့် ကျေးရွာများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့သူကြီးကျေးရွာသို့ ရောက်ရှိကြပြီး နယ်မြေလုံခြုံရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သော အဖွဲ့သည် ကြိမ်ချောင်းကျေးရွာသို့ ရောက်ရှိကြပြီး ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် တည်ဆောက်ထားသည့် အိမ်ရာများကို ကြည့်ရှုစစ်ဆေးကြသည်။

ပြည်ထောင်စုဝန်ကြီးများနှင့်အတူ အဖွဲ့ဝင်များအဖြစ် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ် မျိုးဆွေဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် ဟိန္ဒူဘာသာဝင် အမျိုးသမီးများအား မောင်တောဒေသ၌ ရောက်ရှိနေသည့် ပြည်တွင်း ပြည်ပမီဒီယာအဖွဲ့ တွေ့ဆုံမေးမြန်း

**မောင်တော မတ် ၁၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် ဟိန္ဒူဘာသာဝင်အမျိုးသမီးများအား မောင်တောဒေသတွင် ရောက်ရှိနေသည့် ပြည်တွင်း ပြည်ပမီဒီယာများက မတ် ၁၇ ရက် ညပိုင်းတွင် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ တွေ့ဆုံမေးမြန်းခဲ့သည်။

ခမောင်းဆိပ်ကျေးရွာမှ မဖော်မီလာက "အဲဒီနေ့က မနက် ၈ နာရီနဲ့ ၉ နာရီကြားမှာ အကြမ်းဖက်သမားတွေ ကျွန်မတို့အိမ်ကိုဝင်လာတယ်၊ လက်ကိုကြိုးတုပ်တယ်၊ မျက်စိပိတ်တယ်၊ အားလုံးကို တန်းစီပြီး ထိုင်ခိုင်းထားတယ်၊ တုတ်တွေနဲ့ ရိုက်တယ်၊ အမျိုးသားတွေကိုသတ်ပြီးတော့ ကျွန်မတို့ဆီက ရွှေတွေ၊ ငွေတွေ တောင်းတယ်၊ အဲဒါတွေသိမ်းပြီးတော့ အားလုံးကို တောထဲကို ခေါ်သွားတယ်၊ ကျွန်မတို့ မိန်းကလေး ရှစ်ယောက်ကို တဲထဲမှာ ထိုင်ခိုင်းတယ်၊ သူတို့က ကျွန်မတို့ဘာသာရေးကို စော်ကားမှုတွေ ပြောပါတယ်၊ ငါတို့ဘာသာကို ဝင်မလား၊ ငါတို့ကို ယူမလား ဆိုပြီးမေးတယ်၊ ကျွန်မတို့လည်း တခြားသူတွေလို အသတ်ခံရမှာ ကြောက်လို့ သူတို့ကို ယူလိုက်ရတယ်။

**နှိပ်စက်စော်ကားခြင်းခံခဲ့ရ**

"ကျွန်မတို့ဝတ်စုံတွေကို ချွတ်ခိုင်းပြီး သူတို့ဘာသာဝင်တွေ ဝတ်တဲ့ပုံစံအတိုင်း ဝတ်ခိုင်းပါတယ်၊ နောက်တော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ခေါ်သွားဖို့ လုပ်တယ်၊ နောက်တစ်နေ့ မနက် ၁၁ နာရီလောက် ဟိုဘက်ကမ်းကို ရောက်သွားတယ်၊ ဟိုကိုရောက်သွားတော့ သူတို့ဘာသာဝင်အမျိုးသမီးတွေရဲ့နှိပ်စက်စော်ကားခြင်းကိုလည်း ခံခဲ့ရပါတယ်၊ ကျွန်မတို့အဖွဲ့က သူတို့အမျိုးသမီးတွေရဲ့ စော်ကားခြင်းမခံရအောင် ငါတို့က နင်တို့ဘာသာထဲဝင်လာတာမို့ ချစ်ခင်စွာနေကြရအောင်လို့ ပြောထားရပါတယ်၊ နောက်ပြီး အကြမ်းဖက်အဖွဲ့က မီဒီယာတွေရှေ့မှာ နင်တို့ ရွာသားတွေနဲ့ အမျိုးတွေကို ဘယ်သူသတ်သလဲလို့မေးရင် ရခိုင်တိုင်းရင်းသားတွေနဲ့ စစ်တပ်ကသတ်တယ်လို့ ပြောဖို့ ခြိမ်းခြောက်ပြီး ပြောခိုင်းပါတယ်၊ မပြောရင် နင်တို့လည်းအသတ်ခံရမယ်လို့ ပြောပါတယ်၊ ဒါကြောင့် မီဒီယာတွေကို သူတို့ပြောခိုင်းတဲ့အတိုင်း ပြောလိုက်ရပါတယ်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် ဟိန္ဒူဘာသာဝင် အမျိုးသမီးများအား မောင်တောဒေသ၌ ရောက်ရှိနေသည့် ပြည်တွင်း ပြည်ပမီဒီယာအဖွဲ့ တွေ့ဆုံမေးမြန်းကြစဉ်။

"နောက်တစ်ရက်ညမှာ အဲဒီမှာရှိတဲ့ ဘာဘူဆိုတဲ့ လူဆီခေါ်သွားတယ်၊ အဲဒီအချိန်မှာ သူတို့ဘာသာဝင် တစ်ထောင်ကျော်လောက်က ကျွန်မတို့အဖွဲ့ကို သတ်ဖို့ဆိုပြီး တောင်းဆိုနေပါတယ်၊ အဲဒီအချိန်မှာ ဘာဘူဆိုတဲ့လူက အဲဒီလိုသတ်ရင် သက်ဆိုင်ရာကို တိုင်မယ်လို့ ပြောလိုက်တယ်၊ အဲဒီမှာ ကျွန်မတို့ တစ်လနဲ့ ငါးရက်နေရပါတယ်၊ ကျွန်မတို့ကို ဘင်္ဂလားဒေ့ရှ်မှာ နေမလားလို့ မေးတယ်၊ ကျွန်မတို့ ဘာသာတရားထုံးစံအရ နေထိုင်ကြီးပြင်းစားသောက်ခဲ့ရတဲ့ မြေပေါ်မှာပဲ နေမယ်လို့ ပြောလိုက်ပါတယ်၊ ကျွန်မတို့ကို ရခိုင်ပြည်နယ်က အစိုးရအဖွဲ့အစည်းတွေ၊ တိုင်းရင်းသားတွေက ဘာမှလုပ်တာမဟုတ်ပါဘူး၊ အကြမ်းဖက်သမားတွေကြောင့်ပဲ ကျွန်မတို့ ဒုက္ခရောက်ခဲ့ရတာပါ၊ ဒါကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ မနေဘဲ မြန်မာနိုင်ငံကိုပဲ ပြန်သွားဖို့ ဆန္ဒရှိတယ်လို့ ပြောလိုက်တာပါ၊ ဟိန္ဒူဘာသာရေးခေါင်းဆောင်တွေ ကူညီပေးလို့ စက်တင်ဘာလ ၂၇ ရက်နေ့မှာ မြန်မာနိုင်ငံကို ပြန်လည်ရောက်ရှိလာတာပါ၊ ဒီမှာစားဝတ်နေရေးအတွက် အဆင်ပြေအောင်လုပ်ပေးထားပါတယ်၊ အခု ကျွန်မမှာ ဆွေမျိုးသားချင်းတွေ တစ်ယောက်မှ မရှိတော့ပါဘူး၊ သားလေး တစ်ယောက်ပဲ ရှိပါတယ်၊ ကိုယ့်အိမ်မှာ ဆွေမျိုးသားချင်းတွေနဲ့ အတူ ပျော်ရွှင်အေးချမ်းစွာနေချင်ပါတယ်"ဟု ပြောသည်။

**ပြန်လည်ခေါ်ယူခဲ့**

မောင်တောဒေသရှိ ဟိန္ဒူဘာသာရေးခေါင်းဆောင် ဦးနီမောင်က "ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အကြမ်းဖက်သမားတွေ ခေါ်ဆောင်သွားတဲ့ ဟိန္ဒူဘာသာဝင် အမျိုးသမီး ၁၀ ဦး သတင်းကို လူမှုကွန်ရက်စာမျက်နှာ (facebook) ကနေတစ်ဆင့် တွေ့ရှိခဲ့တာ ဖြစ်ပါတယ်၊ တွေ့တွေ့ချင်း သက်ဆိုင်ရာကို ကျွန်တော် အကြောင်းကြားပါတယ်၊ သူတို့ကို ပြန်ခေါ်လာရမလားလို့ပြောတော့ သက်ဆိုင်ရာကလည်း ခွင့်ပြုတဲ့အတွက် သူတို့ ၁၀ ဦးကို ဘင်္ဂလားဒေ့ရှ်ဘက်က ဟိန္ဒူဘာသာရေးခေါင်းဆောင်နဲ့ ချိတ်ဆက်ပြီး ပြန်လည်ခေါ်ယူခဲ့တာ ဖြစ်ပါတယ်၊ အစိုးရအဖွဲ့ကလည်း ကူညီပေးပါတယ်။

"မောင်တောဒေသမှာ ဟိန္ဒူဘာသာဝင်ဦးရေက ၁၂၀၀ ကျော် ၁၃၀၀ ခန့် ရှိပါတယ်၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်မှာ ကျွန်တော်တို့ ဟိန္ဒူဘာသာဝင် ၄၀၀ ကျော် ကျန်ရှိနေပါသေးတယ်၊ ကျန်ရှိနေတဲ့သူတွေကိုလည်း ပြန်လည်ခေါ်ယူချင်ပါတယ်၊ ဘင်္ဂလားဒေ့ရှ်က ပြန်လည်ရောက်ရှိလာတဲ့ အမျိုးသမီး ၁၀ ဦးနဲ့ ကလေး ၁၆ ယောက် ပါလာပါတယ်၊ သူတို့ကို ပြည်တွင်း ပြည်ပသတင်းမီဒီယာတွေက အင်တာဗျူးတွေလုပ်တယ်၊ သူတို့ကလည်း အမှန်တရားတွေပဲ ပြောပါတယ်၊ ဟိန္ဒူဘာသာဝင်တွေ တကယ်ခံရတာကို အမှန်တွေပဲပြောတော့ တချို့တွေက လုပ်ကြံပြောဆို တယ်ဆိုပြီး ဖုန်းနဲ့ ခြိမ်းခြောက်မှုတွေ အမျိုးမျိုး ခံခဲ့ရပါတယ်။

"ဒါပေမယ့် ကျွန်တော်တို့ကတော့ ဘယ်မီဒီယာနဲ့တွေ့တွေ့ အမှန်တရားတွေပဲ ပြောပါတယ်၊ ပြန်လာတဲ့ အမျိုးသမီးတွေကိုလည်း အရင်က စစ်တွေမှာတော့ အစိုးရအဖွဲ့အစည်းတွေ၊ ပရဟိတအဖွဲ့တွေ၊ ဘုန်းတော်ကြီးတွေနဲ့ အလှူရှင်တွေကြောင့် ပြည့်ပြည့်စုံစုံရှိခဲ့ပါတယ်၊ ဒီဘက် ဘူးသီးတောင်ကို ရောက်လာတော့ နောက်ပိုင်းလှူဒါန်းမှုတွေ သုံးလေးခေါက်လောက်ပဲရပါတော့တယ်၊ သူတို့ကို အပြင်မှာထားရင် အသက်အန္တရာယ်ရှိတဲ့အတွက် camp ထဲမှာပဲ ထားပါတယ်၊ သူတို့တွေ လုံခြုံအောင် ဘာသာရေးအဖွဲ့တွေကလည်း စောင့်ရှောက်ထားပါတယ်။

"နောက်ပြီး ကျွန်တော်တို့ ဟိန္ဒူဘာသာဝင် ၁၀၂ ဦး အကြမ်းဖက်သမားတွေရဲ့သတ်ဖြတ်ခြင်းကို ခံခဲ့ရပါတယ်၊ အဲဒီလိုတွေ နောက်ထပ်မဖြစ်အောင် အစိုးရအနေနဲ့ ကူညီပေးစေလိုပါတယ်၊ အခုလို ပြည်တွင်း ပြည်ပမီဒီယာတွေ လာရောက်မေးမြန်းတဲ့အတွက် အမှန်တရားတွေကို ပြောပြလိုက်ရတဲ့အတွက်ကြောင့် ကျေးဇူးတင်ပါတယ်"ဟု ပြောပြခဲ့သည်။

**သတင်း-ကျော်သူဝင်း၊ အေးမင်းသူ**

# ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး နေထိုင်သူများအား တွေ့ဆုံသတင်းရယူ



**စစ်တွေ မတ် ၁၈**

ပြည်တွင်း ပြည်ပ သတင်းသမားများ ပါဝင်သော သတင်းမီဒီယာအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် တောင်ပြိုလက်ဝဲ မြို့နယ်ရှိ ယာယီလက်ခံရေးစခန်းသို့ ရောက်ရှိကြသည်။

သတင်းမီဒီယာအဖွဲ့အား ယာယီလက်ခံရေးစခန်း ရှင်းလင်းဆောင်၌ စခန်းတာဝန်ခံ မောင်တောခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထူးက စခန်းအတွင်း ကြိုတင်ပြင်ဆင်ထားမှုများ၊ စိစစ်လက်ခံရေးအတွက် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်အဖွဲ့အား စုဖွဲ့ထားရှိမှု၊ ပြန်လည် ဝင်ရောက်လာသူများအား လူသားချင်းစာနာမှုအကူအညီများ ပံ့ပိုးပေးသွားမည့် အခြေအနေများနှင့် စခန်းတည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုကို ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် သတင်းမီဒီယာအဖွဲ့ဝင်များသည် စခန်းအတွင်းရှိ ပြန်လည်ဝင်ရောက်လာသူများ ခေတ္တတည်းခိုမည့် အိပ်ဆောင်များ၊ စိစစ်လက်ခံရေးအဖွဲ့များ၏ ရုံးခန်းများ ဖွင့်လှစ်ထားမှုနှင့် နှစ်နိုင်ငံ နယ်စပ်တံတားတို့ကို ကြည့်ရှုသတင်းရယူကြသည်။

ထို့ပြင် မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီးတွင် နေထိုင်ကြသူများအား သွားရောက်တွေ့ဆုံ၍ ၎င်းတို့၏ ရောက်ရှိနေထိုင်မှုနှင့် မြန်မာနိုင်ငံ အတွင်းသို့ ပြန်လည်ဝင်ရောက်ရေး အပါအဝင် သိရှိလိုသည်များကို လွတ်လပ်စွာ မေးမြန်းသတင်းရယူကြသည်။

မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ်ရှိ အင်းဒင်ကျေးရွာသို့ ရောက်ရှိကြပြီး အကြမ်းဖက်ခံခဲ့ရမှုဖြစ်စဉ်နှင့် ပတ်သက်၍ ဒေသခံများအား လွတ်လပ်စွာမေးမြန်းသတင်းရယူကြသည်။

ညနေပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **သူရဇော်**

# ကျောက်တော်မြို့၌ မြို့အမျိုးသားနေ့ ကျင်းပ

**မြောက်ဦး မတ် ၁၈**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့နယ် လမ္ဘာတော်ကျေးရွာ၌ မြို့အမျိုးသားနေ့ကို ကျင်းပရာတွင် သဘာပတိ ဦးအောင်လှထွန်းနှင့် လမ္ဘာတော်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြိုင်တို့က အမှာစကား ပြောကြားခဲ့ကြသည်။

ထို့နောက် မြို့အမျိုးသား ဦးမောင်ဇံအောင်က မြို့တိုင်းရင်းသားများ၏ နောက်ခံသမိုင်းနှင့် မြို့လူမျိုးများ ဖြစ်ပေါ်လာပုံကို လည်းကောင်း၊ မြို့အမျိုးသမီး မစုမွန်ထွန်းက မြို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ရန်ကုန်)မှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားရာတွင် ယနေ့အချိန်အခါသည် မြို့တစ်မျိုးသားလုံး၏ နောက်ခံသမိုင်းကြောင်း၌ စည်းလုံးညီညွတ်စွာ ဂုဏ်သိက္ခာရှိစွာဖြင့် ထွန်းလင်းတောက်ပြောင်ခဲ့သော မင်္ဂလာရှိသောနေ့တစ်နေ့ဖြစ်ပါကြောင်း၊ မြို့လူမျိုးတို့သည် သစ္စာတရား၊ မေတ္တာတရား၊ သံယောဇဉ်တရားများဖြင့် ချစ်ချစ်ခင်ခင် ဘဝရှင်သန်လာခဲ့ကြသည်မှာ အတိတ်သမိုင်း၏ ကောင်းမြတ်သော ဝိသေသလက္ခဏာများကြောင့်သာ ဖြစ်ကြောင်းနှင့် မြို့အမျိုးသားများ အနေဖြင့် ပိုမိုစည်းလုံးညီညွတ်ကြပြီး နိုင်ငံတော်အရေး၊ ပြည်နယ်ဒေသအရေး၊ အမျိုးသားရေးတို့ကို အခြား ညီနောင်တိုင်းရင်းသားပြည်သူများနှင့် လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့အမျိုးသားနေ့အခမ်းအနား ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းလှခိုင်က ကျေးဇူးတင်စကားပြောကြားကာ မြို့တိုင်းရင်းသား လူငယ်မောင်မယ်များက တေးသီချင်း၊ အကအလှများဖြင့် ဖျော်ဖြေခဲ့ပြီးအခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောက်တော်၊ မြောက်ဦး၊ ပလက်ဝနှင့် ဘူးသီးတောင်မြို့နယ်များမှ ဖိတ်ကြားထားသော မြို့တိုင်းရင်းသူ/သားများ တက်ရောက်ခဲ့သည်။ အဆိုပါ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ကျင်းပခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြိတ်မြို့၌ ပထမအကြိမ် မြိတ်ပုလဲမြေ L.J.LED မီးအလှပြပွဲတော် ကျင်းပ

**မြိတ် မတ် ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရေပုန်းရပ် ကမ်းနားလမ်း သဲကွင်း၌ ပထမအကြိမ် မြိတ်ပုလဲမြေ L.J. LED ကမ္ဘာ့မီးအလှပြပွဲတော်ကို မတ် ၁၇ ရက် ည ၆ နာရီက ဖွင့်လှစ်ခဲ့ရာ ဒေသခံပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးလင်းကိုကို၊ မြိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးနှင့် L.J ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးရဲမြင့်တို့က မီးအလှပြပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက မြိတ်ပုလဲမြေ LED မီးအလှပြပွဲတော် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ခရိုင် အုပ်ချုပ်ရေးမှူး ဦးလင်းကိုကို၊ မြိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး တင်ထွန်း၊ မြိတ်ခရိုင် မီးသတ်ဦးစီးမှူး ဦးဇော်ဝင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ L.J ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးရဲမြင့်တို့က မြိတ်ပုလဲမြေ LED ရောင်စုံမီးအလှပွဲတော်တွင် ရောင်စုံမီးအလှများဖြင့် ပြင်ဆင်ပုံဖော်ထားရှိမှုများ ကြည့်ရှုကြသည်။ **(အောက်ဝဲပုံ)**



အဆိုပါမီးအလှပြပွဲကို မတ် ၁၇ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မီးအလှပြပွဲတွင် LED မီးလုံးပေါင်း သန်း ၂၀၀ ကျော်ဖြင့် မြန်မာနိုင်ငံတော် မြေပုံ၊ ဖူဂျီမီးတောင်ပုံ၊ ပဲရစ်မျှော်စင်ပုံ၊ နှင်းဆီပန်းခင်း၊ လပြည့်ဝန်းပုံ၊ အသည်းပုံလျှောက်လမ်း၊ မြန်မာ့တူရိယာစောင်း၊ ပတ္တလားပုံများ၊ ဆွမ်းအုပ်ပုံများ၊ ဂီတာ၊ မျက်မှန်၊ စန္ဒရား၊ လိပ်ပြာ၊ သင်္ဘော၊ မုတ်ကောင်နှင့် ပုလဲ၊ ရေသတ္တဝါပုံများကို ရောင်စုံမီးအလှများဖြင့် ပြင်ဆင်ပုံဖော်ထားကြောင်း သိရသည်။

မီးအလှပြပွဲကို လူကြီး တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၊ ကလေးတစ်ဦးလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် လည်းကောင်း ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပြီး ရဟန်းသံဃာများ၊ သီလရှင်များ၊ အသက်ငါးနှစ်အောက်ကလေးငယ်များ၊ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းပုဂ္ဂိုလ်များအနေဖြင့် အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# ဖားကန့် မြေစာပုံပြိုကျမှုတွင် ပျောက်ဆုံးနေသူများအား ရှာဖွေမှု ခေတ္တရပ်နားထား

**ဖားကန့် မတ် ၁၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ကံခါစုပေါင်းမြေစာပုံ ရုတ်တရက်ပြိုကျခဲ့မှုဖြစ်ခဲ့ရာ အဆိုပါမြေစာပုံအတွင်း သေဆုံးသူ ရုပ်အလောင်းများအား ရှာဖွေတူးဖော်နေမှုကို ရာသီဥတုအခြေအနေအရ ခေတ္တရပ်နားထားကြောင်း သိရသည်။

အဆိုပါမြေစာပုံမှာ ကျောက်စိမ်းတောင်ကုမ္ပဏီမှ စွန့်ပစ်မြေစာပုံဖြစ်ပြီး ယင်းမြေစာပုံပြိုကျမှုတွင် ပျောက်ဆုံးသူ လေးဦးရှိနေပြီး မတ် ၁၇ ရက် ညက မိုးသည်းထန်ပြီး မိုးသီးများကြွေကျမှုဖြစ်ကာ မြေနေရာအား ရှာဖွေရန် အခက်အခဲများရှိနေသောကြောင့် ခေတ္တရပ်နားထားခြင်းဖြစ်ကြောင်း ဖားကန့်မြို့ ဒေသခံတစ်ဦးဖြစ်သူ ဦးခွမ်းနောင်က ဆိုသည်။

ယခုမြေစာပုံပြိုကျသည့်နေရာသည် ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းကလည်း ပြိုကျမှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ လူဦးရေ ၁၁၄ ဦး ရှိခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

၁။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများအနေဖြင့် နေ့လယ်၊ နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ။

၂။ ပူပြင်းသော နေရောင်အောက်တွင် ပင်ပန်းစွာ အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

၃။ ပူပြင်းသည့် နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ။

၄။ အလင်းပြန်သော အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

၅။ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ။

၆။ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

၇။ ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

၈။ မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ဗန်းမောက်မြို့နယ် ဒေသခံများက တစ်နိုင်တစ်ပိုင်ရွှေတူးဖော်မှု တရားဝင်ခွင့်ပြုချက်ရရန် လိုလားနေ

**ဗန်းမောက် မတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်ရှိ ဒေသခံများက တစ်နိုင်တစ်ပိုင် ရွှေတူးဖော်မှု တရားဝင်ခွင့်ပြုချက် ရရန် လိုလားနေကြောင်း ဗန်းမောက်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းရွှေက ပြောသည်။

"ခုလည်း တစ်နိုင်တစ်ပိုင်တော့ တူးနေကြတာပဲ၊ ဒါပေမယ့် တရားဝင်လုပ်ခွင့်ရတာမဟုတ်တော့ ဒေသခံတွေအတွက် အခက်အခဲတွေ ဖြစ်နေတယ်၊ လိုက်ပြီးတော့ ကြီးကြပ်လိုက်ပြီဆိုရင်လည်း ဒေသခံတွေပဲ နစ်နာမယ်၊ ဒီအတိုင်း လွှတ်ထားရင်လည်း ကုမ္ပဏီလုပ်ကွက်တွေထဲဝင်ပြီး ရွှေတူးဖော်မှုတွေ ရှိလာတယ်၊ တစ်နိုင်တစ်ပိုင် ရွှေတူးဖော်ဖို့အတွက် နေရာတစ်ခုချထားပေးပြီးတော့ ကြီးကြပ်ဖို့ လိုအပ်ပါတယ်" ဟု ၎င်းက ပြောသည်။

**တစ်နိုင်တစ်ပိုင် ရွှေတူးဖော်**

ဗန်းမောက်မြို့နယ် ဒေသခံများသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး လယ်ယာနားချိန်တွင် တောင်ပေါ်တက်ကာ တစ်နိုင်တစ်ပိုင် ရွှေတူးဖော်ခြင်း လုပ်ငန်းများ လုပ်ကိုင်ကြကြောင်း၊ ဟင်းသီးဟင်းရွက်များ ရှာဖွေစားသောက်ကြကြောင်း မံကပ်ကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

ထိုသို့ တစ်နိုင်တစ်ပိုင် ရွှေတူးဖော်မှုများအတွက် လုပ်ကွက်များ ချထားပေးရန် တိုင်းဒေသကြီးအစိုးရမှ ပြည်ထောင်စုသို့ တင်ပြထားပြီးဖြစ်သည်ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံက ပြောကြားခဲ့ကြောင်း ဦးဝင်းရွှေက ဆက်လက်ပြောကြားသည်။

ဗန်းမောက်မြို့နယ်တွင် ရွှေတူးဖော်ရေး ကုမ္ပဏီလုပ်ကွက် ၃၀ ကျော်ရှိပြီး အကြီးစား ရွှေတူးဖော်ရေး ကုမ္ပဏီများမှာ ထာဝရ၊ အေးအေးခိုင်၊ ဆုထူးပန်စသည့်ကုမ္ပဏီတို့ဖြစ်ကြပြီး ကျန်ကုမ္ပဏီများမှာ အသေးစား ရွှေတူးဖော်ရေး ကုမ္ပဏီများသာ ဖြစ်ကြောင်း သိရသည်။

သို့သော် ရွှေသတ္တု တူးဖော်ရေး ကုမ္ပဏီများ ဝင်ရောက် တူးဖော်နေပြီးနောက်တွင် ဒေသခံ တစ်နိုင်တစ်ပိုင် ရွှေတူးဖော်နေသူများမှာ ရွှေသတ္တုထွက်ရှိရာ တောင်ပေါ်သို့ပင် တက်ရောက်ခွင့်မရတော့ကြောင်း မံကပ်ရွာ ဒေသခံတစ်ဦးက ပြောသည်။

**ကွင်းဆင်းလေ့လာခဲ့**

ရွှေသတ္တု တူးဖော်ရေးလုပ်ကွက်များရှိရာ ဗန်းမောက်မြို့နယ်သို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် သယံဇာတရေးရာကော်မတီနှင့် စစ်ကိုင်းတိုင်းဒေသကြီး MATA အဖွဲ့တို့ ပူးပေါင်းကာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်းက ကွင်းဆင်းလေ့လာခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# သန်လျင်ကမ်းနား(ဆိပ်ဟောင်း)မှ အုတ်၊ သဲ၊ ကျောက် လုပ်ငန်းရှင်များအား ဒေသခံပြည်သူများက ဆန္ဒထုတ်ဖော်

**သန်လျင် မတ် ၁၈-** သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက် (ဆိပ်ဟောင်း)ရှိ အုတ်၊ သဲ၊ ကျောက်လုပ်ငန်း ရှင်များအား အဆိုပါ ဗိုလ်ချုပ်နေဝင်းလမ်းရှိ ဒေသခံပြည်သူများက ဆန္ဒဖော်ထုတ်ပွဲ ကို မတ် ၁၈ ရက် နံနက် ၈ နာရီ မှစ၍ ဗိုလ်ချုပ်နေဝင်းလမ်းမကြီးအတိုင်း သန်လျင်မြို့မ ဈေးအားပတ်၍ မြို့မဘောလုံးကွင်း၌ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အဆိုပါ ဒေသခံပြည်သူများအနေဖြင့် အုတ်၊ သဲ၊ ကျောက်ယာဉ်များ ဖြတ်သန်း မောင်းနှင်မှုကြောင့် ဖုန်၊ သဲ အမှုန်နှင့် ဆူညံမှုများရှိကြောင်း ဆန္ဒဖော်ထုတ်ရာတွင် ပါဝင်သူတစ်ဦးက ပြောသည်။ ဆန္ဒဖော်ထုတ်ပွဲကို လူ ၆၀ ခန့်ဖြင့် နံနက် ၈ နာရီမှ ၉ နာရီခွဲအထိ သက်ဆိုင်ရာ၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သက်ခိုင်(သန်လျင်)**

# ကသာမြို့ပေါ်၌ လက်ပစ်ဗုံးနှစ်လုံးတွေ့ရှိ

**ကသာ မတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ အမှတ် ၆ ရပ်ကွက်အတွင်း၌ မတ် ၁၃ ရက်ည ၈ နာရီက လက်ပစ်ဗုံးနှစ်လုံး တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၃ ရက် ည ၈ နာရီခန့်က ကသာမြို့အမှတ် ၆ ရပ်ကွက် မိုင်ကုန်းရပ် အခွန်ရုံးဘေးရှိ လမ်းသွယ်ချုံအတွင်းမှ လက်ပစ်ဗုံးတွေ့ရှိရကြောင်း သတင်းအရ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်အောင်၊ စခန်းမှူး ဒုရဲမှူး ဉာဏ်ထွန်းနှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် နယ်မြေခံတပ်မှ ဗိုလ်ကြီးနေလင်းဦးအဖွဲ့နှင့် ပူးပေါင်း၍ သွားရောက်စစ်ဆေးခဲ့ရာ လမ်းသွယ်ဘေးချုံအတွင်းမှ အမျိုးအမည်မသိ လက်ပစ်ဗုံးနှစ်လုံးကို စနက်တံတပ်ဆင်လျက်(သက်ရှိ)တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ လက်ပစ်ဗုံးနှစ်လုံးအား နယ်မြေခံတပ်သို့ သယ်ဆောင်အပ်နှံထားကြောင်း သိရပြီး လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာ မရရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**



# ဥက္ကံမြို့နယ်တွင် ပေါင်းသတ်ဆေးဖျန်းစဉ် ဆေးရည်မထွက်၍ ပိုက်ခေါင်းအား ပါးစပ်ဖြင့်စုပ်ရာ အဆိပ်သင့်သေဆုံး

**တိုက်ကြီး မတ် ၁၈**

တိုက်ကြီးမြို့နယ် ဥက္ကံမြို့၌ ပေါင်းသတ်ဆေးဖျန်းစဉ် ဆေးရည်များမထွက်၍ ပိုက်ခေါင်းအား ပါးစပ်ဖြင့် စုပ်ယူရာ ဆေးရည်များ ဝမ်းဗိုက်ထဲရောက်၍ ရန်ကုန်ဆေးရုံကြီး၌ ဆေးကုသစဉ် မတ် ၁၆ ရက် ည ၉ နာရီက သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ဥက္ကံမြို့ ဗန္ဓုလရပ်ကွက် အောင်သုခလမ်းနေ မပြည့်ဇာခြည်(၂၃နှစ်)သည် မတ် ၂ ရက် သီးနှံပင်များအား အမ်မိုဇုန်း ပေါင်းသတ်ဆေးဖျန်းစဉ် ပိုက်မှ ပိုးသတ်ဆေးရည်မထွက်၍ ပါးစပ်နှင့် စုပ်ယူရာမှတစ်ဆင့် ပေါင်းသတ်ဆေးရည်များ ဝမ်းဗိုက်တွင်းဝင်သွားသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသနေစဉ် မတ် ၁၆ ရက် ည ၉ နာရီက သေဆုံးသွားကြောင်း သိရှိရပြီး အမှုအား ရဲစခန်းမှ သေမှုသေခင်းဖွင့် ထားရှိကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# စလင်းမြို့နယ်အတွင်း ကြက်တိုက်လောင်းကစားသူများကို ဖမ်းဆီး

**စလင်း မတ် ၁၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်းရဲစခန်းအပိုင် ညောင်ပင်ကျေးရွာအုပ်စု ညောင်ပင်ကျေးရွာနှင့် သုံးမိုင်အကွာ ယာပျက်တွင် မတ် ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့် ဂျင်နှင့် ကြက်တိုက်လောင်းကစားသူများကို ဖမ်းဆီးခဲ့သည်။

ဖြစ်စဉ်မှာ နေပြည်တော်မှုခင်းတပ်ဖွဲ့မှ ဒုရဲမှူး ထွန်းထွန်းဝင်းနှင့်အဖွဲ့၊ မကွေးတိုင်းဒေသကြီး မှုခင်းတပ်ဖွဲ့ခေတ္တတပ်ဖွဲ့စုမှူး ဒုရဲမှူးချစ်မောင်နှင့်အဖွဲ့၊ စလင်းမြို့ မြို့နယ်မှူး ရဲမှူး တင်ထွန်းနှင့်အဖွဲ့ဝင်များ ပူးပေါင်း၍ စလင်း-ဆိတ်ဖြူသွားကားလမ်း ကုက္ကိုတန်းကျေးရွာ၏အနောက် လေးမိုင်ခန့်အကွာ ညောင်ပင်ကျေးရွာအနီး ကျော်မွေး၏ ယာခင်းပျက်တွင် ဂျင်နှင့် ကြက်တိုက် လောင်းကစားနေသူများအား ဝင်ရောက်ဖမ်းဆီးရာ လောင်းကစားဒိုင်သန်းနိုင်နှင့် အောင်နိုင်ဦးတို့အား ကြက်တိုက်ဂျင် လောင်းကစားဆက်စပ်များ လောင်းကစားငွေကျပ် ၂၂၀၀၀၀၊ တိုက်ကြက်ဖ တစ်ကောင်နှင့်အတူ ဆိုင်ကယ် ၇၂ စီးတို့အား သိမ်းဆည်းရမိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# မြစ်ကြီးနားမြို့မြေမြင့်ရပ်ကွက်ရှိ လျှပ်စစ်ထရန်စဖော်မာ မီးလောင်


**မြစ်ကြီးနား မတ် ၁၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြေမြင့်ရပ်ကွက်တွင် မတ် ၁၈ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က ရပ်ကွက်အတွင်း တပ်ဆင်ထားသည့် လျှပ်စစ်ထရန်စဖော်မာ မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြေမြင့်ရပ်ကွက်ရှိ လျှပ်စစ်ထရန်စဖော်မာတွင် တပ်ဆင်ထားသည့် ၄၀၀ ဗို့ သစ်သားဘုတ်ခုံ၌ Lose Connection ဖြစ်ကာ မီးလောင်ခဲ့သဖြင့် မြစ်ကြီးနားခရိုင် မီးသတ်ဦးစီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူ ဦးစီး မီးငြိမ်းသတ်ယာဉ် ခြောက်စီး၊မီးသတ်ရေသယ်ယာဉ် တစ်စီး၊သန္နေမီးသတ်တပ်ဖွဲ့ဝင် ၄၅ ဦးဖြင့် မီးငြိမ်းသတ်ခဲ့ရာ ၁၁နာရီ ၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် သစ်သားဘုတ်ခုံတစ်ခုသာလျှင် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



# ကျောက်စိမ်းခွဲခြမ်းများနှင့် ကျောက်ပုတီးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး အကောက်ခွန်မှူးရုံးမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၇ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က သတင်းအရ မတ္တရာမြို့နယ် မန္တလေး-မိုးကုတ်ကားလမ်း မိုင်တိုင်အမှတ် ၂၄/၅-၆ ကြား တံငါတောင်ကျေးရွာ ဘောင်ကြီးတံတားအနီး၌ စောင့်ဆိုင်းနေစဉ် မန္တလေးဘက်မှ မိုးကုတ်ဘက်သို့ ရှမ်းပြည်နယ် ကျောက်မဲမြို့အမှတ်(၉)ရပ်ကွက်နေ စိုင်းကျော်ရဲအောင်(၂၀နှစ်) မောင်းနှင်လာသည့် 9J/---- TOYOTA VIGO ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်နောက်ခန်း၌ သိုဝှက်သယ်ဆောင်လာသော ကျောက်စိမ်းခွဲခြမ်းဆိုဒ်စုံ ၅၂၈ ကီလိုဂရမ်နှင့် ကျောက်ပုတီး ၄၀၀ ကီလိုဂရမ်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းကျော်ရဲအောင် အား ရေနံ့သာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မြဝတီမြို့၌ မီးသွေးအိတ်ဝယ်ယူရာမှ မီးမငြိမ်းသေးသည့် မီးသွေးခဲပါလာပြီး မီးလောင်မှုဖြစ်ပွား

**မြဝတီ မတ် ၁၈**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ဦးမြင့်အောင်၏ နေအိမ်ခြံဝင်းအတွင်း၌ အိမ်သုံးရန် မီးသွေးအိတ်ဝယ်ယူရာမှ မီးမငြိမ်းသေးသည့် မီးသွေးခဲပါလာပြီး မီးသွေးလှောင်ဂိုဒေါင်တစ်လုံး မီးလောင်မှု မတ် ၁၈ ရက် နံနက် ၈ နာရီခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာနေရာသို့ ခေတ္တမြို့မရဲစခန်းမှူး ရဲအုပ်ဝင်းကြိုင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ အရန်မီးသတ် ဒုတပ်ခွဲမှူး ဦးအောင်စိုးနှင့် အဖွဲ့ဝင်များ၊ ပြည်သူလူထုများမှ မီးသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါခြံရှင် ဦးမြင့်အောင်မှ မတ် ၁၇ ရက်က အိမ်သုံးရန် မီးသွေး ၁၅ အိတ်ဝယ်ယူခဲ့ပြီး အိမ်အနောက် မီးသွေးလှောင်ဂိုဒေါင်အတွင်း သိုလှောင်ထားခဲ့ရာ မီးသွေးအိတ်အတွင်း မီးမငြိမ်းသေးသည့် မီးသွေးခဲပါလာရာမှ မီးကူးစက်လောင်ခြင်းဖြစ်ကြောင်း စစ်ဆေးချက်များအရ သိရသည်။

သို့ဖြစ်၍ ဦးမြင့်အောင် (၆၀နှစ်)အား မြဝတီမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မူဆယ်သွားမည့် ခရီးသည်တင်ယာဉ်များပေါ်မှ ပိတောက်တုံးနှင့် ကျောက်စိမ်းတုံးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ မတ် ၁၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မူဆယ်သို့ သွားရောက်မည့် ခရီးသည်တင် မော်တော်ယာဉ် လေးစီးတို့အား မသင်္ကာဖွယ် တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်၏နောက်ကြမ်းခင်းတို့တွင် အံဝှက်ပြုလုပ်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခေါင်းရှေ့သစ် ၁၀၁ တုံး၊ ၂ ဒသမ ၉၃၆၄ တန်၊ ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးဆိုဒ်စုံ ၆၇၁ တုံး၊ ၈၆၁ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် လေးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၁ ဒသမ ၈၅၉ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


# ဖားကန့်မြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျေးရွာပိုင် ရေသန့်စက်ရုံနှင့် နေအိမ်သွပ်ပြားများ ပျက်စီးဆုံးရှုံး

**ဖားကန့် မတ် ၁၈**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်တွင် မတ် ၁၇ ရက်ည ၉ နာရီက ရုတ်တရက် လေပြင်းတိုက်ခတ်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာပိုင် ရေသန့်စက်ရုံနှင့် နေအိမ်အချို့မှ သွပ်ပြားများ ပျက်စီးဆုံးရှုံးခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် မော်ဝမ်းရပ်ကွက် မော်ဝမ်းကြီးကျေးရွာရှိ ကျေးရွာပိုင် ရေသန့်စက်ရုံ၏ သွပ်အချပ် ၂၀ ခန့် ပျက်စီးခဲ့ပြီး ဦးမီထွယ်နော်အောင်၏ နေအိမ်သွပ်ပြား သုံးချပ်၊ ဦးဂမ်အောင်၏ နေအိမ်သွပ်ပြား သုံးချပ် ဦးအင်ပေါ့ဂျာနော်၏ နေအိမ်မှ သွပ်အချပ် ၃၀ လေတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



# အမျိုးသားတစ်ဦးအလောင်း ကားလမ်းဘေးတွင် စွန့်ပစ်သွား

**ကျောင်းကုန်း မတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်းအုပ်စု ဆူးပဒေါင်းကွင်းရွာအနီး၌ ဒဏ်ရာများဖြင့် အမျိုးသားတစ်ဦး၏အလောင်းအား မတ် ၁၈ ရက် နံနက် ၈ နာရီ ၁၅ မိနစ်ခန့်က ကားလမ်းဘေး၌ တွေ့ရှိခဲ့ကြောင်း သိရသည်။

အမှုမှာ ဒုရဲမှူးမြင့်အောင်သည် ရဲစခန်းတွင် တာဝန်ထမ်းဆောင်နေစဉ် ဇရပ်ကွင်းအုပ်ချုပ်ရေးမှူးမှ ရန်ကုန်-ပုသိမ်ကားလမ်းဘေး ဆူးပဒေါင်းကွင်းရွာအနီး၌ ဒဏ်ရာများဖြင့် သေဆုံးနေသည့် အမျိုးသားတစ်ဦး၏ အလောင်းအား တွေ့ရှိကြောင်း အကြောင်းကြားသဖြင့် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ မိုင်တိုင်အမှတ်(၆၆/၀ နှင့် ၆၆/၁) ကြား၊ ရန်ကုန်ဘက်မှ ပုသိမ်ဘက်သို့သွားသည့် ကားလမ်းယာဘက်ခြမ်း လမ်းဘေးချောက်ထဲ၌ အသက်(၃၅နှစ်)ခန့်ရှိ အမျိုးသားတစ်ဦးသည် ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောင်းကုန်းမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားရှိကြောင်းနှင့် သိရှိသူများ ကျောင်းကုန်းရဲစခန်းနယ်ထိန်း ဖုန်း-၀၉-၅၄၁၃၉၆၇ သို့ အကြောင်းကြားပေးပါရန် နှိုးဆော်ထားကြောင်း မြို့မရဲစခန်းမှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုဖြစ်ပွား၍ သစ်ပင်လဲကျပိမိ

**နေပြည်တော် မတ် ၁၈**

မိတ္ထီလာမြို့နယ် ပြည်သာယာတောင်ရပ်ကွက်နှင့် ရတနာမာန်အောင်ရပ်ကွက်တို့တွင် မတ် ၁၇ ရက် ညနေ ၅ နာရီက လေပြင်းတိုက်၍ မိုးရွာသွန်းမှုကြောင့် သစ်ပင်လဲကျ၍ ရေချိုးခန်းကာရံထားသော ထရံနှင့် သွပ်ငါးချပ် ပျက်စီးခဲ့ကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# မန္တလေးတိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီဖလား ပထမတန်းအဆင့်ကလပ်အသင်းပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲကျင်းပ

**မန္တလေး မတ် ၁၈**

၂၀၁၈ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီဖလား ပထမတန်းအဆင့် ကလပ်အသင်းပေါင်းစုံအလွတ်တန်းဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်ပြိုင်ပွဲများကို မန္တလေးမြို့ ဗထူးအားကစားကွင်း၌ မတ် ၁၈ ရက် ညနေပိုင်းက ကျင်းပရာ မန်းစတား FC အသင်းက ကျောက်မီး FC အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပွဲဦးထွက် မတ် ၁၇ ရက်ပွဲစဉ်တွင် အောင်မြင်သူ FC အသင်းက ကမ္ဘာကျော် FC အသင်းကို ခုနစ်ဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မတ် ၁၉ ရက်တွင် Glory FC အသင်းနှင့် နိုင်စေသော်အသင်း၊ မတ် ၂၀ ရက်တွင် Shining Star အသင်းနှင့် PEAK FC အသင်း၊ ၂၁ ရက်တွင် ပုသိမ်ကြီးမြို့နယ်မှ နာမည်ကြီး သမုဒယမောင်အသင်းနှင့် ရွှေမန္တလေး(၂)အသင်း၊ ၂၂ ရက်တွင် အားသစ် FC အသင်းနှင့်မင်းတဲလူငယ်အသင်း၊ ၂၃ ရက်တွင် ကြယ်စင်စုအသင်းနှင့် MTGS FC အသင်း၊ မတ် ၂၄ ရက်တွင် Academic United FC အသင်းနှင့် ဒိုင်အိုလူငယ်အသင်း၊ မတ် ၂၅ ရက်တွင် Dragon FC အသင်းနှင့် အာရှစတားအသင်း၊ မတ် ၂၆ ရက်တွင် ကုန်စည်ဒိုင်အသင်းနှင့် MBA FC အသင်း၊ မတ် ၂၇ ရက်တွင် ချမ်းအေးသာစံအသင်းနှင့် မန်းလူငယ်အသင်း၊ မတ် ၂၈ ရက်တွင် အောင်မြင်သူအသင်းနှင့် မန်းစကားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်မှ ပြိုင်ပွဲဝင်အလွတ်တန်းကလပ်အသင်း ၂၃ သင်းတို့ ပါဝင်ကြပြီး ဧပြီ ၈ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **တင်မောင်-မန်းကိုယ်ပွား**



○ ***ကျောဖုံးမှ***

အပြိုင်ဖြစ်နေခြင်းဖြစ်သည်။ ကာဂျစ္စတန်နှင့် မြန်မာပွဲမှာ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ယှဉ်ပြိုင်ရမည့်ပွဲဖြစ်သော်လည်း လုံခြုံရေးအခြေအနေကြောင့် ရွှေ့ဆိုင်းထားခြင်းဖြစ်ပြီး အာရှဘောလုံးအဖွဲ့ချုပ်က တောင်ကိုရီးယားနိုင်ငံ အင်ချွန်းမြို့၌ ပြန်လည်ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ လက်ရှိအနေအထားအရ ကာဂျစ္စတန်အသင်းက ခုနစ်မှတ်၊ မြန်မာအသင်းက ငါးမှတ်ရထားပြီးမြန်မာအသင်းအနေဖြင့် ခြေစစ်ပွဲအောင်ရန် မျှော်လင့်ချက်အတွက် မဖြစ်မနေ အနိုင်ရရန်လိုအပ်နေသည်။ သရေကျလျှင်မူ မြန်မာအသင်းအနေဖြင့်ခြေစစ်ပွဲအောင်ခွင့် မဆုံးရှုံးသေးသော်လည်း အခွင့်အရေးနည်းသွားပြီဖြစ်သည်။ ကာဂျစ္စတန်အသင်း အနိုင်ရခဲ့လျှင် မြန်မာအသင်းမှာမူ အာရှဖလားဝင်ခွင့်မျှော်လင့်ချက်အား အဆုံးသတ်ရမည်ဖြစ်သည်။ အောက်တိုဘာတွင် ယှဉ်ပြိုင်ကစားသည့် ဒုတိယအကျော့ပွဲတွင်မူ မြန်မာအသင်းသည် အိမ်ကွင်း၌ နှစ်ဂိုးစီသရေကျခဲ့ရာ အားကုန်ထုတ်ကစားမှသာ အခြေအနေကောင်းမည် ဖြစ်သည်။

လက်ရှိဖွဲ့စည်းထားသည့် မြန်မာအသင်းတွင် အမာခံကစားသမား အစုံအလင်ပါဝင်လာပြီး လူငယ်ကစားသမားအချို့လည်း ရွေးချယ်ခံထားရသည်။ အရေးကြီးသောပွဲဖြစ်သောကြောင့် မျက်နှာသစ်ကစားသမားအချို့ပွဲထွက်ကစားခွင့်ရရန် မသေချာသော်လည်း နည်းပြချုပ် ဂက်ဖရိုင်းဒရစ်အနေဖြင့် အကောင်းဆုံးလူစာရင်းကို ပွဲထုတ်နိုင်ရန် အရေးကြီးနေသည်။ အဓိကတိုက်စစ်မှူး အောင်သူသည် မတ် ၁၈ ရက်တွင် Police Tero အသင်းနှင့် ထိုင်းလိဂ်ပြိုင်ပွဲ ယှဉ်ပြိုင်ထားရပြီး ချင်းရိုင်ယူနိုက်တက်တိုက်စစ်မှူး ကျော်ကိုကိုနှင့်အတူ မတ် ၁၉ ရက်မှသာ လက်ရွေးစင်အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် ၁၉၆၈ ခုနှစ်ပြိုင်ပွဲတစ်ကြိမ်သာ ယှဉ်ပြိုင်ဖူးပြီး ဒုတိယဆုရခဲ့သည်။ ယင်းနောက်ပိုင်းနှစ်များတွင် ခြေစစ်ပွဲမအောင်ခြင်း၊ ခြေစစ်ပွဲ မယှဉ်ပြိုင်ခြင်းများကြောင့် အာရှဖလားပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်မရခဲ့ဘဲ ၂၀၁၉ ခုနှစ် ပြိုင်ပွဲတွင် ပြန်လည်ယှဉ်ပြိုင်ခွင့်ရရန် အခွင့်အရေးရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် ယင်းအခွင့်အရေးကို မြန်မာကစားသမားများ အကောင်အထည်ဖော်နိုင်ရန် လိုအပ်နေသည်။ **ညီမြတ်သော်တာ**

## ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုမည်းလာခြင်းတို့ ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

သို့ဖြစ်ပါ၍ အောက်ပါအတိုင်း သတိပြုကာကွယ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၁။ ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ရန် လိုအပ်ပါက မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ပါလုံခြုံသော ထီး၊ ဦးထုပ် စသည်တို့ကို ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ (သို့) SPF 15+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းပါ။

နေရောင်ခံလိမ်းဆေးတစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်း ထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉%)အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်ပါသည်။

၅။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။

၆။ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိသူများ၊ အရက်အလွန်အကျွံသောက်သုံးသူများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။

၇။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်အန္တရာယ်၏ ဆိုးကျိုးများကို ပိုမိုထိခိုက်ခံစားရနိုင်သဖြင့် အထူးဂရုပြုကာကွယ်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**


### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/3293 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁C/၂၀၂၅ ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၈၂၇၁၁ Honda Scoopy 110 M/C ယာဉ် လက်ဝယ်ရှိသူ Sein Shwe Young Pyae က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး မန္တလေးမြောက်ပိုင်း(မန္တလေးမြို့)**

### စေ့စပ်ကြောင်းလမ်းခြင်းအား တရားဝင်ဖျက်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ယင်းတော်မြို့မနေ ဦးထွန်းထွန်းဦး၏သား မောင်ဇာနည်ဦး ၉/ပဘန(နိုင်) ၁၆၇၈၆၉နှင့် ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့၊ ရွှေစည်းခုံရပ်ကွက်နေ ဦးမောင်ဝင်း၏သမီး မနှင်းသန္တာဝင်း ၉/ရမသ(နိုင်)၁၃၀၄၂၇တို့သည် ၁၁-၃-၂၀၁၈ရက်တွင် နှစ်ဖက်မိဘများ၏ တစ်ဖက်သတ်စီစဉ်မှုဖြင့် စေ့စပ်မင်္ဂလာပွဲပြုလုပ်ခဲ့ပါသည်။ ထိုစေ့စပ်မင်္ဂလာပွဲပြုလုပ်ခြင်းမှာ ကျွန်မ မနှင်းသန္တာဝင်း၏ သဘောဆန္ဒ တစ်စုံတစ်ရာပါဝင်ခြင်းမရှိသည့်အတွက် အဆိုပါစေ့စပ်ခြင်းအား အသိအမှတ်မပြုကြောင်းနှင့် ကျွန်မဘက်မှ တရားဝင်ဖျက်သိမ်းကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **မနှင်းသန္တာဝင်း ၉/ရမသ(နိုင်) ၁၃၀၄၂၇ ရမည်းသင်းမြို့**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန တင်ဒါခေါ်ယူထားခြင်းအား ပယ်ဖျက်ခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ သူနာပြု/သားဖွားသင်တန်းကျောင်းများအတွက် ၁၀-၃-၂၀၁၈ရက်တွင် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊ ၁၁-၃-၂၀၁၈ရက်တွင် ကြေးမုံသတင်းစာတွင် လည်းကောင်း ကွန်ပျူတာများဝယ်ယူရန် တင်ဒါခေါ်ယူထားခြင်းအား အကြောင်းမညီညွတ်ပါသဖြင့် ဖျက်သိမ်းပါကြောင်းအသိပေးကြေညာအပ်ပါသည်။ **တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

### ပျောက်ဆုံးကြောင်း

ကျွန်မ မချိုမာအေး ၇/ညလပ(နိုင်) ၁၅၁၇၄၉ ၏ Passport No မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

### ပျောက်ဆုံးကြောင်း

ကျွန်မ မခင်ခင်ဥ ၁၀/ဘလန(နိုင်) ၁၂၂၈၂၆ ၏ Passport No မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၂)ရပ်ကွက် ဗိုလ်ကြာညွန့်လမ်း၊အိမ်အမှတ်(၆၅)၊ မြေကွက်အမှတ်(၁၇၀)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ) ရှိ ဦးစိုးမြင့် (AB-၀၅၇၃၃၂) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လဲ့မြတ်ထွဋ် (၉/အမဇ(နိုင်)၀၀၅၇၈၄)ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးထိန်လင်းသန်း LL.B, D.B.L, D.I.L, D.M.L, တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)

Hein Htet San Law Firm ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ ဝေဘာဂီ (၄) ရပ်ကွက် ၊ ဝေဘာဂီမြို့ပတ်လမ်း ၊ မြေကွက်အမှတ် (၆၉) ၊ အကျယ်အဝန်း (၃၀ပေ × ၅၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မရီမြင့် (၁၀/ခဆန(နိုင်)၀၅၀၀၃၁) ထံမှ ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေး ချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးထိန်လင်းသန်း LL.B, D.B.L, D.I.L, D.M.L, တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)

Hein Htet San Law Firm ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

### စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

နေပြည်တော်နေ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ

ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ တင်မောင်ဝင်း-ဒေါ်ကြည်ကြည်ထွန်း တို့၏ တစ်ဦးတည်းသောသား

**ဗိုလ်ကြီး ရဲထွန်းဝင်း B.E (Electronics), DSTA**

**တပ်မတော်ရေ**

**နှင့်**

ရန်ကုန်မြို့နေ

သီရိပျံချီ ဦးဌေးဦး-ဒေါ်နီနီဝင်း

(ဦးဝင်းနိုင်)-ဒေါ်ခင်အေးဝင်းညို( Managing Director, GAIA Construction Co.,Ltd.) တို့၏တစ်ဦးတည်းသောသမီး

**မခိုင်ခင်ဖြူ B.A(English),YUFL,**
**MBA (James Cook University, Singapore),**
**Ph.DBA(Candidate)Assumption University, Bangkok, Thailand,**
**International Diploma in Computer Studies (NCC, UK),**
**Dip. in Image Consulting (Acamedy of Image Mastery, Singapore),**
**Lecturer (Youth International College, MICT Park),**
**Director (GAIA Construction Co.,Ltd.)**

တို့၏ ၉-၂-၂၀၁၈ရက် (သောကြာနေ့)တွင် နေပြည်တော် Grand Amara Hotel ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာမော်ကွန်းတင် အခမ်းအနားတွင် လက်မှတ်ရေးထိုးပေးပါသော ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးအားလည်းကောင်း၊ ၁၈-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် စုလျားရစ်ပတ်လက်ထပ်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် တင်အောင်စန်းနှင့်ဇနီး ဒေါ်သန်းသန်းအေး တို့အားလည်းကောင်း ၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ သရေစည်သူ ဦးမြင့်လှိုင်နှင့်ဇနီး ဒေါ်ခင်သန့်စင်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ(ငြိမ်း) အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်ဒုတိယသမ္မတ သရေစည်သူ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေး၊ နိုင်ငံတော်ဒုတိယသမ္မတ(ငြိမ်း) သရေစည်သူ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ နိုင်ငံတော်ဒုတိယသမ္မတ(ငြိမ်း) သရေစည်သူ ဦးဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့အားလည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း)၊ ဗိုလ်ချုပ်ကြီးစိုးဝင်း(ငြိမ်း)၏ဇနီးဒေါ်သန်းသန်းနွဲ့အားလည်းကောင်း၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများအားလည်းကောင်း၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အငြိမ်းစား ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ စစ်ဘက်၊ နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးဘိုမြင့်သန်း၊ မင်္ဂလာအခါတော်တေးသီချင်း သီဆိုပေးပါသော နိုင်ငံကျော်ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်၊ တေးသံရှင် ဖိုးသောကြာနှင့် နိုင်ငံကျော်အဆိုတော် ဒေါ်ရီရီသန့်၊ ဒေါ်နှင်းရည်သန့်၊ ဦးဇော်မင်းအောင်(ဆည်မြောင်း)Zephyr(လေနုအေး)တေးဂီတအဖွဲ့နှင့် နိုင်ငံကျော်တေးသံရှင်များ၊ မင်္ဂလာပန်းကြဲပေးပါသော မဆုလဲ့ရူပါလွင်နှင့် မခင်ချမ်းမြေ့ညို၊ မင်္ဂလာပန်းကလပ်နှင့် မင်္ဂလာလက်စွပ်ကလပ်များ ကိုင်ဆောင်ပေးပါသော မလင်းလက်ရူပါနှင့် မရွှန်းမြတ်နိုးအောင်၊ မင်္ဂလာအရံများအဖြစ်ဆောင်ရွက်ပေးကြပါသော ဗိုလ်ကြီးလူထက်၊ ဗိုလ်ကြီးမြတ်မင်းအေး၊မဖူးသဉ္ဇာကို၊ မရွှန်းလဲ့သဒ္ဒါလွင်တို့အားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးပါသော မေဦးမောင်(တော်ဝင်သူ)အဖွဲ့အားလည်းကောင်း၊ ဝတ်စုံအလှဆင်မြန်းပေးပါသော Designer မျိုးမင်းစိုး၊ သတို့သမီးကို လက်ဝတ်ရတနာဆင်မြန်းပေးပါသော ကိုဇေယျာထွန်းညိုနှင့်ဇနီး မနှင်းနန္ဒာလှိုင်၊ မင်္ဂလာပန်းကြဲနှင့် အရံများကို လက်ဝတ်ရတနာဆင်မြန်းပေးပါသောThe Rich Gems မှ အန်တီလု၊ ပန်းအလှဆင်ပေးပါသော လင်းလင်းနှင့်အဖွဲ့သားများ၊ ဗီဒီယို၊ ဓာတ်ပုံမှတ်တမ်းတင်ပေးပါသော Exposure နိုင်နိုင်ထွန်းနှင့်အဖွဲ့သားများ၊ အကျွေးအမွေးဖြင့် တည်ခင်းဧည့်ခံပေးပါသော ဦးစိန်ဝင်း(ထူးထက်စံ Cafeing Service)တို့အားလည်းကောင်း၊ ၁၈-၃-၂၀၁၈ရက် ညနေပိုင်းတွင် Golden Island ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညစာစားပွဲအတွက် အစစအရာရာ ကူညီဆောင်ရွက်ပေးပါသော Feel Restaurant မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော Peter's Bridal & Garden မှ ဦးပီတာနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာ ရိုက်နှိပ်ပေးပါသော အောင်ကျော်သိန်းပုံနှိပ်တိုက်အားလည်းကောင်း၊ မင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလုံးကို ကျွန်တော်/ကျွန်မတို့မှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီး ရဲထွန်းဝင်း-မခိုင်ခင်ဖြူ**

# အရပ်သားပြည်သူ ၃၀၀၀၀ တို့ကို အရှေ့ဂူတာမှ ကယ်ဆယ်ရွှေ့ပြောင်း

**ဒမတ်စကတ် မတ် ၁၈**

ဆီးရီးယားမြို့တော် ဒမတ်စကတ်၏အရှေ့ပိုင်းဂူတာရှိ သူပုန်များထိန်းချုပ်ထားရာ ဒေသများမှ အရပ်သားပြည်သူ ၃၀၀၀၀ ခန့်ကို ကယ်ဆယ်ရွှေ့ပြောင်းမှုများ လုပ်ဆောင်ခဲ့ကြောင်း ဆီးရီးယားနိုင်ငံပိုင် ဆာနားသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

လူအများအပြားကယ်ဆယ်ရွှေ့ပြောင်းမှုကို နေရာနှစ်ခုတို့တွင်လုပ်ဆောင်ခဲ့ရာ တစ်ခုမှာ ဟာမိုရီယက်ဒေသအတွင်း၌ဖြစ်ပြီး နောက်တစ်ခုမှာ အရှေ့ဂူတာရှိ ဟာရက်စတာဒေသအတွင်းရှိ ရေအရင်းအမြစ်ထောက်ပံ့ရာ အနီးတွင် ကယ်ဆယ်ရွှေ့ပြောင်းမှု လုပ်ဆောင်ခဲ့သည်။ ကယ်ဆယ်ရွှေ့ပြောင်းမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ပြီးခဲ့သည့်ကြာသပတေးနေ့ကတည်းက အရှေ့ဂူတာရှိ သူပုန်ထိန်းချုပ်ထားသည့်ဒေသများမှ ပြည်သူများ ထွက်ပြေးနေခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၇၂ နာရီအတွင်း အရှေ့ဂူတာမှ အရပ်သား ၅၀၀၀၀ တို့ကို ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်မှုအဖွဲ့က ကယ်ထုတ်ခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်မှုအဖွဲ့က စနေနေ့အစောပိုင်းတွင် ပြောကြားခဲ့သည်။

ဆီးရီးယားတပ်မတော်က ၎င်းတို့သည် မကြာသေးမီကအရှေ့ဂူတာရှိ သူပုန်အုပ်စုများစွာတို့ကို ထိုးစစ်ဆင်တိုက်ခိုက်ရန်အတွက် ယင်းဒေသကို အစိတ်အပိုင်းများ ခွဲခြားခဲ့ပြီးနောက်တွင် အရှေ့ဂူတာ၏ ၇၀ ရာခိုင်နှုန်းကို ပြန်လည်ရယူခဲ့ကြောင်း ဖော်ပြခဲ့သည်။

အရှေ့ဂူတာသည် မြို့နယ်အချို့နှင့် မြေယာများပါဝင်သော ၁၀၅ စတုရန်းကီလိုမီတာရှိသည့် စိုက်ပျိုးရေးဒေသဖြစ်ပြီး ဒမတ်စကတ်အရှေ့ပိုင်း အစိုးရထိန်းချုပ်ထားသည့်အိမ်နီးချင်းဒေသများနှင့် နီးကပ်စွာတည်ရှိမှုကြောင့် မြို့တော်အတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်လာခဲ့ကာ မြို့တွင်းရှိ ဒေသခံများ နေထိုင်ရာနေရာများကို ပစ်မှတ်ထားတိုက်ခိုက်မှုများက ပြည်သူများကို အစွန်အဖျားဆီသို့ရောက်ရှိသွားစေခဲ့သည်။

**ဆင်ဟွာ**




# မနီလာရှိ ဟိုတယ်တစ်လုံးမီးလောင်မှုကြောင့် လေးဦးထိခိုက်ဒဏ်ရာရ

**မနီလာ မတ် ၁၈**

ဖိလစ်ပိုင်နိုင်ငံမြို့တော်မနီလာရှိ ဟိုတယ်တစ်လုံးတွင် တနင်္ဂနွေနေ့နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ရာ လူလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နှစ်ဦးမှာ ဒဏ်ရာပြင်းထန်သည့်အတွက် အရေးပေါ် အခြေအနေတွင် ကုသမှုခံယူရလျက်ရှိကြောင်း သိရသည်။

မီးလောင်မှုသည် ဟိုတယ်ရှိကာစီနိုလောင်းကစားရုံမှတစ်ဆင့် လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။




မီးလောင်မှုသည် ကာစီနိုလောင်းကစားရုံထပ်ခိုးပေါ်မှ တတိယထပ်အထိ လောင်ကျွမ်းခဲ့ကြောင်း မနီလာသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးရုံးမှ ဂျွန်နီယူက ရေဒီယိုအင်တာဗျူးတစ်ခုတွင် ဖြေကြားခဲ့သည်။

မနီလာရှိ မီးဘေးကာကွယ်ရေးဗျူရိုက မီးလောင်ကျွမ်းမှုသည် နံနက် ၉ နာရီခန့်တွင် စတင်ဖြစ်ပွားခဲ့ကြောင်း၊ Manila Pavilion ဟိုတယ်၏ကာစီနိုလောင်းကစားရုံကိုမီးစွဲလောင်ခဲ့ပြီး မီးခိုးလုံးကြီးများ ပေါ်ထွက်လာခဲ့ကြောင်း၊ လတ်တလောတွင် ထိခိုက်ဒဏ်ရာရရှိသူလေးဦးကို ဆေးရုံတစ်ရုံ၌ ကုသလျက်ရှိပြီး သေဆုံးသူမရှိကြောင်း ယူကပြောသည်။

ထိခိုက်ဒဏ်ရာရရှိသူများမှာ ဆေးရုံသို့ပို့ဆောင်ချိန်တွင် သတိလစ်နေကြောင်း ဒေသရေဒီယိုသတင်းက အစောပိုင်းတွင် ဖော်ပြခဲ့သည်။

**ဆင်ဟွာ**

# တရုတ်နှင့် ကမ္ဘောဒီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုစတင်

**ပေကျင်း မတ် ၁၈**

တရုတ်နှင့်ကမ္ဘောဒီးယားနိုင်ငံတို့သည် ကမ္ဘောဒီးယားနိုင်ငံတောင်ပိုင်း ကမ်ပေါင်စပီရှုပြည်နယ်အတွင်း ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကိုစတင်ခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံတို့မှ တပ်ဖွဲ့ဝင် ၅၀၀ ခန့်တို့သည် ပူးတွဲစစ်ရေးလေ့ကျင့်မှုအတွင်း ပါဝင်ဆင်နွှဲခဲ့ကြပြီး ယင်းပူးတွဲစစ်ဆင်ရေးသည် အကြမ်းဖက်နှိမ်နင်းရေးကို ဦးတည်သည့် စစ်ရေးလေ့ကျင့်မှုဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယား သတင်းမီဒီယာက တပ်ဖွဲ့ဝင်များသည် ဓားစာခံများအား ကယ်ဆယ်ရေးဆောင်ရွက်ခြင်း၊ ဓာတုလက်နက်များကို တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် သံချပ်ကာယာဉ်များဖြင့် တိုက်ခိုက်ခြင်းတို့ကိုဆောင်ရွက်ခဲ့ကြကြောင်း ဖော်ပြခဲ့သည်။

ယင်းစစ်ရေးလေ့ကျင့်မှုသည် တရုတ်နှင့်ကမ္ဘောဒီးယားနှစ်နိုင်ငံ ဒုတိယအကြိမ် ပူးတွဲစစ်ရေးလေ့ကျင့်မှု ဖြစ်သည်။ ၂၀၁၆ ခုနှစ်က နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ကြိမ် ပြုလုပ်ခဲ့သည်။

ယင်းစစ်ရေးလေ့ကျင့်မှုမှာ သဘာဝဘေးတုံ့ပြန်ဆောင်ရွက်မှုနှင့် ကယ်ဆယ်ရေးမစ်ရှင်ဆောင်ရွက်မှုကို အဓိကထားလေ့ကျင့်ခဲ့ခြင်း ဖြစ်သည်။

ပူးတွဲစစ်ရေးလေ့ကျင့်မှု စတင်ဖွင့်လှစ်မှုတွင်ကမ္ဘောဒီးယား စစ်သေနာပတိ ပိုလ်ဆာရိုအန်က တရုတ်နိုင်ငံအားကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးဖြစ်စဉ်ကိုသာမက ကမ္ဘောဒီးယားတပ်မတော်၏စစ်လက်နက်များနှင့်ဘဏ္ဍာရေးတွင်လည်း ကူညီထောက်ပံ့မှုများ လုပ်ဆောင်ပေးခဲ့ကြောင်း စစ်သေနာပတိက ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ရုရှား၌ သမ္မတရွေးကောက်ပွဲအတွက် မဲပေးမှုစတင်

**မော်စကို မတ် ၁၈**

ရုရှားနိုင်ငံအရှေ့ပိုင်းဒေသများဖြစ်သည့် ကမ်ချတ်ကာနှင့် ချူကော့တ်ကာတို့တွင် နေထိုင်ကြသည့် ရုရှားပြည်သူများသည် လာမည့် ရုရှားသမ္မတသစ်ရွေးကောက်ပွဲအတွက် တနင်္ဂနွေနေ့တွင် မဲပေးမှုများစတင်နေကြပြီဖြစ်ကြောင်း သိရသည်။

ရုရှား၏ကျယ်ပြောလှသည့်နယ်နိမိတ်တွင် အချိန်ဇုန်ကိုးခုရှိသည်ဖြစ်ရာ ကမ်ချတ်ကာနှင့် ချူကော့တ်ကာ အပါအဝင်နိုင်ငံ၏ အရှေ့ဖျားဒေသတို့တွင် ဒေသစံတော်ချိန်နံနက် ၈ နာရီ၌ မဲပေးမှုစတင်ပြီး နိုင်ငံ၏အခြားသောအစိတ်အပိုင်းများတွင် မဲပေးရန်နာရီအနည်းငယ် စောင့်ဆိုင်းနေရဆဲဖြစ်သည်။

ရုရှား၏မြောက်ဘက်အစွန်ရှိ ကလင်နင်ဂရက်တွင် မဲပေးသူများသည် မဲရုံများဆီသို့ နောက်ဆုံးသွားရောက်ကြမည့်သူများဖြစ် ကြသည်။

ရုရှားဗဟိုရွေးကောက်ပွဲကော်မရှင်(CEC)အကြီးအကဲ အယ်လာပမ်ဖီလိုဗာ၏ပြောကြားချက်အရ ရုရှားနိုင်ငံသား သန်းပေါင်း ၁၁၀တို့သည် မဲပေးရန်အရည်အချင်းပြည့်မီသူများဖြစ်ကြပြီး ၁ဒသမ ၈၉ သန်းမှာ ပြည်ပတွင် နေထိုင်ကြလျက်ရှိသည်။

ပြည်တွင်း၌ မဲရုံပေါင်း ၉၇၀၀၀ ကျော်ရှိပြီး ပြည်ပ၌မဲရုံပေါင်း ၄၀၀ ကျော်ရှိကြောင်း သိရသည်။ မဲပေးသည့် စနစ်ကို နိုင်ငံပေါင်း ၁၀၉ ခုတို့မှ နိုင်ငံတကာလေ့လာသူ ၁၅၀၀ ခန့်တို့က စောင့်ကြည့်စစ်ဆေးမှုများ လုပ်ဆောင်သွားမည်ဖြစ်သည်။

ရွေးကောက်ပွဲအတွက် သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်ရွေးချယ်ခံကြသူ ရှစ်ဦးမှာ လက်ရှိသမ္မတ ဗလာဒီမာပူတင်၊ ရုရှားလစ်ဘရယ် ဒီမိုကရက်တစ်ပါတီမှ ဗလာဒီမာ ဇီရင်နော့ဗ်စကီ၊ ရုရှားဖက်ဒရေးရှင်း ကွန်မြူနစ်ပါတီမှ အမည်စာရင်းတင်သွင်းထားသည့်လုပ်ငန်းရှင် ပါဗယ်လ် ဂရူဒီနင်နှင့် အခြားယှဉ်ပြိုင်ဘက်များ ပါဝင်သည်။

**ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### ကိုရီးယားကျွန်းဆွယ် အဏုမြူကင်းစင်ရေးအတွက် တောင်ကိုရီးယားနှင့် အမေရိကန်တို့ ပူးပေါင်းမည်

**ဆိုးလ် မတ် ၁၇**

ကိုရီးယားကျွန်းဆွယ် အဏုမြူကင်းစင်ရေးအတွက် တောင်ကိုရီးယားနှင့် အမေရိကန်တို့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား သမ္မတ မွန်ဂျေအင်းနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့ မကြာသေးမီက ဖုန်းဖြင့်ဆက်သွယ် ဆွေးနွေးခဲ့သည်။ အဆိုပါ ဆွေးနွေးမှုအတွင်း အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးများ ပြုလုပ်ရန်လည်း ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

မြောက်ကိုရီးယားနိုင်ငံမှ မတ် ၆ ရက်က ပြန်လည်ရောက်ရှိလာသော တောင်ကိုရီးယား အထူးသံတမန်လည်းဖြစ် အိမ်ပြာတော် အမျိုးသားလုံခြုံရေးရုံးအကြီးအကဲလည်းဖြစ်သူ ချွန်အီယွန်းက တောင်ကိုရီးယားနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးတစ်ရပ်ကို လာမည့် ဧပြီလကုန်ပိုင်းတွင် ကျင်းပရန်ရှိကြောင်း၊ ထို့အတူ အမေရိကန်သမ္မတ ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ မေလမကုန်မီ တွေ့ဆုံရန် သဘောတူညီမှုရရှိထားကြောင်း ပြောကြားခဲ့သည်။ **ဆင်ဟွာ**

### တရုတ် ဒုတိယ သမ္မတအဖြစ် ဝမ်ရှီစန်းအား ရွေးကောက်တင်မြှောက်

**ပေကျင်း မတ် ၁၈**

၁၃ ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက်၏ နှစ်ပတ်လည်အစည်းအဝေးတွင် ဝမ်ရှီစန်းအား တရုတ်နိုင်ငံ၏ ဒုတိယ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် မတ် ၁၇ ရက်က ဖော်ပြခဲ့သည်။

ဝမ်ရှီစန်းအား (၁၃) ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် ပထမအကြိမ်အစည်းအဝေး၏ ပဉ္စမအကြိမ်မြောက် အစည်းအဝေးတွင် ဥပဒေပြုကိုယ်စားလှယ် ၃၀၀၀ နီးပါးက ရွေးကောက် တင်မြှောက်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

### မော်စကိုရှိ ဗြိတိသျှသံတမန် ၂၃ ဦးအား ရုရှားနိုင်ငံက နှင်ထုတ်မည်

**မော်စကို မတ် ၁၈**

မော်စကိုရှိ ဗြိတိသျှသံရုံးတွင် တာဝန်ထမ်းဆောင်နေသော သံတမန် ၂၃ ဦးအား တစ်ပတ်အတွင်း ရုရှားနိုင်ငံက နှင်ထုတ်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာ တာဝန်ရှိသူများက မတ် ၁၇ ရက်က ပြောကြားခဲ့သည်။ နှစ်နိုင်ငံယဉ်ကျေးမှုဆိုင်ရာများကို တိုးမြှင့်ဆောင်ရွက်နေသော ဗြိတိသျှကောင်စီကိုလည်း ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ပိတ်သိမ်း မှုများသည် အသက် ၆၆ နှစ်ရှိ ရုရှားသူလျှိုဟောင်း ဆာဂျီ စခရစ်ပယ်နှင့် ၎င်း၏သမီးယူလီယာ စခရစ်ပယ်တို့နှင့် သက်ဆိုင်မှုရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ကမ္ဘာကြီးပူပြင်းခြောက်သွေ့မှုကနေ ဆင်းရဲသောနိုင်ငံတွေကိုပေးတဲ့ ပြစ်ဒဏ်

**ချိုးစန္ဒီနွေး**

ကမ္ဘာကြီးပူပြင်းခြောက်သွေ့လာမှုဆိုတာလူတော်တော်အော်နေကြတဲ့ အရာတစ်ခုဖြစ်ပြီး လက်တွေ့မှာ တားဆီးကာကွယ်ဖို့ ပျက်ကွက်နေတဲ့ အရာလည်းဖြစ်တယ်။ မြစ်တွေခန်းခြောက်လာသလို စားကျက်မြေလည်း ရှားပါးလာတယ်။ ချမ်းသာတဲ့နိုင်ငံတွေမှာ မသိသာပေမယ့် ဆင်းရဲတဲ့ နိုင်ငံတွေမှာတော့ သဘာဝတရားရဲ့ ဒဏ်ခတ်မှုကို ပိုပြီးတော့ သိသိသာသာ ခံစားလာနေရတယ်။



**အာဟာရချို့တဲ့မှုဒဏ်ခံစားနေရ**

ကင်ညာနိုင်ငံဟာလည်း ပူပြင်းခြောက်သွေ့မှုဒဏ်ကို ခံစားနေရတဲ့ နိုင်ငံထဲက တစ်နိုင်ငံဖြစ်တယ်။ မကြာသေးမီက ပြုလုပ်ခဲ့တဲ့ သုတေသနတွေအရဆိုရင် ၂၀ ရာစုအတွင်းမှာပဲ အဲဒီဒေသတွေမှာ ပူပြင်းခြောက်သွေ့မှုတွေပိုပြီးများလာတာကို တွေ့ရပါတယ်။ အဲဒီဒေသမှာ လွန်ခဲ့တဲ့ဆယ်စုနှစ်နှစ်စုအတွင်းမှာကိုပဲ ဆိုးရွားလှတဲ့ မိုးခေါင်မှုကို လေးကြိမ်တိုင်တိုင် ခံစားရပြီးပြီ။ လူတွေဟာလည်း ဆင်းရဲမွဲတေမှုနဲ့ နပန်းသတ်နေရပြီး နောက်ထပ်ရင်ဆိုင်နေရတဲ့ ခြိမ်းခြောက်မှုအသစ်ကတော့ ရာသီဥတုပြောင်းလဲခြင်းပဲ ဖြစ်တယ်။ ကင်ညာ၊ ဆိုမာလီယာ၊ အီသီယိုးပီးယားနိုင်ငံတို့မှာရှိတဲ့ ငါးနှစ်အောက်ကလေး ၆၅၀၀၀၀ ဟာ အာဟာရချို့တဲ့မှုဒဏ်ကို ခံစားနေရပါတယ်။ ကုလသမဂ္ဂရဲ့ အချက်အလက်တွေအရတော့ လူပေါင်း ၁၂ သန်းခန့်ဟာ အစားအစာ ကူညီထောက်ပံ့မှုတွေအပေါ် မှီခိုနေရတယ်လို့ သိရပါတယ်။

အဘွားအိုတစ်ဦးဖြစ်တဲ့ တက်ဒီကတော့ သူဟာ တစ်ချိန်တုန်းက ဆိတ်အကောင် ၂၀၀ ပိုင်ဆိုင်ခဲ့ဖူးတယ်လို့ ပြောပြပါတယ်။ သူဟာဆိတ်သားပေါက်လေးတွေကို ဈေးမှာသွားရောင်းရင်း မိသားစုလိုအပ်တာတွေကို ဝယ်နိုင်ခဲ့တယ်။ အဲဒီဒေသမှာတော့ မွေးမြူရေးဟာ ရှေးရိုးစဉ်လာအရ လုပ်ကိုင်ကြတဲ့ လုပ်ငန်းတစ်ခုပါပဲ။ ဘာလို့လဲဆိုတော့ အဲဒီဒေသမှာ စိုက်ပျိုးလို့ မရလို့ပါ။ ၂၀၁၁ ခုနှစ် မိုးခေါင်မှုနဲ့ ကြုံတွေ့ရတဲ့ အခါမှာတော့ အဘွားအိုမွေးထားတဲ့ ဆိတ်ကလေးတွေ အများစုသေဆုံးခဲ့ရပြီး ၂၀၁၇ ခုနှစ် နောက်တစ်ကြိမ်မိုးခေါင်မှုနဲ့ ရင်ဆိုင်ရာမှာတော့ အကောင်များများကို သေဆုံးသွားပါတော့တယ်။ ဘယ်နှကောင်ကျန်သေးလဲ အဘွားလို့ မေးရာမှာတော့ သူက လက်ငါးချောင်းထောင်ပြပါတယ်။ ဒီပမာဏဟာ ရောင်းလို့လည်း မရသလို စားပစ်ဖို့လည်း လုံလောက်တဲ့ ပမာဏ မဟုတ်ပါဘူး။

**မိုးခေါင်မှု**

မိုးခေါင်မှုကြောင့် မွေးမြူရေးသမားတွေကို တကယ်ပဲ အထိနာစေပါတယ်။ ဒါတင်ပဲလားဆိုတော့ မကပါဘူး။ ကင်ညာနိုင်ငံအနောက်မြောက်ပိုင်းမှာဆိုရင် ရေရှားပါးမှုဒဏ်ကို အပြင်းအထန် ခံစားနေရပါတယ်။ အမျိုးသမီးတွေဟာ ရေရရှိဖို့အတွက် နေ့စဉ် ခုနစ်မိုင်လောက် လမ်းလျှောက် နေရပါတယ်။ တက်ဒီလို့ခေါ်တဲ့အဘွားဟာလည်း အခုအခါ မွေးမြူရေးကို လက်လျှော့လိုက်ပါပြီး မီးသွေးလုပ်ဖို့ ထင်းရှာတဲ့ အလုပ်ကိုပဲ ပြောင်းလုပ်နေရတော့တယ်။ ဒီတော့ အဲဒီဒေသမှာ သစ်ပင်တွေ ရှားလာတယ်။ သစ်ပင်တွေရှားတဲ့အတွက် မိုးရွာတဲ့အခါ မိုးရေကို မြေကြီးက မစုပ်ထားနိုင်ဘူး။ ဒီလိုနဲ့ ပိုပြီးတော့ ခြောက်သွေ့လာတယ်။

**ပြုပြင်ပြောင်းလဲဖို့လို**

မိုးခေါင်မှုကြောင့် မွေးမြူရေးကို ဆက်လုပ်လို့ မရတော့တာ အဘွားအို တက်ဒီတစ်ယောက်တည်း မဟုတ်ပါဘူး။ နောက်ထပ် ဆိတ်ကျောင်းသမားတစ်ဦးဖြစ်တဲ့ မိုဟာမက်လော့ရှ်နီဟာလည်း အလားတူပါပဲ။ အရင်တုန်းက ဆိတ်အကောင်ရေ ၁၅၀ ခန့်ပိုင်ဆိုင်ခဲ့ပေမယ့် ၂၀၁၇ ခုနှစ်က မိုးခေါင်မှုကို ခံစားရပြီးတဲ့နောက်မှာတော့ အကောင် ၃၀ သာကျန်ပါတော့တယ်။ မိုးရွာမယ်ဆိုရင်တော့ ဆိတ်မွေးတဲ့ အလုပ်ကို ပြန်လုပ်လို့ရမှာပါ။ ဒီလိုမှ မဟုတ်ရင်တော့ လက်ကျန်အကောင်လေးတွေတောင်သေသွားနိုင်ပါတယ်။ ဒါပေမယ့်လည်း ၂၀၁၁ ခုနှစ် မိုးခေါင်ပြီးတဲ့နောက် ဒီဒေသမှာမွေးမြူရေးကို ပြန်လည်ထူထောင်နိုင်တဲ့သူဆိုလို့ မရှိသလောက်ပါပဲ။ တကယ်လို့ မိုးဆက်ခေါင်နေဦးမယ်ဆိုရင်တော့ အခြားအလုပ်ပြောင်းလုပ်ရုံပဲရှိတော့တယ်လို့ မိုဟာမက်က ဆိုပါတယ်။

ကင်ညာနိုင်ငံက မိုးလေဝသ ပညာရှင်လည်းဖြစ်၊ ငတ်မွတ်ခေါင်းပါးမှု ဘေးအန္တရာယ်ကို စောစီးစွာအသိပေးရေးကွန်ရက်အဖွဲ့ဝင်လည်း ဖြစ်တဲ့ Gideon Galu ကတော့သူ့နိုင်ငံက လယ်သမားတွေ၊ မွေးမြူရေးသမားတွေ ဘေးဒုက္ခကြုံတွေ့ရမယ့် ဘေးကနေ ရှောင်ရှားဖို့ဆိုရင် ပြုပြင်ပြောင်းလဲရေးတွေ အများကြီးလုပ်ဖို့လိုတယ်လို့ ပြောပါတယ်။ ရေတွေကို သိုလှောင်ထားနိုင်မယ့် ဆည်တွေတည်ဆောက်မယ်၊ စားကျက်တွေပြန်လည်စိုက်ပျိုးဖို့လိုမယ်လို့ ဆိုပါတယ်။ မိုးဟာ အစိုးမရပါဘူး။ မိုးမရွာလေ ပိုပြီးပူလေ၊ ပိုပြီးခြောက်သွေ့လေပါပဲ။ နောက်လာမယ့် မိုးရာသီမှာလည်း အားကိုးစရာသိပ်မရှိပါဘူး။ ဒီတော့ လူတွေရဲ့ဘဝဟာ အစွန်အဖျားမှာ ရပ်နေရသလိုပါပဲ။

**အစာရေစာငတ်မွတ်ခေါင်းပါးမှု ဖြစ်လာစေနိုင်**

သူ့ရဲ့မိတ်ဆွေတစ်ဦးဖြစ်တဲ့ ခရစ်ဖရန့်ဟာ ကယ်လီဖိုးနီးယားတက္ကသိုလ်က ရာသီဥတုဆိုင်ရာ ပညာရှင်တစ်ဦးပါ။ လတ်တလော မိုးခေါင်မှုတွေနဲ့ ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းအခြေအနေတွေ၊ အာဖရိကအရှေ့ပိုင်းမှာ အပူချိန်မြင့်တက်မှုတွေဟာ ဆက်စပ်မှုရှိတယ်လို့ ဆိုပါတယ်။ အယ်နီညို၊ လာနီညာတို့ထက် ပိုဆိုးတဲ့ အခြေအနေမျိုးဦးတည်သွားနိုင်ပါတယ်။ အဲဒီကနေမှတစ်ဆင့် ကာလရှည်ကြာ မိုးခေါင်ပြီး အစာရေစာငတ်မွတ်ခေါင်းပါးမှုကို ဖြစ်ပေါ်လာစေနိုင်ပါတယ်လို့သတိပေးထားပါတယ်။

အရီဇိုးနားတက္ကသိုလ်ကရာသီဥတုပညာရှင်ဂျက်ဆီကာကတော့ အာဖရိကမှာ ပိုပြီးပူပြင်းခြောက်သွေ့လာရတဲ့ အကြောင်းကို သူ့မိတ်ဆွေတွေနဲ့အတူ ရှာဖွေခဲ့ပါတယ်။ ပူပြင်းခြောက်သွေ့လာမှုဟာ လူတွေရဲ့လုပ်ရပ်ကြောင့်လည်း အများကြီးသက်ဆိုင်နေတာကို တွေ့ရပါတယ်။ ကင်ညာနိုင်ငံ မိုးခေါင်မှုစီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့အစည်းမှ ဂျိန်းကတော့ အနာဂတ်မှာ ငါးနှစ်လျှင်တစ်ကြိမ် မိုးခေါင်မှုနဲ့ ကြုံတွေ့နိုင်တယ်လို့ပြောပါတယ်။ မိုးခေါင်မှုကို ရင်ဆိုင်နေရတဲ့ တိုင်းပြည်ထဲမှာ အီသီယိုးပီးယားလည်း အပါအဝင်ပါပဲ။ အမေရိကန်အစိုးရက အထောက်အပံ့ပေးထားတဲ့ ဖျူးနက်စ်လို့ခေါ်တဲ့အဖွဲ့က အီသီယိုးပီးယားနိုင်ငံ အရှေ့တောင်ပိုင်းမှာ အစားအစာအတွက် အရေးပေါ် အစီအစဉ်တွေ လုပ်ထားသင့်တယ်လို့ သတိပေးထားပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီဒေသမှာ လွန်ခဲ့တဲ့သုံးနှစ်ကတည်းက မိုးခေါင်နေခဲ့ပြီး နိုင်ငံရေးပဋိပက္ခတွေကြောင့်လည်း လူပေါင်းနှစ်သိန်းနီးပါးဟာ နေရပ်စွန့်ခွာခဲ့ရပါတယ်။

**ဆာလောင်မှုကြောင့်သေဆုံးရ**

ဆိုမာလီယာနိုင်ငံမှာလည်း အလားတူပါပဲ။ ဆယ်စုနှစ်များကြာအောင် စစ်ပွဲတွေ၊ နေရပ်စွန့်ခွာမှုတွေဖြစ်ပွားခဲ့ပြီးတဲ့နောက်မှာတော့ ၂ ဒသမ ၇ သန်းခန့်ဟာ အစာရေစာငတ်မွတ်မှုအန္တရာယ်နဲ့ ကြုံတွေ့နေရပါတယ်။ ၂၀၁၇ ခုနှစ် မိုးခေါင်မှုဖြစ်ပွားပြီးတဲ့နောက်မှာတော့ အပြည်ပြည်ဆိုင်ရာက အကူအညီတွေနဲ့ ငတ်မွတ်မှုဘေးကို ရင်ဆိုင်နိုင်အောင် အားထုတ်ခဲ့ရပါတယ်။ ၂၀၁၁ ခုနှစ်က မိုးခေါင်မှုမှာတော့ ဆိုမာလီနိုင်ငံသား နှစ်သိန်းခြောက်သောင်း နီးပါးခန့်ဟာ ဆာလောင်မှုကြောင့် သေဆုံးခဲ့ရပါတယ်။ အဲဒီထဲက ထက်ဝက်ခန့်ကတော့ ကလေးတွေပဲဖြစ်တယ်လို့ ကုလသမဂ္ဂအချက်အလက်တွေအရသိရပါတယ်။ ကင်ညာ၊ ဆိုမာလီယာ၊ အီသီယိုးပီးယားတို့ဟာ မိုးခေါင်မှုဆိုတဲ့ခြိမ်းခြောက်မှုကို လက်တွေ့ခံစားနေရတဲ့နိုင်ငံတွေပဲ ဖြစ်ပါတယ်။

**ဆင်းရဲတဲ့နိုင်ငံတွေက အရင်ခံစားရ**

အဲဒီနိုင်ငံတွေက အခြေခံလူတန်းစားပြည်သူတွေကတော့ သူ့တို့ရဲ့ဆုံးရှုံးနစ်နာမှုတွေကို အမှတ်တရပြောဆို နေကြတုန်းပါပဲ။ တချို့က ကျွဲတွေ၊ နွားတွေဆုံးရှုံးတယ်။ အချို့ကတော့ ကျွဲတွေ၊ နွားတွေ၊ ဆိတ်တွေအတွက် စားကျက်မြေလုရင်းရန်ဖြစ်ရာမှ အသက်ဆုံးရှုံးတဲ့အထိ ဖြစ်တာမျိုးတွေ ရှိလာတယ်။ အမျိုးသမီးတွေကတော့ ရေအတွက် မိုင်ပေါင်းများစွာ လမ်းလျှောက်နေရတယ်။ ဒီဘေးအန္တရာယ်တွေကို ဘယ်လိုမျိုး ကျော်လွှားကြမှာလဲ။ လယ်သမားတွေအတွက် ဆည်တည်ဆောက်ပေးမှုတွေ၊ စားကျက်မြေပြန်လည်စိုက်ပျိုးနိုင်မှုတွေ လုပ်ဆောင်ဖို့ အရေးကြီးတဲ့အချိန် ရောက်ရှိလို့လာပါပြီ။ သဘာဝတရားကြီးက လူတွေရဲ့ မဆင်မခြင်အပြုအမူတွေအတွက် ဒဏ်ခတ်တာဆိုရင် ဒါကိုဆင်းရဲတဲ့နိုင်ငံတွေကအရင်ခံစားရတယ်ဆိုတာဒီဖြစ်ရပ်က လက်တွေ့ပြသနေပါတယ်။

ကမ္ဘာကြီး ပူနွေးလာမှုကို လူတိုင်းသတိထားမိကြပေမယ့် ဒါကိုဖြေရှင်းဖို့တော့ လူတိုင်းမကြိုးစားကြပါဘူး။ အချိန်ကြာလာတာနဲ့အမျှ ပိုမိုပူပြင်းလာလေ၊ ပိုပြီးခြောက်သွေ့လာလေဖြစ်လာမယ်။ အဲဒီကနေမှတစ်ဆင့် စိုက်ပျိုးရေးမွေးမြူရေးကို ထိခိုက်လာပြီးအစာရေစာရှားပါးမှုဆိုတဲ့ ခြိမ်းခြောက်မှုနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ သဘာဝတရားရဲ့ ပြစ်ဒဏ်ကို ချမ်းသာတဲ့နိုင်ငံတွေထက် ဆင်းရဲတဲ့နိုင်ငံတွေက အရင်ခံစားရတယ်ဆိုတာကတော့ မှန်ကန်တဲ့အချက်တစ်ချက်ပဲဖြစ်ပါတယ်။ ။

**ကိုးကား-နယူးယောက်တိုင်းမ်**

**“ကမ္ဘာကြီးပူနွေးလာမှုကို လူတိုင်းသတိထားမိကြပေမယ့် ဒါကိုဖြေရှင်းဖို့တော့ လူတိုင်းမကြိုးစားကြပါဘူး။ အချိန်ကြာလာတာနဲ့အမျှ ပိုမိုပူပြင်းလာလေ၊ ပိုပြီးခြောက်သွေ့လာလေဖြစ်လာမယ်။ အဲဒီကနေမှတစ်ဆင့် စိုက်ပျိုးရေး မွေးမြူရေးကို ထိခိုက်လာပြီး အစာရေစာရှားပါးမှုဆိုတဲ့ ခြိမ်းခြောက်မှုနဲ့ ရင်ဆိုင်ရနိုင်ပါတယ်”**

# လယ်ယာထွက်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေး ဥပဒေရေးဆွဲ ဆောင်ရွက်မည်

**ရန်ကုန် မတ် ၁၈**

လက်ရှိဘဏ္ဍာနှစ် ၂၀၁၇-၂၀၁၈ အတွင်း လယ်ယာထွက်ကုန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုံးဘီလီယံနီးပါး ရရှိခဲ့ပြီး ဆက်လက်တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ပြည်ပမှတင်သွင်းလာသည့် လယ်ယာထွက်ကုန်များ လျှော့ချနိုင်ရေးအတွက် ဥပဒေရေးဆွဲ၍ ဆောင်ရွက်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

"လယ်ယာထွက်ကုန်ကနေ အများဆုံးပို့တာက ဆန်၊ ပဲ၊ ပြောင်းနဲ့ ရော်ဘာတို့ပဲဖြစ်ပါတယ်၊ ပြည်ပတင်ပို့မှုအနေနဲ့ ဆန်ဆိုရင်လည်း အာဆီယံဒေသတွင်း သုံးနိုင်ငံ ရရှိထားတယ်၊ လယ်ယာထွက်ကုန်တွေဟာ ဈေးကွက်လိုအပ်ချက်အလိုက် တင်ပို့နေတာဖြစ်လို့ ဈေးကွက်ဖော်ဆောင်နိုင်ဖို့ကိုလည်း ပုဂ္ဂလိကကဏ္ဍနဲ့ ပေါင်းပြီး ဆောင်ရွက်နေပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။



ပြည်ပမှတင်သွင်းလာသော လယ်ယာထွက်ကုန်များ နှစ်စဉ်မြင့်တက်လာနေသည့်အတွက် လယ်ယာထွက်ကုန်များ ထုတ်လုပ်သည့် တောင်သူများ ထိခိုက်နစ်နာမှုဖြစ်ပေါ်ခြင်းမှ ကာကွယ်ကုစားနိုင်ရန် သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ(မူကြမ်း)နှင့် လျှော့ဈေးဖြင့် စုပုံတင်ပို့ခြင်းနှင့် အစိုးရထောက်ပံ့မှု ရယူတင်ပို့ခြင်းတို့ကြောင့် ဖြစ်ပေါ်လာမှုကို ကာကွယ်ကုစားပေးမည့်ဥပဒေ(မူကြမ်း)တို့ကို ရေးဆွဲလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ အများဆုံး တင်ပို့နိုင်ခဲ့သည့် လယ်ယာနှင့် စိုက်ပျိုးရေး ထွက်ကုန်များမှာ ဆန်၊ ပဲ၊ ပြောင်းနှင့် ရော်ဘာတို့ဖြစ်ကာ ပြည်ပတင်ပို့နိုင်မှု အများဆုံးဖြစ်သည့် ဆန်နှင့် ဆန်ကွဲ တန်ချိန် ၃ ဒသမ ၂ သန်းကျော် ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၃၅ သန်း၊ ရော်ဘာ သုည ဒသမ ၁၃၆ သန်းကျော် ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၇၉ သန်း၊ ပဲမျိုးစုံ ၁ ဒသမ ၂ သန်းကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၀၇ သန်းကျော်၊ ပြောင်း ၁ ဒသမ ၃ သန်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၇၂ သန်းကျော် ရရှိထားကြောင်း သိရသည်။

လက်ရှိတွင် စီးပွား/ကူးသန်း ဝန်ကြီးဌာနက ကုန်သွယ်မှုမြှင့်တင်နိုင်ရန်နှင့် ဈေးကွက်သစ်နိုင်ငံများ ရရှိနိုင်ရန် ဆောင်ရွက်နေပြီး နိုင်ငံပေါင်း ရှစ်နိုင်ငံသို့ စီးပွားရေးသံမှူးများ စေလွှတ်ကာ လယ်ယာပို့ကုန်အလိုက် ခိုင်မာသည့် ဈေးကွက်ရရှိလာရန်၊ နိုင်ငံအလိုက် ဈေးကွက် ရရှိရန်၊ ဈေးကွက်ဆိုင်ရာ ပြောင်းလဲချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိစေရန်တို့ကို စတင်ဆောင်ရွက်နေကြောင်း သိရသည်။

ယင်းအပြင် စိုက်ပျိုးထုတ်လုပ်တင်ပို့ရာတွင် ရာသီဥတု၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း၊ သွင်းအားစုကုန်ကျစရိတ် မြင့်မားခြင်း၊ သီးနှံမျိုးကောင်းမျိုးသန့်ရရှိရန် လိုအပ်ခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်များ မြင့်မားခြင်း၊ အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်မှုနည်းပါးခြင်း၊ နိုင်ငံတကာဈေးကွက်နှင့် ဝယ်လိုအားအပေါ် တည်မှီနေရခြင်း စသည့် စိန်ခေါ်မှုများ လျှော့ချနိုင်ရေးကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ဦးတည်ပေါင်းစပ်၍ ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာလင်းသူ**(AMIA)

**ဓာတ်ပုံ-ကေဇူး**(AMIA)

# ငါးသားပေါက်ထုတ်လုပ်ရေးစခန်း ရှစ်ခု တည်ထောင်မည်

**ရန်ကုန် မတ် ၁၈**

ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ရှိ မြို့နယ်များတွင် တန်ဖိုးနည်း ငါးသားပေါက်များ ပေါများစွာ ရရှိနိုင်ရန်အတွက် တန်ဖိုးနည်းငါးသားပေါက် ထုတ်လုပ်ရေးစခန်းပေါင်း ရှစ်ခု ဖွင့်လှစ်၍ ဖြန့်ဖြူးပေးနိုင်ရန် စီစဉ်နေကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းရှင်များ အစုအဖွဲ့မှ သိရသည်။

"ငါးသားပေါက်တွေ လွယ်လွယ်ကူကူရဖို့ ဝန်ကြီးဌာနအစီအစဉ်နဲ့ တည်ဆောက်တာပါ၊ အဲ့ဒီစခန်းတွေကနေပြီး ဒေသအသီးသီးက ပြည်သူတွေကို တစ်ပိုင်တစ်နိုင် စီးပွားဖြစ် ငါးမွေးမြူဖို့ အသိပညာတွေ ဖြန့်ဝေသွားမှာပါ၊ အစုအဖွဲ့က ဘတ်ဂျက်နဲ့ပဲ လုပ်တာမှန်ပေမယ့် လုပ်ငန်းရှင်တွေက နေရာအကျယ်အဝန်းနဲ့ လုပ်ငန်းမြန်ဆန်လွယ်ကူအောင် ဝိုင်းကူရတာတွေ ရှိတယ်၊ စခန်းတွေပြီးတာနဲ့ ဒေသခံတွေလိုအပ်တဲ့ ငါးသားပေါက်တွေကို ဈေးသက်သက်သာသာနဲ့ ရနိုင်ပါတယ်၊ ဒီလိုလုပ်နိုင်ဖို့ သက်ဆိုင်ရာဌာနတွေနဲ့ ဆက်သွယ်သွားမယ်"ဟု ယင်းအစုအဖွဲ့ဝင် လုပ်ငန်းရှင် ဒေါက်တာကျော်စိန်ထွန်းက ပြောသည်။

တန်ဖိုးနည်း ငါးသားပေါက်စခန်းများကို ၂၀၁၈ ခုနှစ် နှစ်လယ်ပိုင်းတွင် ဖွင့်လှစ်မည်ဆိုသော်လည်း တန်ဖိုးနည်းငါးသားပေါက် ထုတ်လုပ်မှုသည် ငါးသားပေါက်ရာသီချိန်ဖြစ်သည့် မိုးတွင်းကာလ၌သာ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ငါးသားပေါက် ထုတ်လုပ်ရေးစခန်းများကြောင့် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့ပိုင်ဆိုင်သည့် ခြံဝင်း၌ပင် လေးပေပတ်လည်ငါးကန်များ၊ ခြောက်ပေပတ်လည် ငါးကန်များ တူး၍ မွေးမြူနိုင်ကြမည်ဖြစ်ပြီး မွေးမြူပြီး လေးလခန့်အကြာတွင် ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည့် ငါးမျိုးရင့်များဖြစ်သော ငါးကျည်း၊ ငါးခူ စသည့်ငါးသားပေါက်များကို အဓိကထား ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လက်ရှိအနေဖြင့် ငါးသားပေါက်မွေးမြူရေး လုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ မြောင်းမြမြို့၊ ဖျာပုံမြို့၊ ဒေးဒရဲမြို့၊ လပွတ္တာမြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ကျိုက်ထိုမြို့၊ မကွေးတိုင်းဒေသကြီး မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ ရှမ်းပြည်နယ် တောင်ကြီးမြို့၊ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၊ နေပြည်တော် တပ်ကုန်းမြို့၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့ အစရှိသည့်ဒေသများ၌ မွေးမြူလျက်ရှိကြောင်း သိရသည်။ ငါးသားပေါက် စတင်မွေးမြူရာတွင် သုံးလက်မအရွယ်နှင့်အထက် ငါးသားပေါက်များကိုသာ ရွေးချယ်မွေးမြူသင့်ကြောင်း ငါးသားပေါက်ဖြန့်ဖြူးရေး လုပ်ငန်းရှင်များက အကြံပြုထားသည်။ **မြတ်သူ**(AMIA)

# စိုက်ပျိုးမှုနည်းခဲ့သော စီပီစပ်မျိုးပြောင်းများ ဈေးကောင်းရနေ

**ရေစကြို မတ် ၁၈**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် စီပီစပ်မျိုးပြောင်းများမှာ ယခင်နှစ်များကထက် ဈေးမြင့်တက်ပြီး ဈေးကောင်းရလျက်ရှိသော်လည်း ယခုနှစ်များအတွင်း စီပီစပ်မျိုးပြောင်း စိုက်ပျိုးသူ လျော့နည်းခဲ့သဖြင့် ရေစကြိုမြို့ပေါ်ရှိ ပွဲရုံများသို့ စီပီပြောင်းဝင်ရောက်မှု ယခင်နှစ်များထက် နည်းခဲ့ကြောင်း သိရသည်။

"ဒီနှစ်က ကျွန်တော်တို့ရွာဘက်တွေမှာ စီပီစိုက်တဲ့သူနည်းတယ်၊ တော်တော်များများက ကုလားပဲကိုပဲ စိုက်ခဲ့ကြတာ၊ စီပီက တစ်ဧကကို ပြောင်းဖူးချိုးရင် အလုပ်သမား ၁၀ ယောက်လောက်သုံးရတာ၊ ပြောင်းဖူးဖက်ခွာရင် အလုပ်သမား အယောက် ၃၀ လောက် သုံးရတယ်၊ ပြီးတော့ မြေသြဇာကျွေးရ ရေတင်ရနဲ့ဆိုတော့ စိုက်စရိတ်တို့ အလုပ်သမားခတို့နဲ့ တွက်ရင် အရင်နှစ်တွေကဈေးနဲ့ဆို မကိုက်ဘူး၊ အဲဒါကြောင့် ဒီနှစ်တွေမှာ စိုက်တဲ့သူနည်းလာတယ်၊ ဒီနှစ်ကျမှ စီပီက ဈေးကောင်းလာတာ မနှစ်ကဆို ဒီအချိန်မှာ ၁၈ ပိဿာကို ကျပ် ခြောက်ထောင်ဝန်းကျင်ပဲ ဈေးရှိခဲ့တာ"ဟု ရွှေလုံကျေးရွာမှ စီပီစိုက်တောင်သူတစ်ဦးက ပြောသည်။

"CPက အခုရက်ပိုင်း ဈေးနည်းနည်းပြန်အေးသွားတယ်၊ ဟိုရက်က ၁၈ ပိဿာကို ကျပ် ၁၁၅၀၀ ဈေးရှိတယ်၊ ဒီနေ့ ကျပ် ၁၁၃၀၀ ဈေးပဲရှိတယ်၊ ၂၀၀ လောက် ကွာသွားတာပေါ့၊ ဦးတို့မြို့ကပြောင်းတွေကို မန္တလေး အစာစက်ရုံကို ပို့ကြတာများတယ်၊ ကားတန်ဆာခ ဈေးတက်တော့ ဈေးနည်းနည်းချဝယ်တာပေါ့၊ အဓိကကတော့ မန္တလေးနဲ့ တရုတ်ပါပဲ၊ ရန်ကုန်ပို့တာတော့ နည်းတယ်၊ တရုတ်လိုင်းက မူဆယ်ကနေတစ်ဆင့် ပို့ကြတယ်၊ မန္တလေးကနေ တစ်ဆင့်လည်း ပို့ကြတယ်၊ မနှစ်က ဒီချိန်ဆိုရင် ၁၈ ပိဿာကို ကျပ် ၆၀၀၀ ဝန်းကျင်ပဲရှိတာ၊ မနှစ်ကတော့ ကြက်စာကုမ္ပဏီက ဈေးချ ဝယ်တာပေါ့၊ ဒီနှစ်ကတော့ မနှစ်ကနဲ့စာရင် ဈေးကောင်းပေမယ့် ဒီနှစ် စိုက်သူက နည်းတယ်၊ စိုက်ဧကနည်းတော့ အထွက်နည်းမှာပေါ့၊ အထွက်နည်းတော့ ဦးတို့ပွဲရုံတွေမှာလည်း စီပီအဝင်နည်းတာပေါ့"ဟု ရေစကြိုမြို့ ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။

ယခင်နှစ်များက စီပီစပ်မျိုးပြောင်းမှာ ဈေးကောင်းမရဘဲ အမြတ်နည်းပါး၍ ယခုနှစ်တွင် စီပီပြောင်းစိုက်ပျိုးသူ နည်းပါးခဲ့ပြီးမှ ပြောင်းဈေးမှာ ယခင်နှစ်များထက် တစ်ဆနီးပါး ပိုတက်လာခြင်းဖြစ်ကြောင်း သိရသည်။ **အိမွန်ဆွေ(ရေစကြို)**

# အစာကုန်ကြမ်း ဈေးနှုန်းကြီးမြင့်၍ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ လျော့နည်းလာ

**ရန်ကုန် မတ် ၁၈**

ပြည်တွင်းရှိ အသေးစား မွေးမြူရေးလုပ်ငန်းအချို့တွင် အစာကုန်ကြမ်း ဈေးနှုန်းကြီးမြင့်လာမှုကြောင့် တစ်ပိုင်တစ်နိုင် မွေးမြူမှုများ လျော့နည်းကျဆင်းလာကြောင်း မွေးမြူရေးလုပ်ငန်းရှင်များထံမှ သိရသည်။

"လက်ရှိ ကြက်နဲ့ ဝက်မွေးမြူတဲ့ တစ်ပိုင်တစ်နိုင်သမားတွေ လျော့နည်းလာတယ်၊ အစာကုန်ကြမ်းဈေးက အရင်နှစ်ကထက် ၁၆ ရာခိုင်နှုန်းလောက် တက်လာတယ်၊ ဝက်မွေးတဲ့သူတွေဆိုရင် ဆန်ကွဲတစ်ပြည်ကို ကျပ် ၈၀၀ ကျော်ပေးရတော့ ပြန်ရလာမယ့်ဈေးနဲ့တွက်ရင် တွက်ခြေမကိုက်ဘူး၊ ဝက်တစ်ကောင်မွေးလို့ ရောင်းဈေး ကျပ်နှစ်သိန်းရရင် အစာဖိုးက အဲ့ဒီထက်မကဘူးဖြစ်နေတော့ မွေးသူတွေ နည်းလာတယ်၊ မွေးသူနည်းလာတော့ သားဖောက်လုပ်ငန်းတွေမှာပါ ဆက်တိုက်ကျဆင်းလာတယ်၊ သားဖောက်ဈေးက ကျဆင်းသွားတာမရှိဘူးလေ"ဟု မန္တလေးတိုင်းဒေသကြီး ဝက်မွေးမြူရေးအစုအဖွဲ့ဝင် ဦးမြတ်ကိုက ပြောသည်။

လက်ရှိတွင် ကြက်စာကုန်ကြမ်းမှာလည်း တစ်ပြည်လျှင် ကျပ် ၉၀၀ ရှိပြီး ယခင်က ကျပ် ၇၀၀ သာရှိကြောင်း၊ ဝက်စာကုန်ကြမ်း ဖွဲနုတစ်ပြည်လျှင် ယခင်နှစ်က ကျပ် ၅၀၀ သာရှိသော်လည်း ယခုနှစ်တွင် တစ်ပြည်လျှင် ကျပ် ၆၅၀ ရှိနေကြောင်း၊ နှမ်းဖတ်တစ်ပိဿာလျှင် ယခင်က ကျပ် ၂၅၀၀ သာ ရှိသော်လည်း ယခုအခါတွင် ကျပ် ၃၅၀၀မှ ကျပ် ၄၀၀၀ ကြား ရှိနေကြောင်း သိရသည်။



"တစ်နိုင်ငံလုံးမှာ ဆီထွက်နိုင်တဲ့အားက ၁၀ ရာခိုင်နှုန်းပဲ ရှိတော့တယ်၊ အဲဒါကြောင့် မွေးမြူရေး အစာကုန်ကြမ်းဖြစ်တဲ့ ပဲဖတ်၊ နှမ်းဖတ်တွေကိုလည်း ဆီစက်တွေက မကြိတ်နိုင်တော့ဘူး၊ ပဲဖတ်၊ နှမ်းဖတ်ဈေးကတော့ ထပ်တက်ဖို့ပဲ ရှိတော့တယ်"ဟု မြန်မာနိုင်ငံ ငါး၊ ပုစွန် အစာထုတ်လုပ်ရောင်းချသူများအသင်းဥက္ကဋ္ဌ ဒေါက်တာသက်မှူးက ပြောကြားသည်။

တစ်နှစ်လျှင် စီးပွားဖြစ် ဝက်ကောင်ရေ ၅၀၀၀၀၀ နှင့် ဒေသဝက် ၂ ဒသမ ၉ သန်းခန့်ကို ဈေးကွက်သို့ ပို့ပေးလျက်ရှိသော မြန်မာနိုင်ငံ ဝက်မွေးမြူရေးကဏ္ဍ တစ်ခုလုံးအတွက် အစာကုန်ကြမ်း လိုအပ်ချက်မှာ မက်ထရစ်တန် ၀ ဒသမ ၇၆ သန်းရှိကြောင်း၊ နို့စားနွားနှင့် ဝက်မွေးမြူရေးကဏ္ဍ နှစ်ရပ်ပေါင်း၏ အစာကုန်ကြမ်း လိုအပ်ချက်မှာ ၂၀၁၄ ခုနှစ်တွင် မက်ထရစ်တန် ၁ ဒသမ ၈၄သန်း၊ ၂၀၁၅ ခုနှစ်တွင် ၂ ဒသမ ၁၂ သန်း၊ ၂၀၁၆ ခုနှစ်တွင် မက်ထရစ်တန် ၂ ဒသမ ၅၄ သန်း ရှိခဲ့ရာမှ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်တွင် မက်ထရစ်တန် ၃ ဒသမ ၁၇ သန်း အထိ ရောက်ရှိလာနိုင်ကြောင်း သိရသည်။

**မြတ်သူ**(AMIA)

**ဓာတ်ပုံ-ကေဇူး**(AMIA)

# ကျေးရွာမီးလင်းရေးလုပ်ငန်းကို လူထုစစ်ဆေးပွဲပြုလုပ်

**ထီးလင်း မတ် ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ဟင်းခွတ်ကုန်းကျေးရွာ၌ လူထုဗဟိုပြုစီမံကိန်းအရ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကျေးရွာမီးလင်းရေးလုပ်ငန်းမှာ ပြီးစီးသွားပြီဖြစ်၍ ယင်းလုပ်ငန်း၏ အကျိုးရလဒ်နှင့် လုပ်ငန်းစဉ်အပေါ် လူထုစစ်ဆေးပွဲကို မတ် ၁၆ ရက်က ပြုလုပ်ခဲ့သည်။ လူထုစစ်ဆေးပွဲတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဌေးက အမှာစကား ပြောကြားပြီး လူထုဗဟိုပြု စီမံကိန်း နည်းပညာအကြံပေးအဖွဲ့မှ ဦးကျော်ဇေယျက စီမံကိန်းအကြောင်း ရှင်းလင်းသည်။

ထို့နောက် ကျေးရွာလူထုနှင့် စီမံကိန်းကော်မတီဝင်များက မီးလင်းရေးလုပ်ငန်းဆောင်ရွက်သည့် လုပ်ငန်းစဉ်နှင့် ရလဒ်ကို မဲပေးခဲ့သည်။ ထီးလင်းမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းအရ ကျေးရွာပေါင်း ၉၃ ရွာ၌ လုပ်ငန်းခွဲပေါင်း ၁၀၄ ခုကို ဆောင်ရွက်လျက်ရှိရာ ယခုပြုလုပ်သည့် လူထုစစ်ဆေးပွဲသည် သတ္တမအကြိမ်မြောက် ပြုလုပ်သော လူထုစစ်ဆေးပွဲ ဖြစ်ကြောင်းနှင့် အဆိုပါ မီးလင်းရေးလုပ်ငန်းသည် စီမံကိန်း ဒုတိယနှစ်စီမံကိန်းစက်ဝန်းအတွက် ကျေးရွာလူထုကိုယ်တိုင် ရွေးချယ်ဖော်ထုတ်ထားသောလုပ်ငန်းဖြစ်ကြောင်း သိရသည်။ **၁၀၁**

# ကွမ်းသီးဈေးနှုန်းကျ၍ ခြံပိုင်ရှင်များ စီးပွားရေးအကျပ်အတည်းနှင့်ရင်ဆိုင်ရ

**ကရသူရိ မတ် ၁၈**

တနင်္သာရီတိုင်းဒေသကြီး ကရသူရိမြို့ပေါ်နှင့် အခြားနေရာဒေသအသီးသီး၌ ကွမ်းသီးဈေးနှုန်းသည် ယခုနှစ် ဖေဖော်ဝါရီနှင့် မတ်လအတွင်း ယခင်နှစ်များကထက် တစ်ဝက်ကျော် ဈေးကျဆင်းနေခဲ့မှုကြောင့် ခြံပိုင်ရှင်များအနေဖြင့် စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေကြရကြောင်း သိရသည်။

"ကျွန်တော်တို့မှာ ကွမ်းသီးဈေးမကောင်းတော့ အဆင်မပြေကြဘူး၊ အရင်နှစ်တွေကဆို အိမ်အရောက်လာဝယ်ကြတာ ကွမ်းသီး တစ်ပိဿာကို ကျပ် ၆၀၀၀-၇၀၀၀အထိ ရတယ်၊ ဒီခုနှစ်ဆို ဒိုင်အိမ်ထိ သွားရောင်းတာတောင် ကျပ် ၂၅၀၀-၃၀၀၀ ဝန်းကျင်အထိပဲရတော့ အဆင်မပြေတော့ဘူး၊ ဈေးနှုန်းကတော့ နေရာတိုင်းမှာ ကျဆင်းနေတယ်လို့ သိရပါတယ်၊ ကွမ်းသီးကတော့ ယခင်နှစ်တွေကထက် ဒီနှစ်မှာ ပိုပြီးထွက်တယ်၊ ဒါပေမယ့် ဈေးမရှိတော့ စားဝတ်နေရေးမဖူလုံဘူး"ဟု ကွမ်းသီးခြံပိုင်ရှင်တစ်ဦးက ပြောသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ဒေသခံ တိုင်းရင်းသားများအနေဖြင့် ကွမ်းသီးခြံစိုက်ပျိုးရာတွင် အခြားနှစ်ရှည်သီးနှံများထက် ငွေအကုန်အကျနည်းပါးခြင်း၊ အလွယ်တကူ စိုက်ပျိုးနိုင်ခြင်းတို့ကြောင့် လူတန်းစားမရွေး ကွမ်းသီးခြံများ စိုက်ပျိုးလာကြ၍ တစ်နှစ်ထက်တစ်နှစ် ခြံပိုင်ရှင်ဦးရေ များပြားလာကာ ကွမ်းသီးဈေးနှုန်းမှာလည်း ကျဆင်းလာခြင်းဖြစ်နိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဆိပ်ကမ်းဟောင်းများကို ပြန်လည်အသုံးပြု၍ ဆန်တင်ပို့နိုင်အောင် စီစဉ်ပေးရန် အကြံပြုတောင်းဆိုထား

**ရန်ကုန် မတ် ၁၈**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း၏ ဆိပ်ကမ်းစရိတ်စကများ ကြီးမြင့်နေမှုကြောင့် ပြည်ပကုန်သည်များအနေဖြင့် လယ်ယာထွက်ကုန်များနှင့် ဆန်ကို အခြားပြိုင်ဘက်နိုင်ငံများတွင်သာ ဦးစားပေးဝယ်ယူမှုများ ပြုလုပ်နေကြသည့်အတွက် ဆိပ်ကမ်းစရိတ်များ လျော့ကျသွားစေရေးအတွက် ကိုလိုနီခေတ်က အသုံးပြုခဲ့သည့် မော်လမြိုင်၊ ပုသိမ်၊ စစ်တွေ၊ ထားဝယ်စသည့် ဆိပ်ကမ်းများကို ပြန်လည်အသုံးပြုနိုင်အောင် နိုင်ငံတော်ဘက်မှ ဆောင်ရွက်ပေးစေလိုကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)မှ အကြံပြုတောင်းဆိုထားသည်ဟု သိရသည်။

လက်ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းမှ ပြည်ပသို့ လယ်ယာထွက်ကုန်နှင့် ဆန်များကို တင်ပို့ရာတွင် ဆိပ်ကမ်းစရိတ်စကများမှာ ဒေသတွင်း အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်နှင့် ပါကစ္စတန်နိုင်ငံများထက် အမေရိကန်ဒေါ်လာ ၃၀ ဝန်းကျင်ခန့် မြင့်မားနေခြင်းကြောင့် ဆန်အရည်အသွေးတူသော်လည်း အဆိုပါနိုင်ငံများမှ ဦးစားပေး ဝယ်ယူနေကြပြီး ထိုနိုင်ငံများနှင့် အဆင်မပြေမှသာ မြန်မာနိုင်ငံမှ ဝယ်ယူနေခြင်းဖြစ်ကြောင်းလည်း သိရသည်။

"ကျွန်တော်တို့ တိုင်းပြည်ရဲ့ဆိပ်ကမ်းဈေးနှုန်းတွေ ကြီးမြင့်နေတာ ဒါတွေကို ဖော်ထုတ်ရပါမယ်၊ ရေရှည်မှာ ကျွန်တော်တို့နိုင်ငံဟာ ပြည်တွင်းဈေးကွက်မှာရော နိုင်ငံတကာဈေးကွက်မှာပါ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်အောင် ကျွန်တော်တို့က သူများနိုင်ငံတွေထက်သာလွန်အောင် လုပ်ရပါမယ်၊ တစ်ဖက်က ထုတ်လုပ်သူ တောင်သူလယ်သမားတွေရဲ့အကျိုးစီးပွားကို ရှေးရှုသလို တစ်ဖက်က စားသုံးသူပြည်သူလူထုရဲ့ အခြေအနေကိုလည်း လျစ်လျူရှုလို့မရပါဘူး"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF) အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ပြောသည်။



တန်ချိန် ၂၀၀၀၀ ဝင် ပင်လယ်ကူးသင်္ဘောကြီးများနှင့် မြန်မာနိုင်ငံ၏ ဆိပ်ကမ်းများတွင် ဝင်ရောက်ဆိုက်ကပ် ကုန်တင်ပါက ဆိပ်ကမ်းစရိတ် ကျသင့်ငွေများကို ကုန်ဝယ်ယူသူမှ ပေးချေရသည့်အတွက် နိုင်ငံတကာမှ ဆန်တန်ချိန်အများအပြား ဝယ်ယူသူအများစုသည် ပြည်ပဆန်တင်ပို့နေသည့် ဒေသတွင်း ပြိုင်ဘက်နိုင်ငံများတွင်ဝယ်ယူ၍ အဆင်မပြေမှသာ မြန်မာနိုင်ငံတွင် ဝယ်ယူရန် နောက်ဆုံးအခြေအနေအဖြစ် စဉ်းစားကြကြောင်း ဆန်ကုန်သည်များက ဆိုသည်။

လက်ရှိ ဘဏ္ဍာနှစ်အတွင်း (၂၀၁၇ ဧပြီလမှ ၂၀၁၈ ဖေဖော်ဝါရီ လဆန်းအထိ)တွင် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ တန်ချိန် သုံးသန်းကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၄၈ သန်းခန့် ရရှိထားပြီးဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် လာမည့် ၂၀၁၈-၂၀၂၀ ခုနှစ်များအတွင်း ပြည်ပသို့ ဆန်တန်ချိန် လေးသန်း၊ ငါးသန်းခန့် တင်ပို့နိုင်ရန် ရည်မှန်းထားပါက ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းအပြင် အခြား ပင်လယ်ထွက်ပေါက် ဆိပ်ကမ်းများကိုပါ ပင်လယ်ကူး ကုန်တင်သင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ် အသုံးပြုနိုင်အောင် ရေလမ်းကြောင်းအပါအဝင် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၏ လိုအပ်ချက်များကို ပြင်ဆင်တည်ဆောက်ထားရန် လိုအပ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ နိုင်ငံတော်အစိုးရ တာဝန်ရှိသူများထံ အကြံပြုပေးပို့ထားသည်ဟု သိရသည်။

"ဒီဆိပ်ကမ်းတွေက အရင်တုန်းကတော့ အသုံးပြုခဲ့ပါတယ်၊ အခု ပြန်အသုံးပြုမယ်ဆိုရင် ရေလမ်းကြောင်းတွေ ပြန်ပြုပြင်ရမယ်၊ နောက်ပြီးတော့ Port Facilities တွေ ပြန်ကြည့်ရဦးမှာပေါ့၊ နောက်ပြီးတော့ Export ၊ import ဖြစ်တဲ့အတွက် ကြောင့်မို့ စီးပွားကူးသန်းတို့ အကောက်ခွန်တို့လည်း ပတ်သက်တယ်၊ ဒီတိုင်း သွားလုပ်လို့တော့ မရဘူး၊ တစ်ချိန်တုန်းကတော့ ပုသိမ်ဆိပ်ကမ်းက လုပ်ဖူးပါတယ်၊ အဲ့ဒါတွေ ပြန်ပြည့်အောင် လုပ်ဖို့ကြိုးစားနေပါတယ်"ဟု ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က ပြောသည်။

လက်ရှိတွင် မြန်မာ့ဆန်များကို တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ အာဖဂန်နစ္စတန်နိုင်ငံ၊အိုင်ဗရီကို့စ်၊ ဘယ်လ်ဂျီယံ၊ ဂါနာ၊ မက်ဒါဂါစကာ၊ ဆီနီဂေါနှင့် ပိုလန်နိုင်ငံများကို တင်ပို့နေပြီး ပြီးခဲ့သည့်နှစ်များက နိုင်ငံပေါင်း ၄၀ ကိုသာ တင်ပို့နိုင်ခဲ့သော်လည်း ယခုနှစ်တွင် နိုင်ငံပေါင်း ၆၂ နိုင်ငံအထိ တိုးချဲ့တင်ပို့လာနိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာ့ဆန်တင်ပို့မှု ဈေးနှုန်းအနေဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၇ ရက် ဈေးနှုန်းများအရ တစ်တန်လျှင် ဆန်အမျိုးအစားအလိုက် အမေရိကန်ဒေါ်လာ ၃၅၆ ဒေါ်လာမှ အမြင့်ဆုံး အမေရိကန်ဒေါ်လာ ၄၃၀ ထိ ရရှိခဲ့ပြီး တင်ပို့ရာတွင် ဝယ်လိုအားနှင့် ဈေးကွက်အပေါ် မူတည်၍ အချို့ဆန်အမျိုးအစားများမှာ ပင်လယ်ရေကြောင်းမှ ပို့ခြင်းက ဈေးပိုရရှိသည်များ ရှိသကဲ့သို့ အချို့ဆန်နှင့် ဆန်ကွဲ အမျိုးအစားများမှာ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများမှ ပို့ခြင်းက ဈေးပိုမိုရရှိခဲ့ကြောင်း ကုန်သည်များက ဆိုသည်။

"စိန်ခေါ်မှုတွေကတော့ စပါးမျိုးစေ့၊ သွင်းအားစု၊ ကြိတ်ခွဲမှုစနစ်၊ ထုတ်လုပ်မှုကုန်ကျစရိတ်၊ ခေတ်မီ နည်းပညာတွေအပြင် သယ်ယူပို့ဆောင်ရေးစနစ်၊ ငွေကြေးလိုအပ်ချက်တွေနဲ့ ပြည်ပကို တင်ပို့ရာမှာလည်း Logistic ဆိုင်ရာကိစ္စတွေ ရှိနေတယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်(MRF) ဒုတိယဥက္ကဋ္ဌ ဦးမန်းကျော်ဝင်းက ပြောသည်။

မြန်မာနိုင်ငံတွင် လယ်ယာထွက်ကုန်စည်များအနက် ဆန်စပါးကို အဓိကစိုက်ပျိုးပြီး စုစုပေါင်း ဆန်ထုတ်လုပ်မှု၏ ၇၅ ရာခိုင်နှုန်းကျော်ကို ပြည်တွင်း၌စားသုံးကာ ပိုလျှံသောပမာဏကို ပြည်ပသို့တင်ပို့နေခြင်းဖြစ်ကာ ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁၇ သိန်းကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၅၄ သန်းခန့် ရရှိခဲ့ကြောင်း သိရသည်။

**ဖြိုးလွင်အောင်(AMIA)**
**ဓာတ်ပုံ- ကေဇူး(AMIA)**

# ကတိုက်ရေလှောင်တမံနှင့် ရင်းငြိမ်ရေထိန်းတံခါးတို့ဖြင့် စိမ်းလန်းနေသော မွန်တို့ဌာနေ

**ပေါင် မတ် ၁၈**

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရေပေးဝေခြင်း၊ ရေဘေးကာကွယ်ခြင်း၊ လယ်မြေများအတွင်း ဆားငန်ရေဝင်ရောက်မှု ကာကွယ်ခြင်း အစရှိသည့် ရေစီမံခန့်ခွဲခြင်းများကို ဆောင်ရွက်ပေးနိုင်ရန်အတွက် ရေလှောင်တမံနှင့် ရေသောက်စနစ်များ တည်ဆောက်ခြင်း၊ ရေထိန်းတံခါးများ တည်ဆောက်ခြင်းနှင့် တာဖို့ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောက်ရွက်လျက်ရှိသည်။

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း ကတိုက်ရေလှောင်တမံနှင့် ရေသောက်စနစ် တည်ဆောက်ခြင်း၊ ရေလှောင်တမံအောက်ရှိ ရင်းငြိမ်ချောင်းနှင့် မုတ္တမပင်လယ်ကွေ့အဆုံ ကျုံဟော်ကျေးရွာအနီးတွင် ရင်းငြိမ်ရေထိန်းတံခါး တည်ဆောက်ပေးခြင်းတို့ကြောင့် မိုးစပါးအပြင် နွေစပါးစိုက်ကေများပါ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၆)မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်သောင်းက ပြောသည်။

မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ကတိုက်ကျေးရွာအနီး ကတိုက်ချောင်းပေါ်တွင် ရေသောက်ဧရိယာ ၁၀၀၀၀ ဧကကို ရေပေးဝေစိုက်ပျိုးရန်အတွက် ကတိုက် ရေလှောင်တမံနှင့် ရေသောက်စနစ်ကို ၂၀၀၁-၂၀၀၂ ခုနှစ်တွင် လည်းကောင်း၊ ရေလှောင်တမံအောက်ရှိ ရင်းငြိမ်ချောင်းနှင့် ကျုံဟော်ချောင်းဘေးရှိ ရေကြီးကွင်းဧက ၂၀၀၀၀ ကျော်ကို မိုးရာသီတွင် ရေတော်မိုးတော် စိုက်ပျိုးလာနိုင်စေရန်အတွက် ရင်းငြိမ်ရေထိန်းတံခါးကို ၂၀၀၃-၂၀၀၄ ခုနှစ်တွင်လည်းကောင်း တည်ဆောက်အကောင်အထည်ဖော်ခဲ့သည်။



ရင်းငြိမ်ရေထိန်းတံခါး

အဆိုပါ ကတိုက်ရေလှောင်တမံနှင့် ရင်းငြိမ်ရေထိန်းတံခါးတို့ကို တည်ဆောက်ပြီးချိန်မှစတင်ပြီး ဒေသနေတောင်သူများအနေဖြင့် ၂၀၀၈-၂၀၀၉ ခုနှစ်တွင် နွေစပါး ဧက ၁၀၀၀၊ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ၄၆၆၅ ဧက၊ ယင်းနောက်နှစ်တွင် ၆၅၀၁ ဧက စသဖြင့် တဖြည်းဖြည်း တိုးချဲ့စိုက်ပျိုးလာရာ ပြီးခဲ့သော ၂၀၁၆-၂၀၁၇ ခုနှစ်တွင် နွေစပါး ၂၂၃၈၃ ဧကအထိ တိုးချဲ့စိုက်ပျိုးလာနိုင်ပြီဖြစ်သည်။ ကတိုက်ရေလှောင်တမံမှ ရေပေးဝေနိုင်သော ဧကမှာ ၁၀၀၀၀ သာဖြစ်သော်လည်း လက်ရှိ မြေပြင်တွင် အမှန်စိုက်ပျိုးနေသော နွေစပါးဧကမှာ ဒေသခံတောင်သူများအနေဖြင့် ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးနေသည်ကို တွေ့မြင်နေရသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ရေလေလွင့်ဆုံးရှုံးမှု မရှိစေရန်အတွက် မိုးရာသီအကုန်တွင် ရေလှောင်တမံနှင့် ရေထိန်းတံခါးအတွင်းရှိ ချောင်းမြောင်းများတွင် ရေပိုမိုသိုလှောင်ရရှိစေရန်အတွက် ရေသုံးစွဲသူများနှင့် စဉ်ဆက်မပြတ် ညှိနှိုင်းပြီး ရေပေးဝေခြင်းများကို ဆောင်ရွက်ခဲ့မှုကြောင့် မူလလျာထားသည့် ဧက ၁၀၀၀၀ ထက်များစွာ ပိုမိုစိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်သည်။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ယခုနှစ်တွင်လည်း နွေစပါး လျာထားဧက ၁၇၀၀၀ ကို ရေပေးဝေနိုင်ရန် ဆောင်ရွက်လျက်ရှိခြင်းကြောင့် နွေစပါးစိုက်ခင်းများ အောင်မြင်၍ ဒေသနေတောင်သူများ၏ လူမှုရေးနှင့် စီးပွားရေးတို့မှာ အမှန်ပင် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

**မင်းခန့် (မွန်)**

# ဘိုင်းဒါးရေလှောင်တမံ ပြုပြင်ထိန်းသိမ်းထားမှုကြောင့် နွေစပါးများ ပိုမိုစိုက်ပျိုးနိုင်

**ဒိုက်ဦး မတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဘိုင်းဒါးဆည်ရေသောက်စနစ်အတွင်းရှိ တူးမြောင်းများနှင့် တူးမြောင်း အဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားမှုကြောင့် ယခုနှစ်တွင် နွေစပါးနှင့် အခြားသီးနှံများကို ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ခုနှစ်တွင် မိုးရွာသွန်းမှု အားကောင်းခဲ့သောကြောင့် ဘိုင်းဒါးရေလှောင်တမံ၌ ကန်ရေ ၂၉၃၉၀၀ ဧကပေ သိုလှောင်နိုင်ခဲ့၍ ဒိုက်ဦးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ၏ နွေစပါးနှင့် အခြားသီးနှံ ဧက ၂၄၀၀၀ ကို ပြည့်မီအောင် စိုက်ပျိုးနိုင်မည့် လုံလောက်သောရေ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ဘိုင်းဒါးရေလှောင်တမံ ဆည်ရေများဖြင့် ဘိုင်းဒါးရေလွှဲဆည်မှတစ်ဆင့် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ တူးမြောင်းမကြီး အလျား ၁၆ ဒသမ ၁၉ မိုင်၊ လက်တံမြောင်း(၁၊ ၂၊ ၃၊ ၄) အလျား ၃၀ ဒသမ ၆၄ မိုင်၊ တိုက်ရိုက်မြောင်း ၁၂ ခု၊ မြောင်းခွဲပေါင်း ၃၂ ခုတို့ဖြင့် စိုက်ပျိုးရေများ ပေးဝေနေပြီဖြစ်ကြောင်း သိရသည်။

ယခင်နှစ်က နွေစပါး ၄၅၂၄ ဧက စိုက်ပျိုးခဲ့ပြီး ဈေးကွက်အနေအထားပေါ် ဒေသခံများ၏ တောင်းဆိုချက်အရ နွေစပါးများ ပိုမိုစိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေသောက်တောင်သူများနှင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက အခြားဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် ယခုနှစ်တွင် နွေစပါးဧက ၆၃၅၅ အထိ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်အတွက် ဘိုင်းဒါးဆည်ရေသောက် တောင်သူများအနေဖြင့် နွေစပါးအပြင် အခြားသီးနှံများကိုပါ ပိုမိုစိုက်ပျိုးနိုင်မှာဖြစ်သလို ကျွန်တော်တို့ဌာနအနေနဲ့လည်း ဒေသခံတောင်သူများရဲ့ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအဆင်ပြေစေဖို့အတွက် ဘိုင်းဒါးရေလှောင်တမံမှာ ကန်ရေပြည့် ရေသိုလှောင်ထားပါတယ်၊ ယခုနှစ်မှာ နွေစပါး ၆၃၅၅ ဧက စိုက်ပျိုးနေပြီဖြစ်လို့ ယခင်နှစ်ကထက် ၁၈၃၁ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါ တယ်"ဟု တည်ဆောက်ရေး(၁) ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆန်းညွှန့်ဦးက ပြောသည်။

ဒိုက်ဦးမြို့နယ် ရာဇကွင်းကျေးရွာမှ ဒေသခံတောင်သူ ဦးထွန်းမြင့်က "ဒီနှစ်က မိုးနှောင်းနောက်ကျလို့ အချိန်အခါမဟုတ် မိုးရွာသွန်းတဲ့အတွက် ပဲခင်းများ၊ ဖရဲခင်း များ ရေနှစ်ပျက်စီးခဲ့ရတယ်၊ အဲဒီနေရာမှာ နွေစပါးစိုက်ပျိုးဖို့ ဆည်ရေနဲ့လွယ်လွယ် ကူကူစိုက်ပျိုးနိုင်လို့ အဆင်ပြေပါတယ်၊ ဆည်ရေကအသင့်ရှိတော့ နွေစပါးထပ် စိုက်နေကြပြီ၊ လာမယ့်နှစ်မှာလည်း နွေစပါးများ ဒီထက်တိုးပြီး စိုက်ပျိုးနိုင်ဖို့ ရည်ရွယ် ထားပါတယ်"ဟု ပြောသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် ဘိုင်းဒါးဆည်ရေသောက်စနစ်အတွင်းရှိ တူးမြောင်းများနှင့် တူးမြောင်းအဆောက်အအုံများ ပြင်ဆင် ထိန်းသိမ်းခြင်းနှင့် ရေပေးဝေရေးလုပ်ငန်းများကို ဌာနမှ ဦးစီးအရာရှိများ၊ ဦးစီးမှူးများ၊ ဒုဦးစီးမှူးနှင့် လုပ်သားများက အင်တိုက်အားတိုက် ဆောက်ရွက်ထားမှု၊ ဒေသခံတောင်သူများ ပူးပေါင်းပါဝင်မှုကြောင့် နွေစပါး လျာထားဧကမှာ ၄၅၂၄ ဧကဖြစ် သော်လည်း ယခုအခါ ၆၃၅၅ ဧကအထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# ငရုတ်ကောင်းဈေးကျ၍ ရေးမြို့နယ်မှ ငရုတ်ကောင်းစိုက်တောင်သူများ အဆင်မပြေဖြစ်နေ

**ရေး မတ် ၁၈**

မွန်ပြည်နယ် ရေးမြို့နယ်ဒေသအတွင်း ငရုတ်ကောင်းစိုက်ပျိုးရာတွင် ယခုနှစ်အတွင်း အထွက်နှုန်းနည်းပါးသည့်အပြင် ဈေးနှုန်းမှာလည်း ဈေးကောင်းမရသဖြင့် ငရုတ်ကောင်းစိုက်ပျိုးသည့် တောင်သူများရော ကုန်သည်များပါ အဆင်မပြေဖြစ်နေကြကြောင်း သိရသည်။

"ဒီနှစ်က ရာသီဥတုဖောက်ပြန် မမှန်တာကြောင့် အရင်နှစ်က အထွက်များတဲ့အချိန်က ငရုတ်ကောင်း ပိဿာ ၈၀ လောက် ထွက်တဲ့ခြံဟာ အခု ၁၈ ပိဿာလောက်သာထွက်ရှိပြီး ဈေးကလည်းပြီးခဲ့နှစ်ကထက် ၅၀၀၀ နီးပါး ကျဆင်းလာတဲ့အတွက် တောင်သူတွေအနေနဲ့ ဝင်ငွေထိခိုက်တဲ့နှစ်ဖြစ်တယ်"ဟု ငရုတ်ကောင်းပျိုးသည့် တောင်သူ ဦးတင်မောင်ဦးက ပြောသည်။

ရေးမြို့မှ ငရုတ်ကောင်းအဝယ်ဒိုင် ကုန်သည် ဦးမောင်အေးကလည်း "ဒီနှစ်ရာသီမှာ ထိုင်းနယ်စပ်ဘက်ကနေ ဗီယက်နမ်ငရုတ်ကောင်းတွေ ဝင်လာတဲ့အခါ ပြည်တွင်းငရုတ်ကောင်းတွေက ဈေးကွက်မရတာကြောင့် ဒေသထွက်ငရုတ်ကောင်းက ဈေးနှုန်းအကျဘက်ကိုရောက်ပြီး အရောင်းအဝယ်လည်း အေးလာတယ်၊ အဝယ်ဒိုင်တွေ ကုန်သည်တွေ အများစုလည်း တွက်ခြေမကိုက်ကြဘဲ ဖြစ်နေပါတယ်"ဟု ပြောသည်

ရေးမြို့နယ်ဒေသထွက် ငရုတ်ကောင်းများကို သီးစုံခြံများတွင် ကြားညှပ်စိုက်ပျိုးထားကြရာ တပို့တွဲလတွင် အများဆုံးထွက်ရှိပြီး ဈေးကွက်အနေဖြင့် မော်လမြိုင်နှင့် ရန်ကုန် ပွဲရုံဈေးကွက်များအထိ တင်ပို့လေ့ရှိကြောင်း၊ ပြီးခဲ့သည့်နှစ်က ယခုလို အချိန်တွင် ငရုတ်ကောင်း တစ်ပိဿာလျှင် ကျပ်တစ်သောင်းခွဲခန့်ရပြီး ယခုနှစ်တွင် ကျပ်ကိုးထောင်ဝန်းကျင်သာရနေကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**

# ကော်ဖီစိုက်တောင်သူများအား ဆေးဝါးအသုံးပြုမှုနှင့် နည်းပညာများကို ပြင်သစ်ပညာရှင်များက ပို့ချပေးမည်

**ရန်ကုန် မတ် ၁၈**

မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးထုတ်လုပ်သူတောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ ဆေးဝါးများ အသုံးပြုမှုနှင့် နည်းပညာများကို ပြင်သစ်နိုင်ငံရှိ ကျွမ်းကျင်သူသုံးဦး ဖိတ်ကြား၍ သင်တန်းပေးရန် ရှိနေကြောင်း ပြင်ဦးလွင်မြို့နယ် ရတနာမြေ ရောမြေ တန်ဖိုးမြှင့်ကော်ဖီထုတ်လုပ်ရေးလုပ်ငန်းစုမှ သိရသည်။

“လက်တွေ့မှာ အရည်အသွေးမြင့် ကော်ဖီတွေကို ထုတ်လုပ်တင်ပို့နေတဲ့ ကျွမ်းကျင်တဲ့ ပြင်သစ်က ပညာရှင်အဆင့် သုံးဦးကို ဖိတ်ခေါ်ဖို့ရှိတယ်၊ ပြီးရင် မြို့နယ်အတွင်းက စိတ်ဝင်စားမယ့် ကော်ဖီစိုက်တောင်သူတွေနဲ့ ပေးတွေ့မယ်၊ အပြန်အလှန်ဆွေးနွေးကြမယ်၊ နောက်နှစ်လလောက်ဆိုရင်တော့ ပညာရှင်တွေ ရောက်လာနိုင်မှာပါ၊ လက်ရှိအထိတော့ သူတို့လာနိုင်မယ့်ရက်ကို တိတိကျကျ မသိသေးဘူး၊ သိရပြီဆိုတာနဲ့ စိုက်ခင်းတွေအရောက် လေ့လာရေးခရီး ပြုလုပ်သွားမှာဖြစ်တယ်”ဟု ထိုလုပ်ငန်းစုမှ မန်နေဂျာ ဒေါက်တာသာမြတ်ထူးက ပြောသည်။

ထို့အပြင် တောင်သူတို့အား ပြင်သစ်နိုင်ငံတွင် အောင်မြင်စိုက်ပျိုးနေသည့် ဟင်းသီးဟင်းရွက်များ၊ သစ်သီးအစိုများ၊ စပျစ်ဝိုင်ချက် လုပ်ငန်းများ၊ ဈေးကွက် ရှာဖွေရေးဆိုင်ရာ လက်စွဲစာအုပ် ပြုစုခြင်းများ၊ လိုက်နာစိုက်ပျိုးရမည့် နည်းပညာအချက်အလက်ဆိုင်ရာ လက်စွဲစာအုပ်များကို တောင်သူတို့ထံ ဖြန့်ဝေပေးရန်ရှိကြောင်းလည်း သိရသည်။



“တန်းမြင့်ကော်ဖီထုတ်နိုင်ဖို့ တောင်သူတွေ ကြိုးစားနေတဲ့အပိုင်းတွေ ရှိတယ်၊ ပါကင်စနစ်နဲ့ မြန်မာတံဆိပ်ကပ်ပြီး ပို့နိုင်မှလည်း ဘယ်နိုင်ငံထုတ်ဆိုတာ သိလာမှာ၊ နောက် လုပ်ကွက်ငယ်စိုက်သူတွေကို အားပေးပံ့ပိုးပေးဖို့ လိုတယ်၊ ဒီမှာက တစ်ပိုင်တစ်နိုင် လုပ်ကွက်ငယ်က ပိုများတယ်”ဟု ယင်းအစုအဖွဲ့ စီမံကိန်း ဒါရိုက်တာ ဦးခိုင်လင်းစိုးက ပြောသည်။

လက်ရှိအချိန်တွင် မြန်မာ့ကော်ဖီကို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀၀ မှ ၄၀၀၀ ခန့်ဖြင့် ပြည်ပဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိပြီး တောင်ကိုရီးယား၊ ဂျပန်နှင့် ထိုင်ဝမ်သို့ အာရေဗီကား ကော်ဖီကို အဓိက တင်ပို့နေသည်။ လက်ရှိတွင် ပြည်ပတင်ပို့သည့် ကော်ဖီဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀၀ ခန့်ရှိပြီး အမေရိကန်သို့ တင်ပို့ပါက ယင်းဈေးထက်ပိုရကြောင်း သိရသည်။

လက်ရှိ ကော်ဖီပင်စိုက်ပျိုးမှုနှင့် ဈေးကွက်ရရှိမှုမှာ ၂၀၁၆ ခုနှစ်ထက် ၁၁ ရာခိုင်နှုန်း ပိုမိုရရှိလာပြီး မြန်မာ့ကော်ဖီ၏ အရည်အသွေးပိုင်းနှင့် စိုက်ပျိုးမှုလည်း အားကောင်းလာကြောင်း၊ ရှာငံမြို့နယ် တစ်ခုတည်း၌ပင် စိုက်ဧက စုစုပေါင်း ၆၆၀၀ ကျော် ရှိလာကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ကော်ဖီတန်ချိန် ၇၀၀၀ ခန့် ထွက်ရှိနေပြီး ၅၀ ရာခိုင်နှုန်းခန့်ကို ပြည်ပသို့ တင်ပို့နေကာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်နှင့် ရှမ်းပြည်နယ် အတွင်းရှိ မိုးကုတ်နှင့် နောင်ချိုဒေသများမှ အဓိက ထွက်ရှိခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးလျက်ရှိသည့် ဒေသများမှာ တောင်ငူ၊ ပြင်ဦးလွင်၊ မိုးကုတ်၊ ရှမ်းပြည်နယ်ရှာငံဒေသနှင့် ချင်းပြည်နယ်တို့ဖြစ်ပြီး မြန်မာနိုင်ငံထွက် အထူးတန်းကော်ဖီကို ၂၀၁၆ ခုနှစ်မှစ၍ အမေရိကန်သို့ တင်ပို့ခဲ့ကာ ဂျပန်၊ တရုတ်(ထိုင်ပေ)၊ ဆွစ်ဇာလန်နှင့် အာရှနိုင်ငံများသို့ ကော်ဖီဈေးကွက် ချဲ့ထွင်နိုင်ခဲ့ကြောင်း သိရသည်။

**မြတ်သူ**(AMIA)
**ဓာတ်ပုံ-ကေဇူး**(AMIA)

# နည်းပညာပိုင်းအားနည်း၍ ကွမ်းခြံစိုက်သူများ ဆုံးရှုံးနစ်နာမှုများရှိနေ

**ရန်ကုန် မတ် ၁၈**

ရောဂါပိုးကျရောက်၍ ပျက်စီးခဲ့သော ကွမ်းခြံများကို ပြန်လည်စိုက်ပျိုးရန် ပြင်ဆင်ရာတွင် မြေစမ်းစက်ဖြင့် စမ်းသပ်အတည်ပြုပြီးမှ စိုက်ပျိုးရန်လိုသော်လည်း တောင်သူများ အနေဖြင့် သိရှိလိုက်နာမှု အားနည်း၍ မလိုအပ်ဘဲ ဆုံးရှုံးနစ်နာမှုများရှိနေကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

“ကွမ်းခြံမှာ ပိုးကျလို့ပဲဖြစ်ဖြစ် ရာသီဥတုကြောင့်ပဲဖြစ်ဖြစ် နောက်တစ်ဖန် ပြန်စိုက်မယ်ဆိုရင် မြေစမ်းစက်နဲ့ မြေရဲ့ရေထုနဲ့ မြေဆီလွှာ PH ပမာဏကို စစ်ဆေးမှု မဖြစ်မနေပြုဖို့ လိုနေပေမယ့် တောင်သူတွေက ကုန်ကျစရိတ် ထပ်တက်မှာကြောက်လို့ မလုပ်ကြဘဲ ဒီအတိုင်း ရေခံစိုက်တဲ့အခါ အထွက်နှုန်းနည်းတာနဲ့ ကွမ်းရွက် အရည်အသွေးပိုင်းကျဆင်းတာ တွေ့ရပါတယ်”ဟု ပန်းတနော်မြို့နယ်ရှိ ကွမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။

မြေအချဉ်ဓာတ်တိုင်း ကိရိယာမှာ ပစ္စည်းအရည်အသွေးအပေါ် မူတည်၍ တန်ဖိုးကျပ်တစ်သိန်းမှ ကျပ် ၁၀ သိန်းကြား ရှိခြင်းကြောင့် ထိုပစ္စည်းဝယ်ယူအသုံးပြုရန် မတတ်နိုင်သော တောင်သူများအတွက် အခကြေးငွေဖြင့် လိုက်လံဝန်ဆောင်မှုပေးသင့်ကြောင်းလည်း တောင်သူများက ဆိုသည်။ မြေချဉ်ငန်ဓာတ်တိုင်း ကိရိယာဖြင့် မြေကြီးအတွင်းရှိ ချဉ်ငန်ဓာတ်နှင့် အစိုဓာတ်များကို လွယ်ကူစွာ တိုင်းတာနိုင်ပြီး ထိုပစ္စည်းကို အိမ်တွင်းအိမ်ပြင် အပင်များ၊ ဥယျာဉ်ခြံများနှင့် သီးနှံစိုက်ခင်းများတွင် မြေကြီး၏ ချဉ်ငန်ဓာတ်၊ အစိုဓာတ် တိုင်းတာခြင်းများအတွက်လည်း အသုံးပြုနိုင်သည်ဟု သိရသည်။

မြေအချဉ်ငန်ဓာတ် တန်ဖိုးသည် အရည်အသွေးရှိသော သီးနှံထုတ်လုပ်မှုအတွက် အရေးပါကြောင်း၊ သီးနှံအများစုမှာ အလွန်ချဉ်သော (သို့) အလွန်ငန်သော မြေကြီးများတွင် ကောင်းစွာမဖြစ်ထွန်းနိုင်သောကြောင့် မှန်ကန်သော မြေချဉ်ငန်ဓာတ် တိုင်းတာခြင်းသည် သင့်လျော်သော အထွက်နှုန်းရရန်အတွက် မရှိမဖြစ် လိုအပ်ကြောင်း သိရသည်။

“မြေချဉ်ငန်တိုင်းစက်က ရန်ကုန်က ဝယ်တာပါ၊ အသုံးပြုနည်းက ချဉ်ငန်ကိန်းတိုင်းတာပါ၊ ကိန်းဂဏန်းတွေ ထွက်လာတာကို ကြည့်ပြီးတော့ ဓာတုဆေးတွေ အစားထိုး သုံးကြတယ်၊ ဓာတုဓာတ်ကြွင်းတွေရဲ့ဆိုးကျိုးအနေနဲ့ အပင်သက်တမ်းတိုတာ၊ ပိုးကျတာ၊ ရောဂါထူတာ၊ ထွက်နှုန်းလျော့တာ၊ အလေးချိန်မစီးတာ၊ ဓာတုဓာတ်ပါလို့ ဈေးကောင်းမရတာ၊ မြေပျက်စီးတာနဲ့ ရာသီဥတုဒဏ်မခံတာတွေ ဖြစ်တတ်တော့ နောက်ဆက်တွဲ ကုန်ကျစရိတ်လည်း ပိုများလာမယ်”ဟု မြောင်းမြမြို့နယ်ရှိ ကွမ်းစိုက်တောင်သူ ဦးအောင်သက်ထွန်းက ပြောသည်။

ကွမ်းစိုက်မည့်မြေကို ပြုပြင်ရာတွင် ထုံးနှံ့အောင်ဖြူးပြီး ထယ်ထိုးမှောက်ပေးရန် လိုအပ်ကြောင်း၊ ကျောက်မှုန့်ထည့်ခြင်း၊ နွားချေး သဘာဝမြေဩဇာနှင့် တီစူပါ နေရာအနှံ့ ပက်ကြဲခြင်း၊ ဝါးတိုင်စိုက်ပြီး လိုအပ်သည့် နိုက်ထရိုက်ဂျင်ဓာတ် ပါဝင်ပစ္စည်းများ အသုံးပြုခြင်းဖြင့် မြေပြုပြင်ရာရောက်ကြောင်း သိရသည်။ ကွမ်းပင်များသည် သဘာဝအလျောက် ရေသောက်မြစ်(Top Root)များမရှိဘဲ မူခြားမြစ်(Advantage Root) သာရှိသော မျိုးဖြစ်ကာ ရာသီပင်မဟုတ်သော နှစ်ရှည်ပင်လည်းဖြစ်ရာ အစာကျွေးမမှန်ကန်ပါက ထိခိုက်မှုကြီးမားနိုင်သော အပင်မျိုးဖြစ်သည်။



မြန်မာ့ကွမ်းများ နိုင်ငံခြားကွမ်းဈေးကွက်တွင် ရေရှည်တည့်တံ့ရန်အတွက် အရည်အသွေးကောင်း ကွမ်းများကို တစ်နှစ်ပတ်လုံး ထုတ်လုပ်နိုင်ခြင်း၊ ဓာတုဆေးကြွင်းများကင်းစေရန် အထူးသတိပြုခြင်း၊ အော်ဂဲနစ်၊ ဓာတုဆေးကြွင်းများ မပါရှိရန် ပိုးသတ်ခြင်း၊ ရောဂါကာကွယ်ခြင်း၊ အစာကျွေးခြင်းကိစ္စများတွင် ထိရောက်သော နည်းစနစ်များကို ဖော်ထုတ်အသုံးပြုခြင်း စသည့် စိုက်ပျိုးနည်းလမ်းများကို သတိပြုလိုက်နာ၍ စိုက်ပျိုးထုတ်လုပ်ကြရန်လိုအပ်ကြောင်း သိရသည်။

**ဇာလင်းသူ**(AMIA)၊ **ဓာတ်ပုံ-ကေဇူး**(AMIA)

## တစ်ပတ်အတွင်း စိုက်ပျိုးရေးထွက်ကုန်ဈေးကွက်

**(မတ် ၁၂ ရက်မှ ၁၆ ရက်အထိ)**

ဒီတစ်ပတ်မှာတော့ မတ်ပဲ ရော ပဲစင်းငုံနီရော ဈေးပြန်တက်လာပါတယ်။ ပြီးခဲ့တဲ့ အပတ်က စပါးဝယ်ယူတာနဲ့ ပတ်သက်ပြီး အခြေခံနှုန်းထားသတ်မှတ်လိုက်တဲ့ အတွက် စပါးဈေးရော ဆန်ဈေးပါ ဈေးတက်လာခဲ့ပါတယ်။

**စပါး**

ပြီးခဲ့တဲ့အပတ်က မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်းက အခြေခံစပါးဈေး ဝယ်ယူမှုကို ငွေကျပ် ငါးသိန်း သတ်မှတ်ပေးလိုက်တဲ့နောက်မှာ စပါးဈေးတက်လာခဲ့ပါတယ်။ အခြေခံနှုန်းထားသတ်မှတ်လိုက်တာဟာ ပြည်ပဈေးကွက်ဝင် ပထမတန်းစားဆန်တွေကို စိုက်ပျိုးမှုနည်းတဲ့ တောင်သူငယ်တွေကို အဓိကထားရည်ရွယ်တာလည်း ဖြစ်ပါတယ်။ အခြေခံနှုန်းထားနဲ့ ဝယ်ယူမှုကို လာမယ့် မိုးစပါးကနေ စတင်ဝယ်ယူသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အဆိုပါ ထုတ်ပြန်ချက်ကို ကြေညာပြီးတဲ့နောက်မှာ စပါးက တင်း ၁၀၀ ကို အနည်းဆုံး ကျပ် ၄၀၀၀၀ နီးပါးအထိ ဈေးတက်သွားတာကို တွေ့ရပါတယ်။ ပထမတန်းစား ဆန်တွေဖြစ်တဲ့ ရှေဝတီပေါ်ဆန်းက တင်း ၁၀၀ ကို ကျပ် ၁၀၀၇၀၀၀ ကျော်ပေါက်ဈေးရှိပြီး တင်း ၁၀၀ ကို ကျပ် ၄၀၀၀၀ ကျော်၊ ပေါ်ဆန်းရင်က တင်း ၁၀၀ ကို ၉၀၂၀၀၀ ပေါက်ဈေးနဲ့ ကျပ် ၃၀၀၀၀ ကျော်၊ ဖျာပုံပေါ်ဆန်းက တင်း ၁၀၀ ကို ၉၂၈၀၀၀ ကျော်နဲ့ ကျပ် ၄၀၀၀၀ ကျော် ဈေးတက်လာခဲ့ပါတယ်။

ဒုတိယတန်းစား စပါးတွေဖြစ်တဲ့ ရွှေသွယ်လေးနဲ့ ရှောမင်းက တင်း ၁၀၀ ကို ကျပ် ၆၉၀၀၀၀ ပေါက်ဈေးရှိပြီး တင်း ၁၀၀ ကို ကျပ် ၅၀၀၀၀၊ သီးထပ်ရင်က တင်း ၁၀၀ ကို ကျပ် ၅၇၉၀၀၀ ကျော်ပေါက်ဈေးရှိပြီး ကျပ် ၂၀၀၀၀ ကျော် ဈေးတက်လာခဲ့ပါတယ်။ တခြားအမျိုးအစားဖြစ်တဲ့ မနောသုခက တင်း ၁၀၀ ကို ၅၉၈၀၀၀ နဲ့ မီးကောက်က ၆၁၆၄၀၀ ရှိပြီး ဈေးအပြောင်းအလဲ မရှိခဲ့ပါဘူး။

**ဆန်**

ဆန်ကတော့ ရှေဝတီတိုင်းမှာတင်မဟုတ်ဘဲ နယ်စုံမှာပါ ဈေးကတက်လာပါတယ်။ ပြည်ပတင်ပို့မှုကလည်း တိုးလာတဲ့အတွက် ဈေးက တက်လာခဲ့တာလည်း ဖြစ်ပါတယ်။ ရှေဝတီတိုင်းမှာတော့ ရှေဝတီပေါ်ဆန်းဆန်က တစ်တင်းခွဲကို ကျပ် ၃၉၀၀၀၊ ပေါ်ဆန်းရင်က ကျပ် ၃၇၀၀၀၊ ဖျာပုံပေါ်ဆန်းက ကျပ် ၃၈၀၀၀ နဲ့ တစ်တင်းခွဲကို ကျပ် ၁၀၀၀ လောက်တက်လာပါတယ်။ဆန်ကြမ်းဖြစ်တဲ့ ရွှေသွယ်လေးနဲ့ရှောမင်းက တစ်တင်းခွဲကို ၂၇၅၀၀၊ မနောသုခ ဆန်က ၂၄၀၀၀၊ မီးကောက်က ၂၄၅၀၀ တို့ ပေါက်ဈေးရှိပြီး တစ်တင်းခွဲကို ၅၀၀ ကနေ ၁၀၀၀ ကြားအထိ ဈေးတက်လာပါတယ်။

တခြားပြည်နယ်နဲ့ တိုင်းတွေမှာလည်း ဆန်ချောတစ်တင်းခွဲကို အနည်းငယ်ဆုံး ကျပ် ၁၀၀၀ ကနေ ၃၀၀၀ ကြားအထိ ဈေးတက်လာပြီး ဆန်ကြမ်းကလည်း တစ်တင်းခွဲကို အနည်းဆုံး ၅၀၀ ကနေ ၁၅၀၀ ကြားဈေးတက်လာပါတယ်။

**မတ်ပဲ** (FAQ/RC)

ပြီးခဲ့တဲ့ အပတ်က ဈေးကျဆင်းသွားတဲ့ မတ်ပဲက ဒီတစ်ပတ်မှာတော့ ဈေးအနည်းငယ်ပြန်တက်လာပါတယ်။ ပြည်ပဝယ်လိုအားများရင် ဈေးတက်ပြီး ပြည်ပဝယ်လိုအားနည်းရင် ဈေးကျတဲ့ အမျိုးအစားဖြစ်တဲ့အတွက် မတ်ပဲရဲ့ဈေးတက်မှုက ပြည်ပဝယ်လိုအားနဲ့ တိုက်ရိုက်သက်ဆိုင်နေတယ်လို့လည်း ပြောလို့ရပါတယ်။

လက်ရှိ အိန္ဒိယနိုင်ငံမှာလည်း ၂၀၁၈- ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံတကာက ပဲတင်သွင်းမှုကို ကန့်သတ်ထားဖို့ စိုက်ပျိုးထုတ်လုပ်သူတွေနဲ့ ကုန်သည်တွေက တောင်းဆိုနေပါတယ်။ လက်ရှိ သတ်မှတ်ထားတဲ့ အရေအတွက်က ကျန်ရှိနေသေးတဲ့အတွက် ထပ်ပြီး တင်သွင်းမှုဆက်လုပ်မယ်ဆိုရင် ပြည်တွင်းမှာ လက်ကျန်ပဲတွေ အများအပြားကျန်ရှိနေမှာကို ကုန်သည်တွေအနေနဲ့ စိုးရိမ်နေမှုတွေလည်း ရှိနေပါတယ်။ ဒါ့အပြင် ပြည်ပတင်သွင်းတဲ့ပဲက ပြည်တွင်းပဲထက် ဈေးသက်သာနေတဲ့အတွက် တောင်သူတွေအနေနဲ့လည်း အုံကြွမှုတွေဖြစ်ပေါ်နေတယ်လို့ သိရပါတယ်။ အိန္ဒိယနိုင်ငံကသာ လက်ရှိကန့်သတ်မှုထက် ဆက်ပြီး ကန့်သတ်မယ်ဆိုရင် မတ်ပဲနဲ့ ပဲစင်းငုံက ထပ်ပြီးဈေးကျဆင်းနိုင်ဖွယ်ရှိနေပါတယ်။

လတ်တလောမှာတော့ ရန်ကုန်ကုန်စည်ဒိုင်မှာ မတ်ပဲတစ်တန်ကို ကျပ် ငါးသိန်းအထိ ဈေးပြန်တက်ခဲ့ပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၁၅၃၀၀ ရှိပြီး ၃၀၀ ကျပ် ဈေးတက်လာပါတယ်။ မုံရွာမှာတော့ ဈေးအနည်းငယ်တက်ပေမယ့် နေပြည်တော်ကုန်စည်ဒိုင်နဲ့ ပြည်ကုန်စည်ဒိုင်မှာတော့ ဈေးကျဆင်းသွားပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကလည်း ဒီတစ်ပတ်မှာ ဈေးအနည်းငယ်ပြန်တက်လာပါတယ်။ ပဲတွေကို ရန်ကုန်ဝယ်လက်တွေက အဝယ်များနေပေမယ့် တောင်သူတွေက အတက်ဈေးကို စောင့်နေတဲ့အတွက် အရောင်းနည်းပြီး ဈေးကွက်မှာ တက်နေတာလည်းဖြစ်ပါတယ်။ ပဲစင်းငုံနီက အိန္ဒိယနိုင်ငံကို အဓိကတင်ပို့နေတာလည်းဖြစ်တဲ့အတွက် ပြည်ပဝယ်လိုအားပေါ်မှာလည်း သက်ရောက်မှုရှိနေပါတယ်။

ရန်ကုန် ကုန်စည်ဒိုင်မှာ ဈေးအနည်းငယ်တက်ခဲ့ပေမယ့် မုံရွာကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ၁၀၇၀၀ ရှိပြီး ၃၀၀ကျပ် ဈေးကျဆင်းသွားပါတယ်။ မြင်းခြံကုန်စည်ဒိုင်မှာတော့ တစ်ပိဿာကို ကျပ် ၄၇၀ ရှိပြီး ကျပ် ၇၀ ဈေးကျဆင်းသွားပါတယ်။ နေပြည်တော်ကုန်စည်ဒိုင်မှာတော့ တစ်အိတ်ကို ၄၃၅၀၀ ရှိပြီး တစ်အိတ်မှာ ကျပ် ၂၅၀၀ လောက် ဈေးကျဆင်းသွားပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာလည်း တစ်ပိဿာကို ၄၇၅ ကျပ်ရှိပြီး တစ်ပိဿာကို ၂၅ ကျပ်ဈေး ကျဆင်းသွားပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၁၂၀၀ ရှိပြီး တစ်တင်းမှာ ၄၀၀၀ ကျပ်ဈေး ကျဆင်းသွားခဲ့ပါတယ်။

**ကုလားပဲ**

ပြီးခဲ့တဲ့အပတ်က ပဲအသစ်တွေ အဝင်များတဲ့အတွက် ဈေးကျဆင်းခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးတက်လာပါတယ်။ အဝင်ရှိသလောက် အဝယ်ရှိတဲ့အတွက် ဈေးကတက်လာတာလည်း ဖြစ်ပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ ကုလားပဲလုံး (ဖြူဝါ)ကြီး တစ်တင်းကို ကျပ် ၂၆၀၀၀ ကနေ ၂၇၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းမှာ ကျပ် ၂၀၀၀ ကျော် ဈေးတက်လာပါတယ်။မုံရွာကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ၂၂၀၀၀ ကနေ ၂၆၀၀၀ ကြား ပေါက်ဈေးရှိပြီး ဈေးငြိမ်နေပါတယ်။ မြင်းခြံကုန်စည်ဒိုင်မှာ တစ်ပိဿာကို ၁၂၅၀ ကနေ ၁၃၂၅ ကျပ်၊ ပခုက္ကူကုန်စည်ဒိုင်မှာတော့ ၁၃၀၀ ကနေ ၁၄၀၀ ကြား ပေါက်ဈေးရှိနေပါတယ်။

**ကြက်သွန်ဖြူ**

လက်ရှိမှာ ရှမ်းကြက်သွန်ဖြူတွေ အသစ်ဝင်ရောက်လာပြီး အစိုဓာတ်များတဲ့အတွက် အရည်အသွေးပိုင်းမှာ အားနည်းနေပြီး ဈေးကလည်း ကျဆင်းသွားပါတယ်။ တစ်ပိဿာကို ကျပ် ၅၀၀ နီးပါးအထိ ဈေးကျဆင်းသွားခဲ့တာဖြစ်ပါတယ်။

နေပြည်တော်ကုန်စည်ဒိုင်မှာ တစ်ပိဿာကို ၂၀၀၀ ကျပ် ပေါက်ဈေးရှိပြီး တစ်ပိဿာမှာ ကျပ် ၅၀၀ လောက် ဈေးကျဆင်းသွားပါတယ်။ ရန်ကုန်မှာတော့ တစ်ပိဿာကို ၁၁၀၀ ကနေ ၁၈၀၀ ကြားရှိပြီး ၅၀၀ကျပ်ခန့် ဈေးကျဆင်းသွားသို ပြည်ကုန်စည်ဒိုင်မှာတော့ တစ်ပိဿာကို ၁၅၀၀ ကျပ်ဝန်းကျင်ရှိပြီး တစ်ပိဿာမှာ ၅၀၀ ကျပ်ခန့် ဈေးကျဆင်းသွားပါတယ်။

**ဝတ်ရည်မွန်**(AMIA)

# ဘက်ပေါင်းစုံမှ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာတော့မည့် မြိတ်မြို့ဒေသ

**သတင်းဆောင်းပါး - သီသီမင်း၊ မင်းသစ်(MNA)၊ ဓာတ်ပုံ - နေလင်း**



မြိတ်မြို့ကမ်းနားလမ်းတွင် Sea View Condo ဆောက်လုပ်နေသည့် အဆောက်အအုံ နမူနာပုံစံ

မြန်မာနိုင်ငံတောင်ဘက်ပိုင်း တနင်္သာရီတိုင်းဒေသကြီးမှ မြိတ်မြို့သည် ရှေးယခင်က ကုန်စည်ဖလှယ်ရာ ဆိပ်ကမ်းမြို့အဖြစ် ထင်ရှားသောမြို့တစ်မြို့ဖြစ်ခဲ့ပြီး အေဒီ ၁၆ ရာစုကုန်မှ ၁၈ ရာစုနှစ်များအတွင်း ပါရှန်းပင်လယ်တစ်ဝိုက်မှ ထွက်ကုန်များကို ထိုင်းနိုင်ငံသို့ပို့ဆောင်ရာတွင် မြိတ်မြို့ကို ဆိပ်ကမ်းမြို့အဖြစ် အသုံးပြုခဲ့ကာ စီးပွားရေး ဖွံ့ဖြိုးရေးအတွက် အစဉ်အလာကောင်းများ ရှိခဲ့သည့် ဒေသတစ်ခု ဖြစ်ခဲ့သည်။

စီးပွားရေး ဖွံ့ဖြိုးရေးအတွက် အစဉ်အလာကောင်းများရှိခဲ့သည့် မြိတ်ဒေသသည် ရေလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများအပြင် ခရီးသွားလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်ရန် တာစူ စိုင်းပြင်းနေပြီဖြစ်သည်။

**ရေလုပ်ငန်းတွင် တိုင်းရင်းသားပိုင် များလာ**

ယခင်က ရေလုပ်ငန်းကဏ္ဍတွင် တိုင်းရင်းသားပိုင် ငါးဖမ်း၊ ငါးသယ်ရေယာဉ် နည်းပါးခဲ့သော်လည်း ယခုအခါ တိုင်းရင်းသားပိုင် ကမ်းနီးငါးဖမ်းရေယာဉ် ၄၁၇၅ စင်း၊ ငါးသယ်ရေယာဉ်အစင်း ၁၈၀ ခန့်ရှိနေပြီး ကမ်းဝေးငါးဖမ်းရေယာဉ် ၇၉၁ စင်းရှိကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ထုတ်ပြန်ထားသည့် စာရင်းများအရ သိရသည်။

**အလုပ်အကိုင်များ ဖန်တီးပေးနိုင်**

ပုဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်က အားပေးလျက်ရှိရာ မြိတ်ခရိုင်တွင် ပုဂ္ဂလိကပိုင် ရေလုပ်ငန်းနှင့် သက်ဆိုင်သည့် ရေခဲစက်ရုံများ၊ ငါး၊ ပုစွန်၊ ကဏန်းများ သိုလှောင်နိုင်ရန် အအေးခန်းစက်ရုံများ၊ ငါးအမှုန့်ကြိတ်စက်ရုံများနှင့် လွန်းတင်ဒေါက်ကျင်းလုပ်ငန်းများကြောင့် အလုပ်အကိုင် အခွင့်အလမ်း တိုးတက်များပြားလာသည့်အတွက် မြိတ်ဒေသခံများသာမက ပြည်တွင်း အနယ်နယ်အရပ်ရပ်မှလည်း လာရောက် အလုပ်လုပ်ကိုင်သူများ ရှိနေကြသည်။

ကျွန်းစုမြို့နယ် ပထော်ပထက်ကျွန်းပေါ်ရှိ ကဏန်း၊ ပုစွန် မွေးမြူရေးလုပ်ငန်းတွင် လုပ်ကိုင်နေသည့် မြိတ်မြို့မှ မစန်းသီတာခိုင်က "လစာက တစ်လကို တစ်သိန်းခွဲလောက်ရတယ်၊ ထမင်းလည်း ကျွေးတယ်၊ အိမ်ထောင်သည်တွေဆိုလည်း နေရာပေးတယ်၊ ဒီမှာက မြိတ်မြို့အပြင် တခြားနယ်တွေကလည်း လာရောက်အလုပ်လုပ်ကြတယ်"ဟု ပြောသည်။

**ရေလုပ်ငန်းအတွက်အရေးပါသည့် ခေတ်မီငါးလေလံဈေး**

နိုင်ငံတော်အတွက် ရေလုပ်ငန်းဖြင့် နိုင်ငံခြားဝင်ငွေ အများဆုံး ရှာဖွေပေးလျက်ရှိသည့် မြိတ်မြို့တွင် ရေလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာရန် ရည်ရွယ်၍ မြိတ်အများပိုင် ကော်ပိုရေးရှင်းလီမိတက်နှင့် မြိတ်ရေလုပ်ငန်းရှင်များပူးပေါင်းပြီး ခေတ်မီ ငါးလေလံဈေး တည်ဆောက်သွားမည်ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

"မြိတ်မှာက ရေလုပ်ငန်းနဲ့သက်ဆိုင်တဲ့ လုပ်ငန်းတွေ အရင်ကထက် အများကြီး ဖွံ့ဖြိုးတိုးတက်လာနေပါတယ်၊ ဒါကြောင့် မြိတ်မြို့မှာ ရေလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့အတွက် ငါးလေလံဈေးတစ်ခု ပေါ်ပေါက်ဖို့ အချိန်ကျနေပါပြီ၊ ငါးလေလံဈေးပေါ်လာရင် ရေလုပ်ငန်းနဲ့ သက်ဆိုင်တဲ့လုပ်ငန်းတွေ ဒီထက်မက သုံးဆ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်"ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးလှသန်းက ပြောသည်။

မြိတ် ခေတ်မီငါးလေလံဈေးကို မြိတ်ဒေသ၏ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းရရှိရေး၊ ရနောင်းငါးဈေးကွက် အပေါ် မှီခိုနေရခြင်းမှ ကင်းလွတ်ရေး၊ အပြည်ပြည်ဆိုင်ရာ ငါးဈေးကွက်သို့ ထိုးဖောက် ဝင်ရောက်နိုင်မည့် ခေတ်မီငါးဈေးကြီး ပေါ်ပေါက်လာရေး၊ ကုန်ကြမ်းစနစ်မှ နိုင်ငံတကာအဆင့်မီ ကုန်ချော ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး၊ နိုင်ငံတော်ဘဏ္ဍာအတွက် နိုင်ငံခြားငွေနှင့် တရားဝင် အခွန်ငွေများ ရရှိရေး ရည်ရွယ်ချက်များဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

**ရေလုပ်ငန်းမှ နိုင်ငံခြားဝင်ငွေ အများဆုံးရှာဖွေပေး**

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ရေထွက်ပစ္စည်းများ တင်ပို့ရာတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ စာရင်းများအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာ ၆၀၅ ဒသမ ၈၂ သန်း တင်ပို့နိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာ သန်း ၇၀၀ ရရှိရေး ရည်မှန်းဆောင်ရွက်လျက်ရှိရာ ရေထွက်ပစ္စည်း အများဆုံး ထွက်ရှိသည့် မြိတ်ဒေသသည်လည်း ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ဧပြီလမှ ဒီဇင်ဘာလအတွင်း အမေရိကန်ဒေါ်လာ ၈၆ ဒသမ ၇၀ သန်း တင်ပို့နိုင်ခဲ့ပြီးဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

**မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာ**

မြိတ်ဒေသတွင် ယခင်ကာလများက ပင်လယ်ပြင်မှ ငါး၊ ပုစွန်၊ ကဏန်း ဖမ်းဆီးခြင်း လုပ်ငန်းတစ်မျိုးတည်းသာ လုပ်ကိုင်ခဲ့ရာမှ ယခုအချိန်တွင် ကကတစ် မွေးမြူရေး ၆၄ ဧက၊ ကျောက်ငါးမွေးမြူရေး ၃၆ ဒသမ ၅ ဧက၊ ကဏန်းပျော့မွေးမြူရေး ၂၉၃ ဒသမ ၀၈ ဧက၊ ပင်လယ် ရေမှော် မွေးမြူရေး ၁၈၆ ဒသမ ၂၅ ဧက၊ ဂျင်းခရုမွေးမြူရေး ၁၁၂၉ ဧကနှင့် ပုစွန်မွေးမြူရေး ၄၁၅ ဧကအထိ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာခဲ့ပြီးမွေးမြူရေးလုပ်ငန်းများမှလည်း နိုင်ငံခြားဝင်ငွေကိုပါ ရှာဖွေပေးလျက်ရှိသည်။

**ရနောင်းဈေးကွက်နှင့် နစ်နာခဲ့မှုများ**

မြိတ်ဒေသတွင် မြန်မာ့ပင်လယ်ပြင်မှ နှစ်စဉ် ငါးတန်ချိန် ၂၅၀၀၀၀ မှ ၂၈၀၀၀၀ ကြား ဖမ်းယူရရှိပြီး ရရှိသည့်ကုန်ကြမ်းများ၏ ငါးရာခိုင်နှုန်းကိုသာ ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

"မြိတ်မှာက ရေလုပ်ငန်းနဲ့ ပတ်သက်ပြီး ကုန်ချောလုပ်ငန်းစက်ရုံတွေက နည်းပါသေးတယ်၊ ထွက်ရှိတဲ့ ကုန်ကြမ်းတွေကို ငါးရာခိုင်နှုန်းလောက်ပဲ ကုန်ချောလုပ်နိုင်ပါသေးတယ်၊ ထိုင်းမှာရှိတဲ့ ရနောင်းဈေးကွက်တစ်ခုတည်းကို သွားနေရတဲ့အတွက် ဈေးကောင်းရတဲ့အခါရှိသလို တစ်ခါတလေ ဈေးကောင်းမရတာလည်း ရှိတယ်၊ ဈေးကောင်းမရလို့ ပြန်ယူလာလို့မရတော့ဘူး၊ သူတို့ပေးတဲ့ဈေးနဲ့ ရောင်းခဲ့ရတာတွေ ရှိတယ်၊ ဒါ့ကြောင့်အများကြီး နစ်နာမှုတွေရှိတယ်"ဟု ဥက္ကဋ္ဌ ဦးလှသန်းက ပြောသည်။

**ဒေသဖွံ့ဖြိုးရေးအတွက် အရေးပါသည့်လမ်း**

ဒေသဖွံ့ဖြိုးရေးအတွက် ၂၀၁၄ ခုနှစ်မှစတင်ကာ မြိတ်အများပိုင်ကော်ပိုရေးရှင်း လီမိတက်က တနင်္သာရီမြို့နယ် မော်တောင်နယ်စပ်ဂိတ်ကို သွားမည့် လမ်းမကြီးဖြစ်သည့် အရှည် ၄၈ မိုင် ၂ ဖာလုံရှိ ထုံခါ-သဲဖြူ-မော်တောင်လမ်းကို BOT စနစ်ဖြင့် ဖောက်လုပ်လျက်ရှိရာ ယခုနှစ် ဒီဇင်ဘာတွင် နောက်ဆုံးထား၍ စီမံကိန်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းလမ်းမကြီးသာ ဖောက်လုပ်ပြီးသွားပါက နယ်စပ်ဒေသ ကုန်စည်ကူးသန်းရောင်းဝယ်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကာ မြိတ်မြို့နှင့် ဆက်စပ်ဒေသများမှ ပြည်သူများ၏ လူမှုစီးပွားရေး ကဏ္ဍများကို ပိုမိုဖွံ့ဖြိုးလာစေမည်ဖြစ်သည်။

"မော်တောင်လမ်း ပြီးသွားရင်တော့ ကုန်စည်ကူးသန်းရောင်းဝယ်ရေး မြန်ဆန်လာမယ်၊ မော်တောင်မှာ မြန်မာဘက်က နယ်စပ်ကုန်သွယ်ရေးဂိတ်လည်း တရားဝင် ဖွင့်ထားပြီးဖြစ်ပါတယ်၊ ထိုင်းဘက်ကလည်း တရားဝင် နယ်စပ်ကုန်သွယ်ရေးဂိတ် ဖွင့်ပေးလိုက်ရင် ထိုင်းနိုင်ငံမှာ ငါးဈေးကွက်ရှိနေတဲ့ မဟာချိုင်လိုနေရာကို ဒီကနေ အချိန်တိုအတွင်း သွားရောက်ရောင်းဝယ်ဖောက်ကားနိုင်မှာပါ၊ ဈေးကောင်းလည်း ရလာမှာပါ" ဟု မြိတ်မြို့မှ ရေလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးသက်စိုးက ပြောကြားသည်။

မြိတ်ခရိုင်အတွင်းရှိ သိုက်ခွန်းရွာမှ ဦးစိုးဝေကလည်း "အရင်က ဆိုင်ကယ်နဲ့သွားရင်တောင် ဗွက်တွေ မနည်းရုန်းရတာ၊ ကားလမ်းကောင်းသွားတော့ သွားရေးလာရေးက အဆင်ပြေတယ်၊ အစအဆုံးပြီးသွားရင်တော့ ထိုင်းကိုသွားချင်ရင် အချိန်လည်း မကုန်တော့ဘူးပေါ့၊ နေ့ချင်းပြန်သွားလို့ရသွားပြီ" ဟုပြောသည်။

**လျှပ်စစ်ဓာတ်အားရရှိရေး**

မြိတ်ဒေသတွင် လျှပ်စစ်စွမ်းအားကို အခြေခံသော စက်ရုံအလုပ်ရုံများ ပေါ်ပေါက်ရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာရေးနှင့် ဒေသတွင်း ဓာတ်အားခ ဈေးနှုန်းသက်သာစွာဖြင့် သုံးစွဲနိုင်ရေးအတွက် မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကပကျေးရွာအုပ်စု လင်မလိုကျေးရွာအနီးတွင် LNG ဖြင့် လည်ပတ်မည့် ၆၁၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ပေးစက်ရုံစီမံကိန်းကို မြိတ်အများပိုင်ကော်ပိုရေးရှင်း လီမိတက်က Developer အဖြစ်ဆောင်ရွက်မည့် ကိုရီးယားသမ္မတနိုင်ငံ KMPI Consortium ကုမ္ပဏီလီမိတက်နှင့် ပူးပေါင်းကာ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**အခြေခံအဆောက်အအုံများတည်ဆောက်**

မြိတ်မြို့တွင် မကြာမီဖွံ့ဖြိုးလာတော့မည့် ခရီးသွားလုပ်ငန်းအတွက် အခြေခံ အဆောက်အအုံများလည်း လိုအပ်လျက်ရှိရာ ဒေသခံကုမ္ပဏီနှင့် ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီတို့ ပူးပေါင်းပြီး မြိတ်မြို့ ကမ်းနားလမ်းတွင် ဥရောပစတိုင်လ် ပင်လယ်ရှုခင်းလမ်းလျှောက်ဈေး ပါဝင်သည့် ပင်လယ်ဘက်သို့ မျက်နှာမူထားသော ၃၂ ထပ်အမြင့်ရှိ အထပ်မြင့် အဆောက်အအုံများကိုလည်း တည်ဆောက်လျက် ရှိနေသည်။

**ပြည်တွင်းပြည်ပ ခရီးသွားများ စိတ်ဝင်စားရာနေရာ**

မြိတ်မြို့နယ်အတွင်း ကျွန်းစုပေါင်း ရှစ်ရာကျော်ရှိရာ သဘာဝအတိုင်းတည်ရှိနေသည့် အလှအပများကို ကြည့်ရှုခံစားလိုသူများအတွက်လည်းကောင်း၊ ဆလုံလူမျိုးတို့၏ လူမှုဘဝများနှင့် ကျွန်းများပေါ်တွင် ကမ်းခြေတစ်လျှောက် တံငါလုပ်ငန်းလုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုနေသူတို့၏ လူမှုဘဝများကို လေ့လာလိုကြသည့် ပြည်တွင်းပြည်ပ ခရီးသွားများအတွက်လည်းကောင်း စိတ်ဝင်စားစရာ နေရာတစ်ခု ဖြစ်လာခဲ့သည်။

ထို့ကြောင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနတို့ ပူးပေါင်းကာ ဆလုံ၊ ဗမာ၊ ကရင် ရောနှောနေထိုင်နေသည့် မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ ဒုံးညှောင့်မိုင်းကျေးရွာတွင် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းကို ဖော်ဆောင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းက "ရင်းနှီးမြှုပ်နှံမှုအနေနဲ့ တနင်္သာရီတိုင်းဒေသကြီးမှာ သုံးခရိုင်ရှိတယ်၊ ကော့သောင်း၊ မြိတ်၊ ထားဝယ်ပါ၊ ခရိုင်သုံးခုစလုံးက ကမ်းရိုးတန်းဖြစ်တဲ့အတွက် ခရီးသွားလုပ်ငန်းကို ဦးစားပေးပြီး လုပ်ကိုင်လာကြတဲ့အတွက် ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ခရီးသွားလုပ်ငန်းက တိုးတက်လာခဲ့ပါတယ်"ဟု ပြောသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ခရီးလှည့်လည်ရေးကုမ္ပဏီပေါင်း ၇၇ ခုရှိပြီး ထားဝယ်တွင် ၃၀၊ မြိတ်တွင် ၂၆ ခု၊ ကော့သောင်းတွင် ၂၁ ခုရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

မြိတ်မြို့တွင် ခရီးသွားလုပ်ငန်းဆောင်ရွက်နေသည့် Blissful Myanmar Travel & Tour ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာသိန်းရွှေမြင့်က "မြိတ်ဒေသ ခရီးသွားလုပ်ငန်းမှာ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတွေ များများလာစေချင်တယ်၊ ရင်းနှီးမြှုပ်နှံသူတွေ များများလာမှ အခြေခံအဆောက်အအုံတွေ မြင့်တက်လာမှာပါ၊ ခရီးသွားလုပ်ငန်းလည်း ပိုမိုဖွံ့ဖြိုးလာမှာပါ"ဟု ပြောသည်။

ဒေသတစ်ခု၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် လျှပ်စစ်၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း လုပ်ငန်းများကို မြိတ်ဒေသတွင် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကအပိုင်းကလည်း ရေတို၊ ရေရှည် စီမံကိန်းများ ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတောင်ဘက်ပိုင်း တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်ဒေသသည် မဝေးတော့မည့်ကာလတွင် ယခင်ကထက် ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးမှုအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာတော့မည်မှာ မလွဲကေန်ပင်ဖြစ်သည်။ ။



ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းဖော်ဆောင်မည့် ဒုံးညှောင့်မိုင်းကျေးရွာ

## ကလေးများနေ့ အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

**မြောင်းမြ မတ် ၁၈**

မြန်မာနိုင်ငံ ကလေးများနေ့အထိမ်းအမှတ်အဖြစ် ကလေးများအတွက် ပျော်ပွဲရွှင်ပွဲများနှင့် စာစီစာကုံးနှင့် ကျပန်းစကားပြောပြိုင်ပွဲများကို World Vision Myanmar (မြောင်းမြ)၏ စီစဉ်မှုဖြင့် မတ် ၁၆ ရက်က မြောင်းမြမြို့နယ် သိလ္လာဂါတ်စုကျေးရွာ၌ ကျင်းပခဲ့သည်။

ကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည့် စာစီစာကုံးပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲတွင် မိုးသောက်ကြယ် လူငယ်အဖွဲ့မှ အဖွဲ့ဝင်များက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူ လူငယ်များအား ခရိုင် လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်နီနီဝင်း၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်စန္ဒာမိုး၊ ခရိုင်လူမှုဝန်ထမ်းရုံး ဦးစီးအရာရှိ ဒေါ်ဝင်းသိင်္ဂီမင်းနှင့် World Vision Myanmar (မြောင်းမြ) တာဝန်ခံတို့က ဆုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အောင်မင်း (မြောင်းမြ)

# ကျွန်တော်နဲ့ အစိုးရ စီးပွားရေး



ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

အစိုးရအနေနဲ့ စီးပွားရေးလုပ်သင့် မလုပ်သင့်ဆိုတဲ့ မေးခွန်းက အခုချိန်မှာ အလွန်ရေပန်းစားနေတယ်။ တစ်ဖက်က လုပ်မယ်လို့ ပြောနေသလို တစ်ဖက်ကတော့ အစိုးရနဲ့မဆိုင်ဘူးလို့ ငြင်းခုံနေကြတယ်။ အမှန်တော့ ဒီမေးခွန်းမျိုးကို စကားရည်လုပွဲ ကျင်းပလုပ်သင့်တယ်လို့ ယူဆတဲ့သူက အဆိုတင်သွင်း၊ မလုပ်သင့်ဘူးထင်တဲ့သူက တင်သွင်းတဲ့ ဒီအဆိုကိုငြင်း၊ ပြီးတော့မှ နားထောင်တဲ့သူတွေရဲ့အမြင်ကိုတောင်း၊ အများဆန္ဒယူ၊ ဒီလိုဆောင်ရွက်နိုင်ဖို့လိုတာ။

**နိုင်ငံရေးဘောဂဗေဒ**

ဒီမေးခွန်းဟာ လွယ်မယောင်နဲ့ ခက်ခဲတဲ့၊ သိမ်မွေ့တဲ့မေးခွန်းဖြစ်တယ်။ စီးပွားရေးကိုအခြေခံတဲ့ မေးခွန်းဖြစ်ပေမယ့် နိုင်ငံရေးအယူအဆတွေဟာလည်း အရေးကြီးတာ။ အမှန်တော့ ဒီမေးခွန်းဟာနိုင်ငံရေးဘောဂဗေဒမေးခွန်းဖြစ်တယ်။ စီးပွားရေးပေတံကိုသာသုံးပြီး စဉ်းစားလို့မရသလို နိုင်ငံရေးအမြင်တစ်ခုတည်းနဲ့ မလုံလောက်တာ တွေ့ရပါတယ်။ ကျွန်တော်ကတော့ နိုင်ငံရေးဘောဂဗေဒကို နှစ်သက်တယ်။ ဝါသနာပါတယ်။ စီးပွားရေးပညာကို လေ့လာတဲ့အခါ နိုင်ငံရေးနောက်ခံတွေကိုလည်း သုံးသပ်နိုင်တာ။ ဒီမေးခွန်းကို နိုင်ငံတကာမှာလည်း အခုချိန်အထိ မေးခွန်းထုတ်နေပြီး ကိုယ့်အနေအထားအခြေအနေကိုမူတည်ပြီး ရွေးချယ်ဆုံးဖြတ်နေကြတာ တွေ့ရတယ်။ ဒီမေးခွန်းရဲ့အဖြေရှာတဲ့ နေရာမှာ အစွန်းနှစ်ဖက်ကို သိဖို့လိုအပ်ပါတယ်။

တစ်ဖက်အစွန်းကတော့ ဆိုရှယ်လစ်ကွန်မြူနစ် အယူအဆ။ လူ့အဖွဲ့အစည်းကို စီမံအုပ်ချုပ်တဲ့နေရာမှာ ပုခက်အတွင်းကနေ သင်္ချိုင်းကုန်းအထိ အစိုးရက တာဝန်ယူမယ်။ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဆောင်ရွက်မှုများ သာမက စီးပွားရေးအလုပ်တွေကိုလည်း နိုင်ငံတော်ကပဲ တာဝန်ယူမယ်။ ပုဂ္ဂလိကကဏ္ဍကို တတ်နိုင်သမျှ ကျဉ်းမြောင်းအောင် ကြိုးစားမယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း စီမံကိန်းစီးပွားရေးစနစ်ကို ကျင့်သုံးမယ်ဆိုပြီး ဆောင်ရွက်ခဲ့တယ်။ ဒုတိယကမ္ဘာစစ်အပြီး ကိုလိုနီစနစ်လက်အောက်က လွတ်မြောက်လာတဲ့ နိုင်ငံတွေဟာ ဒါကြောင့်လည်း ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်စနစ်ကို မျက်စိကျကြတယ်။ ကိုလိုနီခေတ်အတွင်း နိုင်ငံခြားသားတွေကြီးစိုးတဲ့ စနစ်အောက်မှာ နေခဲ့ကြလို့လည်း အရင်းရှင်စီးပွားရေးစနစ်ကို လက်မခံနိုင်ကြဘူး။ တစ်ဖက်အစွန်းကတော့ နိုင်ငံတော်အစိုးရရဲ့ အဓိကတာဝန်ဟာ တရားဥပဒေစိုးမိုးရေးတာဝန်ဖြစ်ပြီး အုပ်ချုပ်ရေးတာဝန်ကို ပီပီပြင်ပြင်ဆောင်ရွက်ရမှာ ဖြစ်တယ်။ စီးပွားရေးအလုပ်တွေကို ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်မလုပ်ဘဲ ဈေးကွက်စီးပွားရေးစနစ် ရှင်သန်အောင် လုပ်ရမယ်။ စီးပွားရေးလုပ်ငန်းရှင်တွေအတွက် လုံခြုံတဲ့ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးဖို့ လိုအပ်တယ်။

**"အရော"စီးပွားရေးစနစ်**

"မြေညီကွင်း" တစ်ရပ်ကို ဖော်ထုတ်ပေးရမယ်။ တရားသဖြင့် စီးပွားရှာတဲ့အကျင့်တွေကို ထိန်းသိမ်းရမယ်။ ယှဉ်ပြိုင်မှုကို အားပေးဖို့လိုအပ်တယ်။ လက်တွေ့မှာတော့ ဒီအစွန်းနှစ်ဖက်ကို အပြည့်အစုံလက်ခံထားတဲ့နိုင်ငံတွေ မရှိပါဘူး။ အခုဆိုရင် ဆိုရှယ်လစ်၊ ကွန်မြူနစ်စနစ်ဟာ မရှိသလောက်ဖြစ်နေပါပြီ။ မြောက်ကိုရီးယားနိုင်ငံတို့၊ ကျူးဘားနိုင်ငံတို့မှာတောင် ဈေးကွက်စီးပွားရေးစနစ်ကို လက်ခံလာတဲ့ အခြေအနေရှိသလို အရင်းရှင်စနစ်ကို အပြည့်အဝ အသုံးချနေတဲ့ အမေရိကန်ပြည်ထောင်စုမှာလည်း အစိုးရအနေနဲ့ စီးပွားရေးဝင်လုပ်နေတာ တွေ့ရပြန်တယ်။ တစ်နည်းပြောရရင် "အရော" စီးပွားရေးစနစ်ကို ပုံစံအမျိုးမျိုးနဲ့ ကျင့်သုံးနေတာ တွေ့ရပြန်တယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးသမိုင်းကို သုံးသပ်လေ့လာရင် ပုံစံတွေပြောင်းလဲလာတာ တွေ့ရတယ်။ ကိုလိုနီခေတ်မှာတော့ အရင်းရှင်စီးပွားရေး

> **"အစိုးရက စီးပွားရေးလုပ်ရင် အရင်းအနှီး ထုတ်ပေးသူတွေက ပြည်သူတွေဖြစ်တယ်၊ ပြည်သူ့ဘဏ္ဍာတွေကို သုံးစွဲတဲ့နေရာမှာ သတိထားရမယ်၊ အရှုံးပေါ်ရင် နစ်နာမယ့်သူတွေက ပြည်သူတွေဖြစ်တယ်၊ အစိုးရက စီးပွားရေးဝင်လုပ်ရင် အခြေခံကမြေညီကွင်းဖြစ်ပြီး အစိုးရဝင်လုပ်တာမို့ အခွင့်အရေးတွေ ပိုတောင်းဆိုလို့ မရဘူး၊ ဈေးကွက်ထဲမှာ လွတ်လပ်စွာပါဝင်ရဲဖို့ လိုအပ်"**

စနစ်ကို ကျင့်သုံးပြီး အကျိုးအမြတ်တွေဟာ အုပ်ချုပ်သူနိုင်ငံခြားတွေအတွက်သာ ခံစားခဲ့ရတာတွေ့ရပါတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာ အာဏာရလာတဲ့ ဖဆပလအစိုးရဟာ "အရော" စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့တယ်။ လွတ်လပ်ရေးရအောင် ကြိုးစားတဲ့အခါ ကိုလိုနီအုပ်ချုပ်သူများကို တွန်းလှန်ဖို့ အဓိကထားခဲ့တာမို့ လက်ဝဲအတွေးအခေါ်တွေ ကြီးစိုးခဲ့တယ်။ လက်တွေ့မှာတော့ ပုဂ္ဂလိက ကဏ္ဍကိုလည်း လက်ခံပြန်တယ်။

**အဆင်းရဲဆုံးနိုင်ငံ စာရင်းဝင်ဖြစ်ခဲ့**

၁၉၆၂ ခုနှစ်က စပြီး ၁၉၈၈ ခုနှစ်အထိ မြန်မာနိုင်ငံမှာ ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးခဲ့တယ်။ ပုဂ္ဂလိကကဏ္ဍကို ဖျက်ဆီးခဲ့တယ်။ စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီတွေကို ပြည်သူပိုင်သိမ်းပိုက်ခဲ့တယ်။ စီးပွားရေးကို နိုင်ငံတော်ပိုင်အစိုးရက ဝင်ရောက်လုပ်ခဲ့တာမို့ ဆုံးရှုံးမှုတွေ များခဲ့တယ်။ နိုင်ငံအတွက် ဝန်ထုပ်ဝန်ပိုးတွေဖြစ်ခဲ့ရတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးတစ်စတစ်စ ကျဆင်းလာပြီး တစ်ချိန်က အရှေ့တောင်အာရှဒေသမှာ စီးပွားရေးအရ အအောင်မြင်ဆုံး နိုင်ငံဖြစ်တဲ့မြန်မာပြည်ဟာ ၁၉၈၇ခုနှစ်မှာ အဆင်းရဲဆုံးနိုင်ငံ စာရင်းဝင်ဖြစ်ခဲ့တယ်။ ဒီလို ဖြစ်ခဲ့ရတဲ့ အကြောင်းအရင်းက စီးပွားရေးအခြေခံတွေ မခိုင်မာလို့ဖြစ်တယ်။ ဆိုရှယ်လစ်စီးပွားရေးစနစ်ကျင့်သုံးခဲ့တဲ့ သင်ခန်းစာတွေကို သတိပြုဖို့ အရေးကြီးလှပါတယ်။ အထူးသဖြင့် မှောင်ခိုစီးပွားရေးစနစ် ကြီးထွားလာခဲ့တာကို သတိထားရမယ်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှာ တပ်မတော် အစိုးရဟာ ဈေးကွက်စီးပွားရေးစနစ်က စတင်ကျင့်သုံးလာတယ်။ ပုဂ္ဂလိကကဏ္ဍကို အားပေးခဲ့တယ်။ ဒါပေမယ့် တစ်ဆက်တည်းမှာ ခရိုနီစီးပွားရေးစနစ်ကိုလည်း မွေးထုတ်ခဲ့ပြန်ပါတယ်။

"မြေညီကွင်း" မဖြစ်တာမို့ အခွင့်ထူးခံတွေ ကြီးပွားခဲ့တယ်။ ၂၀၁၀ ရွေးကောက်ပွဲအပြီး စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေ စတင်ခဲ့ပေမယ့် ပီပီပြင်ပြင် မဆောင်ရွက်နိုင်ခဲ့ဘူး။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအပြီး အာဏာရလာတဲ့ အစိုးရသစ်အနေနဲ့ နိုင်ငံရဲ့ စီးပွားရေးပုံစံကို အသစ်ဖန်တီးခွင့်ရခဲ့တယ်။ လက်တွေ့အနေအထားမှာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း အမြောက်အမြားကို အမွေဆက်ခံခဲ့တာ။ ဒီလုပ်ငန်းတွေဟာ များသောအားဖြင့် အရှုံးပေါ်တဲ့အလုပ်တွေ ဖြစ်တယ်။ တစ်ဖက်က နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေမှာ တာဝန်ယူခဲ့တဲ့ ဝန်ထမ်းတွေအတွက် အငြိမ်းစားလုပ်ခတွေဟာ ကြီးမားလှတဲ့ တာဝန်တွေဖြစ်တယ်။ ဒီလုပ်ငန်းတွေကို ဘယ်လိုပြုပြင်ပြောင်းလဲရမလဲ။ နိုင်ငံပိုင်လုပ်ငန်းတွေကို ပုဂ္ဂလိကကဏ္ဍကို လွှဲပြောင်းပေးသင့်သလား။ ပေးရင်လည်း ဘယ်လုပ်ငန်းတွေကို ပေးသင့်သလဲ။ ဘယ်လုပ်ငန်းတွေကို လက်ဝယ်ထားသင့်သလဲ။ အခုလိုနိုင်ငံပိုင် စီးပွားရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီး ဘယ်လိုအစီအစဉ်နဲ့ အကောင်အထည်ဖော်သင့်သလဲဆိုတဲ့ မေးခွန်းကို ဖြေဆိုဖို့လိုအပ်သလို တစ်ဖက်ကလည်း စီးပွားရေးလုပ်ငန်းအသစ်တွေကို အစိုးရက ဝင်ရောက် လုပ်သင့်၊ မသင့်ဆိုတဲ့ မေးခွန်းဟာလည်း အရေးကြီးလှတယ်။

**သတိပြုရမယ်**

ကျွန်တော့်အနေနဲ့ အဖြေဖော်ထုတ်ရာမှာ အစိုးရဟာ စီးပွားရေးလုပ်မယ်ဆိုရင်ပုဂ္ဂလိကတွေ လုပ်တာထက် ပိုကောင်းရမယ်။ ပိုပြီးစွမ်းရည် ပြည့်ရမယ်။ အစိုးရဝင်လုပ်ပြီးမှ အရှုံးပေါ်တာမျိုး မဖြစ်သင့်ဘူး။ အစိုးရက စီးပွားရေးဝင်လုပ်ရင် ကိုယ်ကျိုးပဋိပက္ခမဖြစ်အောင် သတိပြုရမယ်။ အစိုးရရဲ့အဓိက တာဝန်က တရားဥပဒေအတိုင်း လိုက်နာမှုရှိ မရှိကို ထိန်းသိမ်းဖို့ ဖြစ်တယ်။ တစ်ဖက်က ဒီတာဝန်ကိုယူပြီး တစ်ဖက်က စီးပွားရေးဝင်လုပ်နေရင် ကိုယ်ကျိုးစီးပွားရေး ပဋိပက္ခအန္တရာယ်ရှိနိုင်တယ်။ ဥပမာ အာမခံလုပ်ငန်းတို့၊ ဘဏ်လုပ်ငန်းတို့မှာ အစိုးရက စီးပွားရေးဝင်လုပ်သင့်သလား။ အခုလိုလုပ်ရင် တရားသော ယှဉ်ပြိုင်မှုကို ဖန်တီးနိုင်သလား။ ကိုယ်ကိုယ်တိုင်ချမှတ်ထားတဲ့ တရားဥပဒေတွေကိုတစ်ဖက်ကထိန်းသိမ်းပြီး တစ်ဖက်က ဝင်ရောက်ပြိုင်တာဟာ ဖြစ်သင့်သလား။

ကျွန်တော့်အနေနဲ့ကတော့ ပုဂ္ဂလိက ကလုပ်လုပ်၊ အစိုးရကလုပ်လုပ် အရေးကြီးတာက ကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှုရှိဖို့သာ အဓိကဖြစ်တယ်။ ဒီနေရာမှာ အစိုးရလုပ်ငန်းတွေ၊ ပုဂ္ဂလိက လုပ်ငန်းတွေမှာ တာဝန်ယူနေကြတဲ့ အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့တွေဟာ အလွန်အရေးကြီးလှတဲ့ ဒီအဖွဲ့ကို ဘီအိုဒီ (Board of directors) လို့ ခေါ်ကြတယ်။ ဘီအိုဒီအဖွဲ့တွေ တောင့်တင်းခိုင်မာရင်အစိုးရဖြစ်ဖြစ်၊ ပုဂ္ဂလိကဖြစ်ဖြစ် အောင်မြင်မှုရမှာ သေချာတယ်။ ဒါကြောင့်လည်း ကျွန်တော်က ဘီအိုဒီအဖွဲ့ဝင်တွေကို ထိရောက်အောင် ပုံစံအမျိုးမျိုးနဲ့ ကြိုးစားခဲ့ပါတယ်။ ကမ္ဘာ့ဘဏ်အဖွဲ့ အိုင်အက်(ဖ်)စီအဖွဲ့ဟာ မကြာမီကာလက မြန်မာနိုင်ငံအုပ်ချုပ်မှု ဒါရိုက်တာအဖွဲ့အစည်းကို တည်ထောင်ခဲ့တယ်။ ဒီအဖွဲ့အစည်းဟာ စီးပွားရေးလုပ်ငန်းတွေ စီမံအုပ်ချုပ်သူတွေရဲ့အရည်အသွေးကို မြှင့်တင်ဖို့ကြိုးစားနေတယ်။

လွန်ခဲ့တဲ့နှစ်နှစ်တာကာလအတွင်း အစိုးရအနေနဲ့ စီးပွားရေးလုပ်ငန်းသစ်တွေဖော်ထုတ်ပြီး လုပ်ဆောင်နေကြတယ်။ လုပ်သင့် မလုပ်သင့်ဆိုတဲ့ မေးခွန်းကို မမေးဘဲလုပ်မယ်လို့ ဆုံးဖြတ်ရင် အောင်မြင်အောင် လုပ်ဖို့သာလိုအပ်တယ်။ လုပ်နိုင်ဖို့လည်း အရေးကြီးတယ်။ အစိုးရက စီးပွားရေးလုပ်ရင် အရင်းအနှီးထုတ်ပေးသူတွေက ပြည်သူတွေ ဖြစ်တယ်။ ပြည်သူ့ဘဏ္ဍာတွေကို သုံးစွဲတဲ့နေရာမှာ သတိထားရမယ်။ အရှုံးပေါ်ရင် နစ်နာမယ့်သူတွေက ပြည်သူတွေဖြစ်တယ်။ အစိုးရက စီးပွားရေးဝင်လုပ်ရင် အခြေခံကမြေညီကွင်းဖြစ်ပြီး အစိုးရဝင်လုပ်တာမို့ အခွင့်အရေးတွေ ပိုတောင်းဆိုလို့ မရဘူး။ ဈေးကွက်ထဲမှာ လွတ်လပ်စွာပါဝင်ရဲဖို့ လိုအပ်တယ်။

**ကာကွယ်ထိန်းသိမ်းဖို့ လိုအပ်**

အခုချိန်မှာ အစိုးရနဲ့ ပုဂ္ဂလိကဖက်စပ်လုပ်တဲ့ ပီပီပီ (Public-Private-Partnership PPP ပုံစံတွေခေတ်စားလာတယ်။ ပုဂ္ဂလိကကဏ္ဍကငွေစိုက်၊ အစိုးရက မြေကြီးတို့ အခြေခံအဆောက်အအုံတွေစိုက်၊ ဒီလိုဆောင်ရွက်တဲ့အခါ PPP မှာ အရေးကြီးဆုံးဖြစ်တဲ့ တတိယ ပီ- (Partnership) ကို အလေးထားရမယ်။ ပူးပေါင်းဆောင်ရွက်မှုဖြစ်တယ်။ အစိုးရက အသာစီးရမယ်၊ ပုဂ္ဂလိကအသာစီးရမယ်ဆိုတာတွေ မဖြစ်သင့်ဘူး။ တစ်ဖက်ရဲ့အားသာချက်တွေကိုသုံးပြီး တစ်ဖက်ရဲ့အားနည်းချက်တွေကို ဖြည့်ဆည်းနိုင်ဖို့ လိုအပ်တယ်။

အစိုးရစီးပွားရေးလုပ်သင့် မလုပ်သင့်မေးခွန်းကို စီးပွားရေးပေတံဖြစ်တဲ့ စွမ်းဆောင်ရည်နဲ့ပဲ တိုင်းတာစေချင်တယ်။ အစိုးရဝင်လုပ်ရင် ပုဂ္ဂလိက လုပ်တာထက် သာရမယ်၊ ကောင်းရမယ်၊ ပြည်သူတွေအတွက် အကျိုးဖြစ်ရမယ်။ အစိုးရက စီးပွားရေးလုပ်ရင် တာဝန်ပိုကြီးပါတယ်။ ပြည်သူ့ဘဏ္ဍာတွေ ကာကွယ်ထိန်းသိမ်းဖို့လိုအပ်တယ်။ ကိုယ့်အိတ်ထဲက ငွေ မဟုတ်တာမို့ လုပ်ချင်သလို မလုပ်သင့်ဘူး။

ကျွန်တော့်အနေနဲ့ကတော့ စီမံခန့်ခွဲမှုကို သတိပြုစေချင်တယ်။ စီမံမှုကောင်းဖို့ လိုအပ်သလို ချွေတာမှုကို ဦးစားပေးရမယ်၊ ဝန်ထမ်းခန့်ထားမှုကို အာရုံပြုရမယ်၊ ထူးချွန်တဲ့၊ အောင်မြင်တဲ့၊ အရည်အချင်းရှိတဲ့သူတွေကို ခန့်ထားအသုံးပြုရမယ်၊ အစိုးရစီးပွားရေးလုပ်ငန်းတွေမှာ လုပ်ခလစာတွေဟာ ပုဂ္ဂလိကကဏ္ဍနဲ့ ယှဉ်နိုင်ရမယ်၊ ပုံစံလုပ်ခလစာနဲ့ မဖြစ်နိုင်ဘူး။ အစိုးရစီးပွားရေးလုပ်သင့် မလုပ်သင့်ဆိုတာက စောစောက တင်ပြခဲ့သလို စီးပွားရေးမေးခွန်းမဟုတ်ဘဲ နိုင်ငံရေးဘောဂဗေဒမေးခွန်းဖြစ်တယ်။ အဖြေကို နိုင်ငံရေးရှုထောင့်နဲ့ စီးပွားရေးရှုထောင့်ပေါင်းစပ်ပြီး သုံးသပ်ပြီးဖော်ထုတ်ရမှာ သာဖြစ်ပါတယ်။ ။


## သမိုင်းဝင် မြဝတ်ဆင်စေတီတော်ကြီး ထီးတော်သစ်တင်လှူပွဲ၌ ပါဝင်လှူဒါန်းနိုင်

**တနင်္သာရီ မတ် ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့ရှိ ရှေးဟောင်းသမိုင်းဝင် မြို့ကျက်သရေဆောင် မြဝတ်ဆင်စေတီတော်ကြီးကို ဘက်စုံမွမ်းမံခြင်းနှင့် ထီးတော်သစ်တင်လှူပွဲကို မတ် ၃၀ ရက် ညဦးပိုင်းမှစ၍ မတ် ၃၁ ရက်အထိ စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

လက်ရှိအခြေအနေတွင် မြဝတ်ဆင်စေတီတော်ကြီးကို သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ထီးတော်တင်ရန် ကြိုတင်ငြမ်းဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီး၊ ထီးတော်အသစ်ကိုလည်း ချောင်းငယ်ရပ်ကွက် သုခလမ်းနှင့် ကမ်းနားလမ်းထောင့်၌ ယာယီမဏ္ဍပ်ဖြင့် အပူဇော်ခံထားရှိကြောင်း၊ တင်လှူမည့် ထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြက်နားတော်တို့တွင် ရွှေ၊ ငွေ၊ ရတနာများ လှူဒါန်းခြင်း အပါအဝင် စေတီတော်မွမ်းမံခြင်း၊ ရင်ပြင်ခင်းခြင်းနှင့် ဆွမ်းလှူဒါန်းခြင်းများတွင် ပါဝင်လိုသော အနယ်နယ်အရပ်ရပ်မှ အလှူရှင်များအနေဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းအောင် ဖုန်း-၀၉-၄၃၁၁၈၅၅၄ နှင့် ဦးစိုးရီ(ဂေါပက) ဖုန်း-၀၉-၂၅၀၂၄၇၁၄၆ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**



## မီးဘေးကာကွယ်ရေး စစ်ဆေးခြင်းနှင့် ပညာပေးခြင်း ဆောင်ရွက်

**ဖာပွန် မတ် ၁၈**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့၌ မတ် ၈ ရက်က စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင် မီးလောင်မှုဖြစ်ပွားပြီး ဆုံးရှုံးမှုများပြားခဲ့ရာ ထိုသို့ မီးလောင်မှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် ဖာပွန်မြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင်များအပါအဝင် စားသောက်ဆိုင်များနှင့်အိမ်ဈေးဆိုင်များကို မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေးခြင်းနှင့် ပညာပေးခြင်းများကို မတ် ၁၂ ရက်မှစ၍ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကမမောင်းမြို့ ဖာပွန်-ကမမောင်းလမ်းဘေးရှိ စက်သုံးဆီဆိုင်တွင် ယာဉ်များကို ဆီဖြည့်စဉ် အပူချိန်လွန်ကဲ၍ ပေါက်ကွဲမီးလောင်ကျွမ်းမှုကြောင့် အာရ်စီနှစ်ထပ် အိမ်တစ်လုံး၊ စက်သုံးဆီပီပါ ၁၁၀၊ ခြောက်ဘီး ကားတစ်စီး၊ ဟိုင်းလတ်ကားတစ်စီးနှင့် မော်တော်ဆိုင်ကယ်တစ်စီး စုစုပေါင်း ငွေကျပ် ၂၆၁ သိန်းကျော် ဆုံးရှုံးခဲ့၍ ထိုသို့ ထပ်မံမဖြစ်စေရန် မီးဘေးအန္တရာယ် ကာကွယ်ရေးစစ်ဆေးခြင်းနှင့် ပညာပေးခြင်းများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဖာပွန်ခရိုင် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ကျော်အောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ ရပ်ကွက် လေးခုနှင့် ကျေးရွာများတွင် ရောင်းချလျက်ရှိသည့် စက်သုံးဆီဆိုင်များ၊ ဈေးဆိုင် များတွင် မီးဘေးအန္တရာယ်များ မဖြစ်ပေါ်စေရေးအတွက် စစ်ဆေးခြင်းနှင့် ပညာပေးခြင်းများကို ဆောင်ရွက်နေကြောင်း သိရသည်။

**နေမျိုးလွင်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ လမ်းဦးစီးဌာန ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပထမ(၆)လပတ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက် ဈေးနှုန်း(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် လိုအပ်သည့်ပစ္စည်း အမျိုးအစား ပစ္စည်းအသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၃-၄-၂၀၁၈ ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပါသည်။

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၆-၄-၂၀၁၈ ရက် ညနေ ၁၆း၀၀ နာရီ
**ဝယ်ယူရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့
**တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့
**တင်ဒါဖွင့်မည့်ရက်** - ၂၇-၄-၂၀၁၈ ရက် နံနက် ၁၀း၀၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၈၄-၅၁၀၁၇၊ ၀၈၄-၅၁၀၀၈၊ ၀၉-၂၅၀၈၄၀၇၅၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း၊ တင်ဒါအမှတ်စဉ် (၁/၂၀၁၈)

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်အတွင်းရှိ လမ်းဦးစီးဌာန၊ ခရိုင်နှင့်အထူးအဖွဲ့များမှ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ပထမ(၆)လရန်ပုံငွေဖြင့် လမ်း-တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၈-၃-၂၀၁၈ ရက်မှ ၁၁-၄-၂၀၁၈ ရက်အထိ
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်/အချိန်** - နံနက် ၉း၀၀ နာရီမှ ၁၆း၀၀ နာရီ (ရုံးချိန်အတွင်း)
**တင်ဒါလျှောက်လွှာနောက်ဆုံးတင်ရမည့် ရက်/အချိန်** - ၁၂-၄-၂၀၁၈ ရက် မွန်းတည့် ၁၂း၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၉-၄-၂၀၁၈ ရက် နံနက် ၁၀း၀၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ တောင်ကြီးခရိုင်

တင်ဒါလျှောက်လွှာပုံစံများကို တောင်ကြီးခရိုင်၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၈၁-၂၁၂၁၄၂**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၀၁/မမ/(CME)(MIT)18-19 | Propane Gas in Cylinder (15000-Kg) ဝယ်ယူရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - ၃.၄.၂၀၁၈ (အင်္ဂါနေ့)(၁၄ : ၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၉.၁.၂၀၁၈) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင် ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994

## INVITATION FOR PRICE QUOTATIONS

The Republic of the Union of Myanmar has received financing from the International Development Association (IDA) towards the cost of the National Community Driven Development Project (NCDDP). The IDA N° of the financing agreement is N° H814MM. The Department of Rural Development (DRD) of the Ministry of Agriculture, Livestock and Irrigation, in its role as implementing agency of the NCDDP, intends to apply a portion of the proceeds of this financing towards eligible payments under the Purchase Order/Contract for the following packages.DRD now invites eligible suppliers to express their interest in supplying the following items:

**Reference Number: G 112, G 113 and G 114**

| Reference No. | Lot No | Description | Quantity (Number) |
|---|---|---|---|
| G 112 | 1 | Tile Stones and Plaques with completed Sub- Project Information | 11,732 |
| G 113 | 1 | T-shirts with the logo and text of the NCDD Project | 145,980 |
| G 114 | 1 | Caps with the logo and text of the NCDD Project | 57,918 |

Expressions of Interest on Quotation must be submitted in a written form to the email address below and clearly indicate the reference number above. The invitation to quote will be distribute on the needs of DRD. Eligible suppliershaving expressed interest will receive anINVITATION TO QUOTE (ITQ).Sealed Quotations will be submitted to the address by corresponding **date and time as stated in each package**, after which no Quotations will be accepted.

The goods will be contracted in lot-by-lot basis. Suppliers will be selected following the Shopping Methodas per the "Guidelines for Procurement of Goods, Works and non-Consulting Services under IBRD Loans and IDA Credits& Grants by World Bank Borrowers" dated January 2011.

Please submit your Expression of Interest for receiving the Invitation to Quote (ITQ)to:U KyawSoe, Deputy Director General, Department of Rural Development, Office No.(14), Nay Pyi Taw.For detailed information please contact U KyawSwaAung, Director, Procurement and Logistic Section, Mobile phone 0943434333 or office phone 067409071/ Email: unioncddprocurement@gmail.com. Please indicate your e-mail address as only electronic copies of the ITQ will be send as well as introduce your company name and contact number to communicate with you.For more information on the NCDD Project please also visit Website: www.cdd.drdmyanmar.org.

### ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန လုပ်ငန်းသုံးပစ္စည်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ လမ်းဦးစီးဌာန၏ ကျိုင်းတုံခရိုင်၊ လမ်းအထူးအဖွဲ့(၃)များမှ ၂၀၁၈ ခုနှစ် (ဧပြီ/၂၀၁၈)-(စက်တင်ဘာ/၂၀၁၈ ထိ) ခြောက်လပတ် ဘဏ္ဍာရေးနှစ်၊ လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၄-၂၀၁၈ ရက်
(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်
(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၂-၄-၂၀၁၈ ရက် ၁၄း၀၀ နာရီ
(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၃-၄-၂၀၁၈ ရက် နံနက် ၉း၀၀ နာရီ

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးသို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄-၂၁၀၃၁၊ ၀၉-၅၁၇၉၀၅၇၊ ၀၉-၄၀၁၆၃၆၁၀၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## THE REPUBLIC OF THE UNION OF MYANMAR MINISTRY OF TRANSPORT AND COMMUNICATIONS

### Announcement of Prequalified Firms for the Muse New Airport Project

1. The Prequalification Assessment Committee formed by Ministry of Transport and Communications has evaluated the EOI documents submitted by interested firms and selected short lists based on the results of evaluation.
2. Accordingly, the Prequalification Assessment Committee here by announce the short lists of prequalified Firms for the Muse New Airport Project as follows:

| Sr.No | Registration No | Prequalified Firms |
|---|---|---|
| 1 | 17 | Golden Myanmar Airlines |
| 2 | 20 | Myanmar Denso Co.,Ltd. |
| 3 | 7 | New Star Light Construction Co.,Ltd. |
| 4 | 25 | Asia World Co.,Ltd. |
| 5 | 21 | WIETC Myanmar Zhengwei Technical Co.,Ltd. |
| 6 | 23 | Great Harkham Public Co.,Ltd. |

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
### လူမှုဖူလုံရေးအဖွဲ့
### လူမှုဖူလုံရေးအဖွဲ့၏သတင်းအချက်အလက်စနစ် (SSB Information System) အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းများအား ပေါင်းစပ်ဆောင်ရွက်မည့်စီမံကိန်းအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် လူမှုဖူလုံရေးအဖွဲ့၏ သတင်း အချက်အလက်စနစ်(SSB Information System)အတွက် လိုအပ်သောအောက်ဖော်ပြပါ လုပ်ငန်းများအား စီမံကိန်းတစ်ခုအနေဖြင့် ပေါင်းစပ်ဆောင်ရွက်သွားနိုင်ရန် မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/လုပ်ငန်းအပ်နှံ ဆောင်ရွက်သွားမည်ဖြစ်၍ တင်ဒါပေးသွင်းလို ပြည်တွင်းကုမ္ပဏီ၊ ပြည်ပကုမ္ပဏီ၊ ပြည်တွင်းနှင့် ပြည်ပဖက်စပ်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ စီမံကိန်းတွင်ပါဝင်မည့် အဓိကလုပ်ငန်းများမှာ-
- Date Center တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်း (Data Center Implementation)
- လူမှုဖူလုံရေးအဖွဲ့၏ ပင်မလုပ်ငန်းစဉ်များ ရေးဆွဲတည်ဆောက်ခြင်းလုပ်ငန်း၊ (အလုပ်ရှင်/အလုပ်သမား မှတ်ပုံတင်ခြင်း၊ ထည့်ဝင်ကြေးကောက်ခံခြင်း၊ အကျိုးခံစားခွင့်တောင်းခံခြင်း၊ အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်း၊ ဆေးကုသမှုလုပ်ငန်းစဉ်များ၊ e-Money ဝန်ဆောင်မှုများနှင့် ချိတ်ဆက်ခြင်း)၊ (SSB Core Processes Development)
- အာမခံစိစစ်ရေးကတ်ရိုက်နှိပ်ထုတ်ဝေခြင်းလုပ်ငန်း၊ (SSB Smart Card Printing Processes)
- Package Software များ ရေးဆွဲတည်ဆောက်ခြင်းလုပ်ငန်း၊ (Accounting, Human Resource Management, Hospital Management, Building and Inventory Maintenance)

၃။ တင်ဒါနှင့်ပတ်သက်သည့် စာရွက်စာတမ်းနှင့်တင်ဒါပုံစံများ၊ တင်ဒါလမ်းညွှန် (Terms of Referance)နှင့် တင်ဒါစည်းမျဉ်း/စည်းကမ်းများအား စီမံခန့်ခွဲရေးဌာန၊ လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ အမှတ်(၃-၇၇)၊ သီရိရတနာလမ်းနှင့်နေကြာ(၈)လမ်းထောင့်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်တွင် ၁၉-၃-၂၀၁၈ ရက်မှ ၂၈-၃-၂၀၁၈ရက်အထိ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာများကို ၁၁-၅-၂၀၁၈ရက် ညနေ ၄း၃၀ နာရီ နောက်ဆုံးထား၍ လူမှုဖူလုံရေးအဖွဲ့သို့ သတ်မှတ်ထားသော တင်ဒါစည်းကမ်းချက်များနှင့်အညီပေးသွင်းပါရန်နှင့် သတ်မှတ်ကာလထက်ကျော်လွန်ပေးသွင်းသော တင်ဒါအဆိုပြုလွှာများအား လုံးဝ(လုံးဝ) ထည့်သွင်းစဉ်းစားမည် မဟုတ်ကြောင်းကြေညာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန website http//www.mol.gov.mm နှင့်အောက်ပါလိပ်စာတို့တွင်စုံစမ်းနိုင်ပါသည်။
- သတင်းအချက်အလက်နှင့်နည်းပညာဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ နေပြည်တော်
- ဖုန်း-၀၆၇-၃၄၁၇၉၂၅၊ ၃၄၁၇၉၅၁၊ ၃၄၁၇၉၅၂
- ဖက်(စ်)-၀၆၇-၃၄၁၇၉၂၆

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

### စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းမှ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ **မီးခံဘိလပ်မြေပြားစက်ရုံခွဲ (မှော်ဘီ)**ရှိ စက်အရန်ပစ္စည်း၊ စက်ဆီချောဆီ၊ လောင်စာဆီနှင့် အခြားသွယ်ဝိုက်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါပုံစံများနှင့်စည်းကမ်းချက်ကို နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ် (၄၁)၊ နေပြည်တော်တွင် **၁၉-၃-၂၀၁၈ ရက်မှ ၂၀-၄-၂၀၁၈ ရက်အထိ** ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး **၂၀-၄-၂၀၁၈ ရက် မွန်းတည့် ၁၂း၀၀ နာရီအထိ** နောက်ဆုံးထား၍ တင်ဒါပေးသွင်းရန်ဖြစ်ပါသည်။ ဖုန်း-၀၆၇-၄၀၈၂၀၈၊ ၀၆၇-၄၀၈၁၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ သဘာဝပိုဇိုလန်ထုတ်လုပ်ရေးစက်ရုံ 10 MVA, 66/11 kV ဓာတ်အားခွဲရုံအတွက် လိုအပ်သော လျှပ်စစ်ပစ္စည်းများနှင့် စီမံကိန်း/ဌာနခွဲများရှိ စက်ယန္တရား/ယာဉ်များတွင် လဲလှယ်အသုံးပြုရန်အတွက် Spare Parts များအား D.D.P (Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-
(က) Tender No.01/DHPI/Transformer & acc; / 2018-2019
(ခ) Tender No.02/DHPI/Machinery Spare / 2018-2019

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီ ချိပ်ပိတ်၍ ၂၃-၄-၂၀၁၈ ရက် ၁၂း၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moee.gov.mm ၌ ဝင်ရောက်ကြည့်ရှု၍ အခမဲ့ Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၀၆၇-၈၁၀၄၁၉၀**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မိုင်းဆတ်ခရိုင်နှင့်တည်ဆောက်ရေး(၁)၊ လမ်းအထူးအဖွဲ့(၃)တို့မှ တာဝန်ယူဆောင်ရွက်သော မိုင်းဆတ်ခရိုင်အတွင်းရှိ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ(၆)လ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လမ်း၊ တံတားလုပ်ငန်းများအတွက် လိုအပ်သည့် ဆောက်လုပ်ရေးသုံးပစ္စည်းများကို အရောက်ဈေးနှုန်းဖြင့် တင်ဒါခေါ်ယူ၍ (မြန်မာ)ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၄-၄-၂၀၁၈ ရက် (အင်္ဂါနေ့)
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - မွန်းလွဲ ၂ နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၂၅-၄-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါဖွင့်မည့်အချိန်** - နံနက် ၁၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - လမ်းဦးစီးဌာန၊ မိုင်းဆတ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ မိုင်းဆတ်မြို့

၂။ တင်ဒါလျှောက်လွှာပုံစံများကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မိုင်းဆတ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ၃-၄-၂၀၁၈ ရက် (အင်္ဂါနေ့)မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**ဖုန်း-၀၈၄-၆၀၂၁၉**

### ဆောက်လုပ်ရေးဝန်ကြီးဌာန
### တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)၊ ရန်ကုန်
## Open Tender ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄) မှ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ပြည်ထောင်စုရန်ပုံငွေနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ထားဝယ်-မြိတ်လမ်းပေါ်ရှိ သမုတ်-လွတ်လွတ်တံတား၊ မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်းပေါ်ရှိ တနင်္သာရီတံတား၊ တနင်္သာရီ-မောတောင်လမ်းပေါ်ရှိ ဖောခိကမ်းတံတားနှင့် ကော့သောင်း-ပုလုံးတုံးတုံးကျွန်းလမ်းပေါ်ရှိ ပုလုံးတုံးတုံးတံတားတည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်ရန် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရေယာဉ်များ၊ Bored Pile တူးစက်တို့အား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းတို့ကို Open Tender ဖြင့် ဆောင်ရွက်လိုပါသည်-

**Open Tender ဖြင့် ဝယ်ယူမည့်ပစ္စည်းများ** - M.S Rod, Cement, Sand, Chipping, Thin Sheet (2.3mm), Bentonite, Admixture, Binding Wire, Wire Nail, Welding Rod, 5 Ply Wood, Carbide Tipped Drill Bit, J/Wood, Ready Mixed Concrete (25Mpa/30Mpa/40Mpa), Anticorrosive Paint For Reinforcing Steel bar (20kg), 3" ×3" 3/8 Angle Iron, ကျောက်ဆူးကြိုး (40mm diameter Stud link)

**Open Tender ဖြင့် ငှားရမ်းမည့်ရေယာဉ်များ** - 1200 Ton Barge, Z-Craft, Vibro Hammer Double Jaw (90 KW), ကမ်းရိုးတန်းသွား Landing Craft, တွန်းသင်္ဘော၊ Kobelco Crane (BM 500) နှင့်တွဲသုံးနိုင်သည့် Drilling Rig (၁)စုံ၊ Bored Pile တူးစက်နှင့် Service Crane

**Open Tender ဖြင့် သယ်ယူပို့ဆောင်မည့်ရေယာဉ်များ** - 400 Ton Working Barge, ဌာနပိုင် ဇက်ရေယာဉ် ဆလက-၀၁၀၊ P.C Wire (90)Ton

တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၁၉-၃-၂၀၁၈ မှ ၁၀-၄-၂၀၁၈ ရက်အထိ ရုံးချိန်အတွင်း တည်ဆောက်ရေးအဖွဲ့(၄)ရုံး၊ ဘုရင့်နောင်တံတား အမှတ်(၂) ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၂၄၆၁၈၁၅ နှင့် တနင်္သာရီတံတားစီမံကိန်း၊ တနင်္သာရီမြို့၊ ဖုန်း-၀၉-၄၂၈၄၁၂၀၃၂ တွင် ဝယ်ယူနိုင်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၁-၄-၂၀၁၈၊ ၀၉း၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၁-၄-၂၀၁၈၊ ၁၀း၀၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - တနင်္သာရီတံတားတည်ဆောက်ရေးစီမံကိန်းရုံးရှင်းလင်းဆောင်၊ တနင်္သာရီမြို့

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တည်ဆောက်ရေးအဖွဲ့ (၄)**

## အကြီးမြန်သစ်ပင်စိုက်ပျိုးမှ တိုင်းပြည်လည်းလှ ၊ ကြီးပွားချမ်းသာရ







### အကြီးမြန်ယူကလစ်ပင် ရင်းနှီးမြှုပ်နှံမှု အကျိုးကျေးဇူး

❋ တောင်သူမိသားစုတစ်စုသည် မိမိပိုင်မြေ အိမ်ရှေ့၊ အိမ်နောက်၊ ဝဲယာ၊ ခြံစည်းရိုးမြေလွတ်တွင် တစ်ဧက(အပင် ၅၀၀)စိုက်ပျိုးပါက ★(၅)နှစ်အတွက် တစ်ပင်စိုက်ပျိုးကုန်ကျစရိတ် (၂၂၀ဝိ/-)(မိမိကိုယ်တိုင်စိုက်ပါက ပျိုးပင်နှင့် မြေဩဇာမိုး (၁၂၅ဝိ/-)သာကုန်ကျမည်)။ ★(၅)နှစ်ပြည့်ပါက ပင်ကြပ်(၃)ပုံ(၂)ပုံ (အပင် ၃၀၀)(ရင်စို့လုံးပတ် ၂၀"- ၃၀") အမြင့်ပေ(၈၀)ရှိပြီးနေရာတွင် ခုတ်လဲပါက တစ်ပင်(၁၅၀၀ဝိ-၃၀၀၀ဝိ/)ဝင်ငွေရရှိနိုင်ပါသည်။ ★ကျန်လက်ရွေးစင်အပင်(၁၅၀)ခန့်အား (၁၀)နှစ်သက်တမ်းတွင် လုံးပတ်(၄၀"- ၆၀")ခန့်ရှိပြီး အဆောက်အဦးသုံး သစ်မာသစ်ခွဲသားအဖြစ် အသုံးပြုနိုင်သဖြင့် တစ်ပင်လျှင်(၂၀၀၀၀ဝိ-၃၀၀၀၀ဝိ/)ဝင်ငွေရရှိနိုင်ပါသည်။

ဆက်သွယ်ရန် ▶ GreatWall Co.,Ltd ရုံးချုပ်၊ ၃၁လမ်း၊ ၇၇× ၇၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ✆ 09-402611152, 02-33996, 02-39428,02-31350

### ကျေးရွာများတွင် တောင်သူများဝင်ငွေမြင့်မားစေရန် အကြီးမြန်ယူကလစ် စိုက်ပျိုးခြင်းနှင့် စက်ရုံအလုပ်ရုံများ တည်ထောင်၍ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း

ကျေးရွာစိုက်ခင်း → ကျေးရွာအုပ်စု၊ သစ်ပါးလွှာနှင့် ဘလော့ဘုတ်ခွဲသားဖုံ → မြို့နယ် သစ်အချောထည်စက်ရုံ → ပြည်နယ်နှင့် တိုင်းမြို့တော် ပရိဘောဂစက်ရုံ










- ➤ (၅)နှစ်ပြည့် တစ်ပင်ရင်းနှီးငွေ - ၂၂၀၀ ကျပ်
- ➤ (၅)နှစ်ပြည့် တစ်ပင်ရရှိငွေ - ၂၅၀၀၀ ကျပ်(တန်ဖိုးတိုးမြှင့်မှု ၁၁ဆ)
- ➤ တစ်ပင်သစ်ပါးလွှာနှင့် ဘလော့ဘုတ်ခွဲသား ထုတ်လုပ်ထွက်ရှိတန်ဖိုး - ၄၀၀၀၀ ကျပ်(တန်ဖိုးတိုးမြှင့်မှု ၁၈ဆ)
- ➤ (၅) နှစ်ပြည့် သစ်ပါးလွှာမှ အထပ်သား၊ ဘလော့ဘုတ် ထုတ်လုပ်ထွက်ရှိမှုတန်ဖိုး - ၇၀၀၀၀ကျပ် (တန်ဖိုးတိုးမြှင့်မှု ၃၂ဆ)
- ➤ (၅)နှစ်ပြည့်အထပ်သား၊ ဘလော့ဘုတ်မှ ပရိဘောဂ ထုတ်လုပ်ထွက်ရှိမှု တန်ဖိုး - ၁၄၀၀၀၀ ကျပ် (တန်ဖိုးတိုးမြှင့်မှု ၆၄ဆ)

- ➤ (၁၀)နှစ်ပြည့် တစ်ပင်ရင်းနှီးငွေ - ၃၅၀၀ ကျပ်
- ➤ (၁၀) နှစ်ပြည့် တစ်ပင်ရရှိငွေ - ၂၄၀၀၀၀ ကျပ်(တန်ဖိုးတိုးမြှင့်မှု ၆၈ဆ)
- ➤ (၁၀)နှစ်ပြည့် သစ်လုံးကြီးမှ ခွဲသားထုတ်လုပ်ထွက်ရှိမှုတန်ဖိုး - ၃၆၀၀၀၀ကျပ် (တန်ဖိုးတိုးမြှင့်မှု ၁၀၂ဆ)
- ➤ (၁၀)နှစ်ပြည့် သစ်ခွဲသားမှ ပရိဘောဂထုတ်လုပ်ထွက်ရှိတန်ဖိုး - ၇၂၀၀၀၀ ကျပ် (တန်ဖိုးတိုးမြှင့်မှု ၂၀၅ဆ)


### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8H/8431 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/5972 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊**
**သန်လျင်မြို့**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4M/8495 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/8530 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/7353 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### အမြန်ဆက်သွယ်ပါ

အငြိမ်းစားရဲမှူးကြီး ဦးခင်မောင်ဗိုလ်နှင့် အငြိမ်းစားကျောင်းဆရာမကြီး ဒေါ်သန်းသန်းနွယ် တွေ့ဆုံလိုပါသည်။

- **ဒေါ်နန်းတင်ကြည်**
- **ဒေါ်နန်းတင်ရွှေ**
- **ဒေါ်နန်းရွှေအောင်**
- **ဒေါက်တာစိုင်းမြမောင်**

**ဖုန်း-၀၉-၅၄၀၅၈၅၉၊ ၀၉-၄၃၁၆၀၄၃၈**




## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**

**မန္တလေးခရိုင်တရားရုံးတော်**

**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ် ၁၂နှင့် ဆက်နွယ်သည့် ၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ် -၂၂**

| | | | |
|---|---|---|---|
| ၁။ ဒေါ်တင်ဦးသန်း | **နှင့်** | ၁။ | ဦးမင်းသန်း |
| ၂။ ဦးသီဟသန်း | | ၂။ | ဒေါ်အေးအေးသန်း |
| ၃။ ဒေါ်တိုးတိုးသန်း | | ၃။ | ဦးဝင်းသန်း |
| | | ၄။ | ဒေါ်ယမင်းစိုး |
| **ဒီကရီအနိုင်ရသူများ** | | | **တရားရှုံးများ** |

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၅၈လမ်း×၃၇လမ်းထောင့်နေ (၄)ဒေါ်ယမင်းစိုး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂တွင် ရရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်တင်ဦးသန်း ပါ(၃)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြနိုင်သည့် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၈ ခုနှစ် မတ် ၂၈ရက် (၁၃၇၉ ခုနှစ် တန်ခူးလဆန်း ၁၂ရက်)မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၈ ခုနှစ် မတ် ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိန်းသိန်းဌေး)**

**ဒုတိယခရိုင်တရားသူကြီး(၆)**

**မန္တလေးခရိုင်တရားရုံး**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ကိုဇော်နိုင်အောင်(ခ) ကိုကျော်ဆန်းလွင် ၆/ထဝန(နိုင်)၁၂၉၈၅၅ နှင့်

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးသောင်းစိန်နှင့် ဒေါ်လင်ရှုကျောင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ- အောက်ပါအတိုင်းအသိပေးကြေညာလိုက်ပါသည်။

အထက်ပါ ကျွန်ုပ်တို့၏မိတ်ဆွေတို့သည် သမီးဖြစ်သူ မဖြူဖြူသွင်နှင့် သင်တို့အပေါ် အကြင်လင်မယားအဖြစ် ပေါင်းသင်းစဉ်မှ ယနေ့ထိတိုင် မိဘတို့တွင်ရှိအပ်သည့် မေတ္တာ၊ စေတနာ၊ ဝတ္တရားနှင့်အညီ အေးချမ်းစွာဆက်ဆံနေထိုင်လျက်ရှိပြီး သမီးဖြစ်သူကလည်း မိဘနှင့် သားသမီးတို့ပုံမှန်ဆက်ဆံရေးအတိုင်းသွားမြဲလာမြဲမပျက် မကြာမကြာဝင်ထွက်သွားလာ ဆက်ဆံလေ့ရှိသည်ကို သင်သိရှိသော်လည်း သင်ကလွဲမှားသော စကားရပ်များအသုံးချ၍ ကျွန်ုပ်တို့၏ မိတ်ဆွေများကို မဟုတ်မမှန် စွပ်စွဲပုတ်ခတ်စော်ကားပြောဆိုနေခဲ့သည်ဟု သိရပါသည်။ ၁၂-၃-၂၀၁၈ရက်တွင် မဖြူဖြူသွင်သည် မိဘအိမ်သို့ပုံမှန်သွားလာဝင်ထွက်မြဲအတိုင်း ခေတ္တအလည်အပတ်လာရောက်စဉ် သင်သည် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအဖွဲ့များနှင့်အတူ အခြားလူစုလူဝေးတို့ဖြင့် မယားပျောက်တိုင်ထား၍ ဝင်ရောက်ရှာဖွေကြောင်းပြောကြားကာ အိမ်ရှင်၏ခွင့်ပြုချက်မရဘဲ မဖြူဖြူသွင်ကို အိမ်အတွင်း ဝိုင်းဝန်းပိတ်ဆို့ရှာဖွေဖမ်းဆီးမှုများ ပြုလုပ်ခဲ့ကြသည်ဟုဆိုပါသည်။ ထိုလုပ်ရပ်များကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေများမှာ ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာဖြစ်စေမှုများ၊ လူပုံအလယ် အရှက်ရစေမှုများ၊ အထင်အမြင်လွဲမှားခံရမှုများကြောင့် ဂုဏ်သိက္ခာညှိုးနွမ်းခဲ့ရခြင်း၊ လုံခြုံရေးကို ထိပါးစော်ကားခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်းများနှင့် ကြုံတွေ့ခဲ့ကြသဖြင့် ၎င်းတို့တွင် အကျိုးများစွာထိခိုက်နစ်နာမှုများဖြစ်ပေါ်စေခဲ့ရကြောင်း သိရပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းအနေဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေများအပေါ် အကျိုးထိခိုက်နစ်နာစေမည့် မည်သည့်လုပ်ရပ်ကိုမျှ ဆက်လက်ပြုမူဆောင်ရွက်ခြင်းမပြုရန်လေးနက်စွာသတိပေးလိုက်ပါသည်။ မလိုက်နာပါက ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး အကြောင်းကြားလိုက်သည်။

**ညွှန်ကြားချက်အရ-**

| | | | | |
|---|---|---|---|---|
| **ဦးစောမြင့်ကို** | **ဦးပြေငြိမ်း** | **ဒေါ်သီမာစိုး** | **ဒေါ်နန်းဝေစိုး** | **ဒေါ်သက်သက်** |
| **(LL.B)** | **(LL.B)** | **(LL.B,D.B.L)** | **(LL.B)** | **(LL.B)** |
| **နိုတြီပဗ္ဗလစ်၊ စဉ်-၄၆၄၆၉** | | **စဉ်-၄၂၄၆၂** | **စဉ်-၄၆၆၉၁** | **စဉ်-၄၆၉၂၈** |

**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၂၃၂) အထက်တန်းရှေ့နေများ**

**ရန်အောင် (၁)ရပ်ကွက်၊ မြသီတာလမ်း၊ နေပြည်တော်ပျဉ်းမနားမြို့**

## ဒေါက်တာမင်းမင်းနှင့် ဦးအောင်ခိုင်

## (ရွှေသံလွင်စက်မှုဇုန်၊ ဦးအောင်ခိုင်အထည်ချုပ်စက်ရုံ၊ ရောဝတီလမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း) တို့ သိသာရန်

လူကြီးမင်းတို့သည် **Myanmar Solar Rays Co., Ltd** မှ လူကြီးမင်းတို့၏ အထည်စက်ရုံလုပ်ငန်းအတွက် လျှပ်စစ်ဓါတ်အားရရှိရေးအတွက် 1MVA Transformer (1) လုံး တပ်ဆင်ခွင့်ပြုကြောင်း ယုံကြည်အောင်တင်ပြပြီး လိုအပ်သည့်လျှပ်စစ်ပစ္စည်းများအကြွေးဝယ်ယူခဲ့ပါသည်။ ပေးရန် ကျန်ငွေမှာ - ၃၁,၈၃၄,၃၃၅/- (ကျပ်သိန်းသုံးရာတစ်ဆယ့်ရှစ်သိန်းသုံးသောင်းလေးထောင်သုံးရာသုံးဆယ့်ငါးကျပ်တိတိ) ကို မပေးဆပ်ဘဲ **Myanmar Solar Rays Co., Ltd** မှ ဆက်သွယ်သည့်အခါ နိုင်ငံရပ်ခြားတွင် နေထိုင်နေပါသည်ဟု အကြောင်းပြနေပါသဖြင့် သတင်းစာပါသည့်ရက်မှ နှစ်ပတ်အတွင်းအမြန်လာရောက် ရှင်းလင်းပေးဆပ်ရန်နှင့်အချိန်မှီ မလာရောက်ပါက ပြစ်မှုဆိုင်ရာ၊ တရားမကြောင်းဆိုင်ရာ အမှုများစွဲဆို သွားတော့မည်ဖြစ်ကြောင်း အကြောင်းကြား သိစေအပ်ပါသည်။

**Myanmar Solar Rays Co.,Ltd**၏ လွှဲအပ်ညွှန်ကြားချက်အရ -

**ဦးခင်မောင်ဦး (B.A., R.L)**

တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၅၃၂၉)

အမှတ် - ၄၅၊ ကမ္ဘာအေးဘုရားလမ်း၊

ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။

ဖုန်း - ၀၁ ၅၄၂၈၀၄၊ ၀၉ ၅၁၅၈၄၀၁

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၃၇၆/က၊ မြေကွက်တည်နေရာအမှတ်(၃၇၆/က)၊ ရွှေဘိုလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်မမကြီး ၁၂/ဥကတ(နိုင်)၀၇၄၆၃၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မမကြီးအပါ ဦးမောင်မောင်နိုင်၊ ဒေါ်တင်နီထွေး၊ ဦးအောင်မြင့်(ခ)ဦးမြင့်ကိုတို့ကို တရားပြိုင်ထား၍ တရားလို ဒေါ်မြင့်သန်းညွန့်၊ ဒေါ်ခင်သန်းညွန့်တို့မှ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတွင် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် စွဲဆိုထားသော တရားမကြီးမှုအမှတ်(၄၄၀/၂၀၁၂)၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ်(၈၃/၂၀၁၃)၏ အမိန့်တို့တင်ပြ၍ အမည်ပေါက်တရားရှုံး ဒေါ်မမကြီး ၁၂/ဥကတ(နိုင်)၀၇၄၆၃၃ ကိုယ်စား ဘီလစ်ဒေါ်ရွှေရည်နိုင် ၁၂/သကတ(နိုင်)၁၆၇၃၆၅ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ လျှောက်ထားမြေတွင် (၁)ထပ်ပျဉ်ထောင်၊ အဆောက်အအုံတွင် တရားနိုင် ဒေါ်မြင့်သန်းညွန့်၊ ဒေါ်ခင်သန်းညွန့်တို့ နေထိုင်ကြောင်း စိစစ်တွေ့ရှိရသဖြင့် အဆိုပါအရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊ အမှတ်(၄၅/ဘီ) တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆ဂျီ)၊ မြေကွက်အမှတ်(၉၃အို/၂)၊ မြေအမျိုးအစား မြေပိုင်မြေ၊ အမည်ပေါက် ဦးသိန်းထွဋ်(အိပ်ချ်ဇက်အေ-၂၃၃၀၈၁)နှင့် ဒေါ်ဝါဝါမွန် (အိပ်ချ်ဇက်အေ-၂၄၂၁၂၅)မြေကွက်အား အမည်ပေါက်များနှင့် သားများဖြစ်သော မောင်ထွဋ်နေလနှင့် မောင်ကောင်းမွန်ထွဋ်တို့သည် ၂၃-၁၁-၂၀၁၀ရက်တွင် ကွယ်လွန်သဖြင့် ဦးသိန်းထွဋ်၏ မိဘများဖြစ်သော ဦးအုန်းမြင့်နှင့် ဇနီးဒေါ်စိန်အိတို့က တရားလိုပြု၍ ဒေါ်ဝါဝါမွန်၏ (ဖခင်)ဦးအေးသန်းထွန်းအပေါ် တရားပြိုင်ထားကာ အမွေပုံစီမံခန့်ခွဲပေးစေလိုမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်၏ တရားမကြီးမှုအမှတ် ၂၆၀၂/၂၀၁၁ဖြင့် စွဲဆိုခဲ့ပြီး ၁၄-၁၂-၂၀၁၅ရက်စွဲပါ ဦးသိန်းထွဋ်၏ မိဘနှစ်ပါး(တရားလိုများ)နှင့် ဒေါ်ဝါဝါမွန်၏ (ဖခင်) ဦးအေးသန်းထွန်း(တရားပြိုင်) တို့က အမွေပုံပစ္စည်း၏ ထက်ဝက်စီရထိုက်ခွင့်ရှိကြောင်းစီရင်ချက်၊ ဦးသိန်းထွဋ်၏ အစုအတွက် မိဘများဖြစ်သော ဦးအုန်းမြင့်နှင့် ဇနီးဒေါ်စိန်အိတို့က ရထိုက်ခွင့်ရှိကြောင်း ချမှတ်သော်လည်း ဒေါ်စိန်အိသည် ၁၈-၆-၂၀၁၇ရက်တွင် ကွယ်လွန်သဖြင့် ဦးအုန်းမြင့် တစ်ဦးတည်းသာပိုင်ဆိုင်ခွင့်ရှိကြောင်းနှင့် ဦးအေးသန်းထွန်းနှင့်ပူးတွဲကျိန်ဆိုသည့် ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း ၁၃-၁၀-၂၀၁၇ရက်စွဲပါ ဒေါ်စိန်အိကွယ်လွန်သည်မှာ မှန်ကန်ကြောင်း ဟသ်ာတမြို့၊ ရုံးကြီးရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ အိမ်ထောင်စုစာရင်းတို့တင်ပြ၍ ဦးအုန်းမြင့် ၁၄/ဟသတ(နိုင်)၀၁၆၅၂၁ နှင့် ဦးအေးသန်းထွန်း ၁၂/ဒဂန(နိုင်)၀၂၆၃၅၈ တို့မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ မြို့မ (၂)ဈေးပိုင်း၊ ရတနာပုံလမ်းနေ ဦးမျိုးဇေယျာမြင့် ၇/ညလပ(နိုင်)၀၉၆၅၃၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမျိုးဇေယျာမြင့် ၇/ညလပ(နိုင်)၀၉၆၅၃၄သည် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့/မြို့မ (၂)ရပ်ကွက်၊ ကွင်းအကွက် အမှတ်နှင့်အမည် ရပ်(၈)ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် ၃၅ဟုခေါ်တွင်သော အကျယ် (၀ဒသမ၀၃၅၄ဧက)ရှိမြေအား ဦးမျိုးဇေယျာမြင့်မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်မှတ်ပုံတင်ခြင်းနှင့် ၎င်းအမည်ပေါက်သည်အထိ ဆောင်ရွက်ခြင်းများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါသဖြင့် အဆိုပါကိစ္စရပ်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ဖော်ပြပါကိစ္စရပ်များအား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မေသဥ္ဇာသိန်း (LL.B)၊** | **ဒေါ်ပွင့်သူဇာ (LL.B)** |
| စဉ်-၄၂၂၀၂ | စဉ်-၄၀၃၈၇ |

**အထက်တန်းရှေ့နေများ**

**Law Garden Law Firm**

**အမှတ် (၃၄၅)၊ နဝရတ် (၃)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**

**ဖုန်း-၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၇၉၉၅၆၇၄၀၀**

# ဝယ်တာထက် ပိုရမယ့် ဒေတာလိုက်ပွဲ

4G PLUS

***140#** ကို အခုပဲ ခေါ်ဆိုပါ။

| ဈေးနှုန်း(ကျပ်) | ဒေတာ(MB) | | အပိုလိုက်ပွဲ (MB) |
|---|---|---|---|
| ၆၉၉ | ၃၅၀ | + | ၅၀ |
| ၉၉၉ | ၆၀၀ | + | ၅၀ |
| ၁,၄၉၉ | ၈၇၀ | + | ၁၅၄ |
| ၂,၉၉၉ | ၁,၉၈၂ | + | ၂၅၆ |
| ၄,၉၉၉ | ၃,၀၇၂ | + | ၅၁၂ |
| ၉,၉၉၉ | ၆,၁၄၄ | + | ၁,၀၂၄ |
| ၁၉,၉၉၉ | ၁၂,၂၈၈ | + | ၂,၀၄၈ |
| ၃၉,၉၉၉ | ၂၅,၆၀၀ | + | ၅,၁၂၀ |

အပိုလိုက်ပွဲ သက်တမ်း ရက် ၃၀ ရှိပါသည်။



ooredoo
Enjoy the Internet



အဝလွန်၍ စိတ်ညစ်နေသူများ ဗိုက်ပူခါးတုတ်၍ အလိုမကျဖြစ်နေသူများအတွက်
**မလိုအပ်သော သွေးထဲမှ အဆီများ အသားထဲမှ အဆီများကို ဖယ်ထုတ်ပေးပြီး ကိုယ်ခန္ဓာကို ကျစ်လျစ်သွားစေသည့်**

# ကေသီပန် မြတ်သုခ အမှတ်တံဆိပ် အဆီကျဆေး

နေ့စဉ်သုံးစွဲခြင်းဖြင့် တစ်လအတွင်း သိသာစွာ ကျစ်လျစ်ပြေပါးသွားစေပါမည်။

မှတ်ချက်။ ။ ဝိန်ဆေးမဟုတ်ပါ

ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

ပင်ရင်း ယခုလိပ်စာအသစ်။ ။ မြေအမှတ် 4C(A)၊ အေးသာယာလမ်း၊ ဘောက်ထော်။
ဖုန်း – ၀၁ – ၄၀၁၁၀၀၊ ၀၁ – ၅၄၅၂၅၉၊ ၀၁ – ၈၆၀၄၃၆၆


## ဦးစိုးဝင်း (၁၂/ဗတထ (နိုင်) ၀၃၄၄၂၉) သိသာရန်

**(Htike Sin Co., Ltd )**

လူကြီးမင်းသည် **Myanmar Solar Rays Co., Ltd** မှ ဝယ်ယူသွားသော Electric Cable ကြိုးများအတွက် ပေးရန်ကျန်ငွေ-၉,၀၀၀,၀၀၀/- (ကျပ်သိန်းကိုးဆယ်တိတိ) ကို ကတိအတိုင်း လာရောက်ပေးသွင်းခြင်းမပြုဘဲ အကြောင်းအမျိုးမျိုးပြကာ ကြန့်ကြာနေပါသဖြင့် သတင်းစာပါသည့်ရက်မှ နှစ်ပတ်အတွင်းအမြန်လာရောက် ရှင်းလင်းပေးဆပ်ရန်နှင့် အချိန်မီ မလာရောက်ပါက ပြစ်မှုဆိုင်ရာ၊ တရားမကြောင်း ဆိုင်ရာအမှုများစွဲဆိုသွားတော့မည်ဖြစ်ကြောင်း အကြောင်းကြားသိစေအပ်ပါသည်။

**Myanmar Solar Rays Co.,Ltd**၏ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးခင်မောင်ဦး **(B.A., R.L)**
တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၅၃၂၉)
အမှတ် - ၄၅၊ ကမ္ဘာအေးဘုရားလမ်း၊
ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၁ ၅၄၂၈၀၄၊ ၀၉ ၅၁၅၈၄၀၀


မြန်မာတို့ တက်ကျမ်း ကမ္ဘာသို့ တက်လှမ်း လူငယ်တို့ လျှောက်စမ်း

# နိုင်ငံတကာသတင်းဂျာနယ်

2018 MARCH 19 TO 26 , MONDAY | 1154|

အတွေးအမြင် ဆောင်းပါးအဖြစ်

သီရိလင်္ကာ အဓိကရုဏ်းဖြစ်စဉ်က ပေးစွမ်းသော သင်ခန်းစာများ

ဒေတ်မီလေတပ်တစ်ခုအဖြစ် တရုတ်ဘာတွေလုပ်ခဲ့ရသလဲ

အိုင်အက်စ်အဖွဲ့၏ ကြီးမားသောခြိမ်းခြောက်မှုများ ရင်ဆိုင်နေရဆဲ ဖိလစ်ပိုင်နိုင်ငံ

**စစ်အေးခေတ်သစ်ထဲ ရောက်နေပြီလော**

တရုတ်-အာဆီယံ ပူးတွဲစစ်ရေးလေ့ကျင့်မှုရလဒ်
တင်းမာမှုများနှင့် ဘေးအန္တရာယ်များ လျော့ကျစေနိုင်

**ရက်စ်တီလာဆန် ထွက်တော်မူနန်းကခွာပြီ**

စကြဝဠာကို စာတ်ခွဲခန်းလုပ်ခဲ့သော စတီဖင်ဟော့ကင်း

စသည့် နိုင်ငံရေး၊ စစ်ရေး ဆောင်းပါး၊ သတင်းများနှင့်အတူ ဦးကိုကိုလှိုင်(နိုင်ငံရေးသုတေသီ)၊ ဦးရဲထွန်း(အမျိုးသားစာပေဆုရှင်)၊ ဖော်ဝင်းထွန်း၊ ကိုရင်ဩ၊ တင်မောင်သန်း၊ ရဲရင့်အောင်၊ စည်သူလှိုင်၊ ဇေဖြိုးသာ၊ မောင်လွင်ပြင်၊ မောင်သဃာ၊ ကြယ်စင်သာ တို့၏ ဆောင်းပါးများဖြင့် . . . .

**တနင်္လာနေ့တိုင်း ထွက်ပြီ**

နယ်စာဇတ်ပရိသတ်များ ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းဈေးကျပ် ၃၀၀/ -
ကြော်ငြာနှင့် ဖြန့်ချိရေး – အမှတ်(၅၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊
မြန်မာ့အလင်းပုံနှိပ်တိုက်၊ ဗဟန်းမြို့နယ်။
ဖုန်း – ၀၁–၅၅၈၃၂၆၊ ၀၁–၅၅၈၃၂၉၊ ၀၁–၅၅၆၅၁၇
E-mail:internationaljournalmm@gmail.com


## ဒေါ်မို့မို့အောင်(၁၄/ဒဒရ(နိုင်)၁၃၁၀၂၉)နှင့် ကိုအောင်ကိုလင်း(၁၄/ဒဒရ(နိုင်)၁၁၁၀၅၃)တို့ လင်မယားသိစေရန်

အထက်ပါလင်မယားတို့သည် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊အနောက်မြင်းပြိုင်ကွင်းလမ်းမပေါ်ရှိ အမှတ်(၅၂)တွင် ဆိုင်ခန်းကို(၆.၆.၂၀၁၆)ရက်နေ့မှ (၆.၆.၂၀၁၇)ရက်နေ့အထိ(၁)နှစ်ငှားရမ်း၍ ဟန်းဆက်ရောင်းသည့်ဆိုင်ဖွင့်လှစ်ခဲ့ပါသည်။ ငှားရမ်းသက်တမ်းမကုန်ဆုံးမီ(၁)လ အလိုတွင် ဆိုင်ခန်း လာရောက်ဖွင့်လှစ်ခြင်းမရှိတော့ဘဲ၊ ဆိုင်ခန်းကိုလည်း ပြန်လည်အပ်နှံခြင်းမရှိသဖြင့်ငှားရမ်းမှုသက်တမ်းကျော်လွန်နေသည်မှာ(၈)လခန့်ရှိပြီဖြစ်ပါသည်။ ဖုန်းဖြင့်ဆက်သွယ်သော်လည်းဆက်သွယ်၍မရပါ။သို့ဖြစ်ပါ၍ဆိုင်ခန်းကို(၂၅.၃.၂၀၁၈) နောက်ဆုံးထား၍ ပိုင်ရှင်ဖြစ်သူ ကျွန်မဒေါ်ရီထံအပ်နှံပေးပါရန် တောင်းဆိုပါသည်။ ဒေါ်ရီ (ပိုင်ရှင်) (၁၂/တမန(နိုင်)၀၄၇၄၄၅)


## မြေကွက်များဈေးကောင်းပေးဝယ်လိုသည်

ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင် မြေကွက်များဝယ်လိုသည်။

အိမ်အရောက် ငွေချေစနစ်၊ ပွဲခပေးရန်မလို

မြည့်နှံ 01-2339310,01-2339355,
Ph:01-578044 ,01-570721


## ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊မြေကွက်အမှတ်(၁၁၇၂)၊ အကျယ်အဝန်း(၄၅×၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေ နှင့်ပတ်သက်၍ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ပါမြေကွက်တည်ရှိရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၆)ရပ်ကွက်၊ ရွှေပါလမ်း၊အမှတ်(၁၁၇၂)ဟုခေါ်တွင်သောမြေနှင့်အဆောက်အဦးကိုကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပါသည်။ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ခိုင်မာသော တရားဝင်အထောက်အထား(မူရင်း)များနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်တင်တင်မြ (LL.B,LL.M,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၁၄)
၀၉-၉၆၁၂၀၀၀၃၅၊ ၀၉-၅၀၄၇၃၈၃
အမှတ်(၅၀)၊ပ/ထပ်၊အခန်း(အေ-၇)၊ဘဏ်လမ်း၊ကျောက်တံတားမြို့နယ်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉A)၊ မြေကွက်အမှတ်(၅၈၆)၊ ဗိုလ်ဆွန်ပက်လမ်း၊ အလျား (၅၀ပေ) × အနံ(၅၀)ပေရှိ ဒေါ်မိုးမိုးထွန်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းကမ်းလှမ်းလာသူ ဒေါ်မိုးမိုးထွန်း (၁၂/ကမတ(နိုင်)၀၀၅၄၉၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဒေါ်အေးမြမွန် (LL.B, LL.M)**
အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)
အမှတ်(၆)၊၄-လွှာ(ယာ)၊ ၁၂၃-လမ်း၊ သင်ပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၉၅၆ ၈၃၃၇၈၊ ၀၉-၃၁၇ ၆၅၀ ၁၇



521, Mogoke Street, Industrial Zone (1), Dagon Myothit (South)
Hp : (95-9) 510 7832, (95-9) 550 5855, Tel : (95-1) 591336, (95-1) 2348241, Email : zbuyadana@gmail.com

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(ပ-၅)၊ ဦးပိုင်အမှတ်(၇၆+၈၁)၊ ဧရိယာ ၀ဒသမ၀၄၁၃ဧက အကျယ်အဝန်းစီရှိ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အဆောက်အအုံ၊ (ရေ+မီး)အစုံအပါအဝင် နေထိုင်ပိုင်ဆိုင် အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင် ဂရန်အမည်ပေါက် ပိုင်ဆိုင်ထားသူများ ဦးခွန်စိုးမိုး(ခ)ဦးဆုသိန်းနှင့်ဇနီး ဒေါ်နန်းယဉ်မြတို့က ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများ ပြသရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဒေါ်ချောချောယဉ်(LL.B)(စဉ်-၇၀၃၂) ဒေါ်ညွန့်စိန် (LL.B)(စဉ်-၈၉၅၉)**
**တရားလွှတ်တော်ရှေ့နေများ**
**ရုံးခန်း-(င-၆/၁၂၀)၊ ၆၄လမ်း၊ ခိုင်ရွှေဝါလမ်းနှင့်မနော်ဟရီလမ်းကြား၊**
**မြို့သစ်(၃)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၇၈၃၈၁၃၃၁၄၊ ၀၉-၂၅၆၃၆၁၄၀၁**

## အများသိစေရန် ကြေညာချက်

မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ အကွက်အမှတ် (၃၆)၊ ဦးပိုင်အမှတ် (၁၄၆/က)၊ ဧရိယာ ၀ဒသမ၀၄၇ဧကရှိ အငှားဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အမှတ် (၃/ဘီ)၊ တပ်မြေအနောက်လမ်း၊ မန္တလေးရပ်ကွက်၊ မော်လမြိုင်မြို့ဟု ခေါ်တွင်သော နေအိမ်အဆောက်အအုံတို့ကို ပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်ဂျွန်မာဘီ၊ ဦးအေးမောင်၊ ဒေါ်ယဉ်ယဉ်မော်၊ ဦးစိုးမောင်မောင်၊ ဦးကျော်မောင်မောင်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ ကမ်းနားလမ်း၊ အမှတ် (၅/စီ)နေ ဦးမြင့်သူက ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်မြေအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိပြီးနေ့မှ ၁၀ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဦးမြင့်သူထံသို့ဖြစ်စေ ခိုင်လုံသော အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အပြီးသတ် အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**(ဦးခင်မောင်မြင့်၊ LL.B, H.G.P)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၂၄)**
**အမှတ် (၁၆)၊ ကျိုက္ကမီလမ်း၊ ကွင်းရပ်၊ မော်လမြိုင်မြို့၊**
**ဖုန်း-၀၅၇-၂၃၃၈၆၊ ၀၉-၈၇၀၀၇၄၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ပြည်တော်သာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၇၇-ကင်းတောင်)၊ ဦးပိုင်အမှတ်(၈၀၊ ၈၁)၊ ဧရိယာ ၀ ဒသမ ၂၂၀ ဧကအား ဦးသိန်းဝင်း-ဒေါ်သန်းမြင့် အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားဂရန်အသစ်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ချောင်းဆုံမြို့နယ်တရားရုံးတော်၌**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၃**

| | | |
|---|---|---|
| ဒေါ်မြရွှေ(၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးဖေခင်) အမှတ် ၂၊ ရပ်ကွက်(၇)၊ ကလွီကျေးရွာ၊ ချောင်းဆုံမြို့ | နှင့် | ၁။ ဒေါ်ခင်လှ<br>၂။ ဒေါ်ခင်လှဝင်း<br>၃။ ဒေါ်သန်းအေး<br>၄။ ဦးသောင်း<br>၅။ ဦးရှိန်<br>၆။ ဦးသောင်းရှိန်<br>၇။ ဒေါ်မိငယ်<br>၈။ ဒေါ်သေးမ<br>၉။ ဦးကုလားပု<br>၁၀။ ဦးညစ်<br>၁၁။ ဒေါ်တင်ရှိန်<br>၁၂။ ဒေါ်ငွေအေး<br>၁၃။ ဦးဝင်းနိုင်<br>၁၄။ ဒေါ်အုံးရင်<br>၁၅။ ဦးစိန်လှ<br>၁၆။ ဒေါ်တင်မာရီ |
| **တရားလို** | | **တရားပြိုင်များ** |

ချောင်းဆုံမြို့၊ ကလွီကျေးရွာ၊ ရပ်ကွက်(၉)နေ တရားပြိုင်များဖြစ်သော ဦးကုလားပု၊ ဦးညစ်၊ ဒေါ်တင်ရှိန်၊ ဒေါ်အုံးရင်နှင့်ချောင်းဆုံမြို့၊ ကွမ်ရိုက်ကျေးရွာ၊ ရပ်ကွက်(၅)နေ ဦးဝင်းနိုင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဒေါ်မြရွှေ(၎င်း၏အခွင့်ရကိုယ်စားလှယ်-ဦးဖေခင်)က ဗုဒ္ဓဘာသာကိုးကွယ်နေသူ ဦးထွန်းဖြူနှင့်ဒေါ်နှင်းနွယ်တို့၏ အမွေပုံပစ္စည်းများကို ရုံးတော်မှ စီမံအုပ်ချုပ်ခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၈ခုနှစ် ဧပြီ ၃ရက် (၁၃၇၉ခုနှစ် တန်ခူးလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့ပါလျှင် သင်တို့ကွယ်ရာတွင် ငြင်းချက် များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ် စာတမ်းများနှင့် သင်တို့ကထုချေတင်ပြမှုပြုလိုသည့် စာချုပ်စာတမ်းအစရှိ သည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် မတ် ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဥမ္မာဖြိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ချောင်းဆုံမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ ကျောက္ကာမြောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၀၄-ခ၊ တောရကွင်း)၊ ဦးပိုင်အမှတ်(F-72က)၊ ဧရိယာ ၁ ဒသမ ၃၅ ဧကရှိမြေကို ဒေါ်စောကလျာဆွေ ၉/မရမ(နိုင်)၀၆၇၄၉၂ အမည်ဖြင့် မြေငှားစာချုပ်(ခွဲစိတ်အမည်ပြောင်း) လျှောက်ထားလာရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(ခွဲစိတ်အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀ဟ/၂၆၈၁ SHINE RAY XY 175 သုံးဘီးဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ Good Brother's Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)၊သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၈၄၈၂ Yes Sumbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆန်းဦး ၉/ခအဇ(နိုင်)၀၂၀၀၃၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1N/3817 Suzuki Carry DA63T, P/U (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူမောင် ၅/မမန(နိုင်)၀၅၆၁၆၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၉၈၈၈၅ Honda Scoopyi 110, M/C ယာဉ်လက်ဝယ်ရှိသူ Golden Mandalar Prince Co.Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန ၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2M/7769 Volvo, Tractor Head (6x2)(R) ယာဉ်လက်ဝယ်ရှိသူ Sky Kyaw Co.Ltd., က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန ၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဖ-၇)၊ ဦးပိုင်အမှတ် (၁၃၁) (၅၆×၅၇)လမ်းကြား၊ နှင်းဆီလမ်းနှင့် မြတ်လေးလမ်းကြားရှိ ဦးကျော်မင်းအမည်ပေါက် တောဂရန်မြေကွက်အား ဖခင် ဦးကျော်မင်း၊ မိခင် ဒေါ်မုန်းတင်တို့ အသီးသီးကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၉၇/၂၀၁၈ ဖြင့် အမွေဆက်ခံခဲ့သောသားသမီးများဖြစ်သည့် ဒေါ်စုစုတင် ၉/မနမ(နိုင်)၀၀၂၀၇၇၊ ဒေါ်ကြည်ကြည်မာ ၉/မနမ(နိုင်) ၀၀၂၀၇၈၊ ဦးရဲမင်းသိန်း ၉/ခမစ(နိုင်) ၀၀၅၇၄၂၊ ဦးရဲသီဟ ၉/ခမစ(နိုင်) ၀၀၅၇၄၁တို့မှ တောဂရန်စာချုပ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ ဂရန်မိတ္တူ၊ တောမှမြို့ပြောင်း၊ အမည်ပြောင်း လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးစည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ပြည်သာယာရပ်ကွက်၊ ကွင်းအမှတ်(၇၄၃ B )၊ ဥယျာဉ်ကွင်းရှိ ဦးပိုင်အမှတ် (၁၈၆/၂)မှ မြေဧရိယာ ၀ ဒသမ ၈၃ ဧက၊ ဦးပိုင်အမှတ်(၁၈၆/၆၊ ၁၈၆/၉)မှ မြေဧရိယာ ၀ ဒသမ ၉၆ ဧက၊ ဦးပိုင်အမှတ်(၁၉၀/၂)မှ မြေဧရိယာ (၀ ဒသမ ၆၂)ဧက၊ ဦးပိုင်အမှတ်(၁၉၀/၁)မှ မြေဧရိယာ ၀ ဒသမ ၆၂ ဧကနှင့် ဦးပိုင်အမှတ်(N-၃၂၊ ၃၄၊ ၃၅)မှ မြေဧရိယာ ၀ ဒသမ ၈၆ ဧကရှိ မြေများသည် ကျွန်တော် ဦးလှမိုး ၇/ပမန(နိုင်)၁၀၅၅၆၀ အမည်ဖြင့် ၂၀၁၁ ခုနှစ်တွင် မြေငှားဂရန်ရရှိထားပြီး ယခုအခါယင်းဂရန်မူရင်းများပျောက်ဆုံးသွားပါသဖြင့် မူရင်းစွဲဂရန်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက အထောက်အထား အပြည့်အစုံဖြင့် ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးလှမိုး**
**ပြည်သာယာရပ်ကွက်၊ ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ (၁၇)ကြိတောကုန်းကွင်းနှင့် အနောက်ရွာသစ်ကျေးရွာအုပ်စု၊ (၄၀၄-A)၊ အင်ကြင်းမြောင်ကွင်းအတွင်းတွင် နဝဒေးပွဲရုံတန်း၊ စီမံကိန်းနှင့် ကုန်တင်ကားကြီးဂိတ်ဝင်း၊ နိဂြောဓ၊ မြေကွက်အမှတ်(အေ)၊ ဧရိယာ ၀ ဒသမ ၁၂၇ ဧကရှိ မြေကွက်အား ဒေါ်သန်းညွန့်အမည်ဖြင့် မြေကွက်ချထားပေးခဲ့ပါသည်။ အဆိုပါမြေကွက်အား ဦးဝင်းမြင့်အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပြည်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဝင်းမြင့် ၇/ပမန(နိုင်)၀၆၉၇၈၄**
**ပြည်မြို့**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄ စီ၁၊ မြေကွက်အမှတ် ၇၅အေ/၁အေ၊ ဧရိယာ ၀ဒသမ၈၈၇ ဧကမှ (A)အမှတ်အသားပြ မြေပိုင်မြေပေါ်ရှိ အကျိုးခံစားခွင့်များကို အရောင်းအဝယ်စာချုပ်ဖြင့် တရားဝင် တစ်ဦးတည်း လက်ရောက်ဝယ်ယူထားသူ ဦးညွန့်ရွှေ ၁၂/တမန(နိုင်)၀၈၈၀၁၀ ၏ သဘောတူညီမှုမရှိဘဲ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။

**ဦးညွန့်ရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမျိုးမော် (B.Sc, PGDL)** | **ဒေါ်စန္ဒာထွန်း** |
| **Advocate of the Supreme Court** | **(အထက်တန်းရှေ့နေ)** |
| **Sr.10674** | **စဉ်-၄၅၉၄၈** |

**Hlaing Int'l Law Firm**
**55-25 Barr Street,Kyuktada**
**T/S, Yangon**
**ph:09 51 56683. 09 420448599**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗလ္လိကလမ်း၊ အမှတ် ၄၂၅/ခ၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ခြောက်ထပ်ခွဲ RC အဆောက်အအုံရှိ(မြေညီ+ မှန်ခန်း) ပေ(၁၈×၅၄) အကျယ်အဝန်းရှိ တိုက်ခန်းတစ်ခန်းအပါအဝင် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မိုးကလျာထွန်း ၁/မကတ(နိုင်)၀၈၉၆၉၂ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက် ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်သူရ(မြောင်းမြ)** | **ဦးဇေယျာထွန်း(LL.B)** |
| **LL.B,A.G.T.I(EP),D.B.L,D.M.L** | **တရားလွှတ်တော်ရှေ့နေ** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)** | **(စဉ်-၁၂၅၃၂)** |
| **ဒေါ်ချယ်ရီလှိုင်(LL.B)** | **ဦးစိုးလွင်ဦး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၁)** | **အထက်တန်းရှေ့နေ(စဉ်-၃၇၉၈၁)** |

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊**
**၀၉-၄၂၅၂၈၇၁၃၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ သစ္စာလမ်း၊ တိုက် ၆၉၂ (ခုနစ်လွှာ)တွင် နေထိုင်သူ ဒေါ်နန်းဆီလီစိန်း ၁၃/ကတန(နိုင်)၀၀၁၉၂၉ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ်(၅၀/ခ)၊ မြေဧရိယာ အလျား ပေ(၆၀)× အနံပေ(၂၀)ဂရန်မြေကွက်ပေါ်ရှိ အမှတ် (၅၀/ခ)၊ကေတုမာလာ ၁လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်ဟုခေါ်တွင်သော ကန်ထရိုက်တိုက်၏ ခြောက်ထပ်တိုက်ခန်း(၁)ခန်း (Hall Type )နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ သုမန ၄ လမ်း၊ အမှတ် ၆၉၈တွင် နေထိုင်သူ ကန်ထရိုက်တာ ဒေါ်စန်းစန်းရီ ၁၂/သဃက(နိုင်)၀၄၁၁၄၆ ကိုင်ဆောင်သူက ၎င်းပိုင်ဆိုင်ကြောင်းနှင့် အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း ၈-၃-၂၀၁၄ရက်စွဲပါ မြေရှင်နှင့်ချုပ်ဆိုခဲ့သော ကန်ထရိုက်စာချုပ်မူရင်းပြသကာ ကျွန်ုပ်မိတ်ဆွေဒေါ်နန်းဆီလီစန်းထံ ကမ်းလှမ်းလာခဲ့သဖြင့် ကျွန်ုပ်မိတ်ဆွေက တိုက် ခန်းဖိုးငွေကို ၆-၃-၂၀၁၈ ရက်က ပေးချေကာ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကတိ စာချုပ်ချုပ်ဆိုကာ ဝယ်ယူခဲ့ပြီးဖြစ်သဖြင့် အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ယခု ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်မိတ်ဆွေနှင့် ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားပြ၍ ကန့်ကွက်နိုင်ကြောင်းနှင့် ကျွန်ုပ်အမှုသည်၏ခွင့်ပြုချက်မရရှိဘဲ ကျွန်ုပ်အမှုသည် ပိုင်တိုက်ခန်းအား ထပ်ဆင့်လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်းများ မပြုလုပ်ကြရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နန်းဆီလီစန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးမြင့်သန်း(LL.B)** | **ဒေါ်ဂရေစီအေးမြင့်(LL.B)** | **ဒေါ်စိုးစိုးသက် (LL.B)** |
| **(စဉ်-၃၀၇၇/၈၅)** | **(စဉ်-၁၃၆၈၇/၁၇)** | **(စဉ်-၄၃၄၅၅/၁၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် ၉၁၈/က၊ အင်း၀ ၈လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2N/3851, Toyota Vanguard, S/Wယာဉ်လက်ဝယ်ရှိသူ ဦးယူစွတ် ၁၂/ပဘတ(နိုင်)၀၂၆၁၁၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ဘုရား၊ ကျောင်း ဒါယကာကြီး
## ဒေါက်တာသိမ်းမြင့် အသက်(၇၉)နှစ်
(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဝိဇ္ဇာ/သိပ္ပံ ပညာရှင်များအဖွဲ့)
(ဂုဏ်ထူးဆောင်နာယက၊ မြန်မာနိုင်ငံသချာအသင်း)
**(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ အဆင့်မြင့်ပညာဦးစီးဌာန၊ အထက်မြန်မာပြည်)**

မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နေ (ဦးညို-ဒေါ်အို)တို့၏သား၊ မန္တလေးမြို့နေ (ဦးပန်း-ဒေါ်ကူး)တို့၏သားသမက်၊ အထက်မင်းလှမြို့နေ ဦးမြမောင်၏အစ်ကို၊ မန္တလေးမြို့နေ ဒေါက်တာကျော်မြင့်ဦး-ဒေါ်မြလေး၊ ဒေါက်တာအောင်မြင့်မိုး-ဒေါ်နှင်းနှင်းမာ၊ ဒေါက်တာထွန်းမြင့်ဝင်း-ဒေါ်နေစည်လင်း၊ ဒေါက်တာမျိုးမြင့်ဝင်း-ဒေါ်ကေသီမိုးတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်၊ ၃၁×၃၂လမ်းကြား၊ ၇၂×၇၃လမ်းကြား၊ ကန့်ကော်လမ်း၊ အမှတ် ၉၉/၈ နေ ဒေါ်စုရီ၏ချစ်လှစွာသောခင်ပွန်းသည် ၁၈-၃-၂၀၁၈ရက် နံနက် ၆း၁၅နာရီတွင်ကွယ်လွန်သွားပါ၍ ၁၉-၃-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် မန္တလေးမြို့ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာသိမ်းမြင့်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့
အသက်(၇၉)နှစ်

ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၊ ဥက္ကဋ္ဌ ဒေါက်တာသိမ်းမြင့်သည် ၁၈-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး နှင့် ပညာရေးဝန်ထမ်းများ**

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာသိမ်းမြင့် အသက်(၇၉)နှစ်
(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)
အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)
ဥက္ကဋ္ဌ(မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်များအဖွဲ့)

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်နေ ဒေါ်စုရီ၏ချစ်လှစွာသောခင်ပွန်း ဒေါက်တာသိမ်းမြင့် အသက်(၇၉)နှစ်သည် ၁၈-၃-၂၀၁၈ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ် ဒေါက်တာစိုးဝင်းနှင့်**
**ဆရာ၊ ဆရာမ၊ ဝန်ထမ်းမိသားစုများ**
**မုံရွာစီးပွားရေးတက္ကသိုလ်**

---

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ကျောင်း ဒါယကာကြီး
## ဆရာကြီး ဒေါက်တာသိမ်းမြင့် အသက်(၇၉)နှစ်
(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဝိဇ္ဇာ/သိပ္ပံ ပညာရှင်များအဖွဲ့)
(ဂုဏ်ထူးဆောင်နာယက၊ မြန်မာနိုင်ငံ သချာအသင်း)
**(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ အဆင့်မြင့်ပညာဦးစီးဌာန၊ အထက်မြန်မာပြည်)**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်၊ ၃၁×၃၂လမ်းကြား၊ ၇၂×၇၃လမ်းကြား၊ ကန့်ကော်လမ်း၊ အမှတ် ၉၉/၈နေ ဆရာကြီး ဒေါက်တာသိမ်းမြင့်သည် ၁၈-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန္တလေးတက္ကသိုလ်၊ သချာဌာန**

---

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ကျောင်း ဒါယကာကြီး
## ဆရာကြီး ဒေါက်တာသိမ်းမြင့် အသက်(၇၉)နှစ်
(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဝိဇ္ဇာ/သိပ္ပံ ပညာရှင်များအဖွဲ့)
(ဂုဏ်ထူးဆောင် နာယက၊ မြန်မာနိုင်ငံ သချာအသင်း)
**(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ အဆင့်မြင့်ပညာဦးစီးဌာန၊ အထက်မြန်မာပြည်)**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်၊ ၃၁×၃၂လမ်းကြား၊ ၇၂×၇၃လမ်းကြား၊ ကန့်ကော်လမ်း၊ အမှတ် ၉၉/၈နေ ဆရာကြီး ဒေါက်တာသိမ်းမြင့်သည် ၁၈-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရတနာပုံတက္ကသိုလ်၊ သချာဌာန**

---

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ကျောင်း ဒါယကာကြီး
## ဆရာကြီး ဒေါက်တာသိမ်းမြင့်
(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဝိဇ္ဇာ/သိပ္ပံ ပညာရှင်များအဖွဲ့)
(ဂုဏ်ထူးဆောင် နာယက၊ မြန်မာနိုင်ငံ သချာအသင်း)
**(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ အဆင့်မြင့်ပညာဦးစီးဌာန၊ အထက်မြန်မာပြည်)**
အသက်(၇၉)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်၊ ၃၁×၃၂လမ်းကြား၊ ၇၂×၇၃လမ်းကြား၊ ကန့်ကော်လမ်း၊ အမှတ် ၉၉/၈နေ ဆရာကြီး ဒေါက်တာသိမ်းမြင့်သည် ၁၈-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်စု
အသက်(၈၃)နှစ်

မကွေးမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း(၃)၊ ညွှန်ကြားရေးမှူး ဦးသိန်းထိုက်နှင့် ဒေါ်ခက်ခက်ဇော်မင်းတို့၏မိခင်ကြီး ဒေါ်ခင်စုသည် ၁၈-၃-၂၀၁၈ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူး(၂)နှင့် အရာထမ်း၊ အမှုထမ်းများ**
**စက်မှုအလုပ်ရုံအဆင့်(ဂ)၊ စက်မှုတိုင်း(၃)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**မကွေးမြို့**

---

ရဟန်းဒါယိကာမကြီး
## ဒေါ်ခင်စု
အသက်(၈၃)နှစ်

မြင်းခြံမြို့နေ ဦးကံညွှန့်-ဒေါ်အေးတင်တို့၏သမီး၊ (ဦးအောင်သန်း)၏ဇနီး၊ (Dr. ဝင်းမြင့်ထွန်း- Dr. ခင်စန်းဝင်း)၊ ဦးသိန်းထိုက်[ညွှန်ကြားရေးမှူး၊ စက်မှုတိုင်း(၃)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မကွေးမြို့]-ဒေါ်ခက်ခက်ဇော်မင်း၊ ဦးဝင်းမြင့်အောင်-ဒေါ်ကြေးမုံအောင်(ကြံတိုင်းအောင်ပွဲရုံ၊ မြင်းခြံမြို့)၊ ဦးသန့်ကိုဦး-ဒေါ်သင်းသင်းနွယ်(ဧရာဝတီဘဏ်၊မြင်းခြံမြို့)တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၈-၃-၂၀၁၈ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၈ရက် နံနက် ၉နာရီတွင် မြင်းခြံမြို့ ချောင်းဒေါင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်စု အသက်(၈၃)နှစ်

မကွေးမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း(၃)၊ ညွှန်ကြားရေးမှူး ဦးသိန်းထိုက်နှင့် ဒေါ်ခက်ခက်ဇော်မင်းတို့၏မိခင်ကြီး ဒေါ်ခင်စုသည် ၁၈-၃-၂၀၁၈ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး(၁)**
**လက်ထောက်ညွှန်ကြားရေးမှူး(၂)နှင့်အရာထမ်း၊အမှုထမ်းများ**
**စက်မှုတိုင်း(၄)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**မန္တလေးမြို့**

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်စု အသက်(၈၃)နှစ်

မကွေးမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း(၃)၊ ညွှန်ကြားရေးမှူး ဦးသိန်းထိုက်နှင့် ဒေါ်ခက်ခက်ဇော်မင်းတို့၏မိခင်ကြီး ဒေါ်ခင်စုသည် ၁၈-၃-၂၀၁၈ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**ရေအားလျှပ်စစ်ဌာနခွဲ(၁)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**မင်းဘူးမြို့**

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်စု အသက်(၈၃)နှစ်

မကွေးမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း(၃)၊ ညွှန်ကြားရေးမှူး ဦးသိန်းထိုက်နှင့် ဒေါ်ခက်ခက်ဇော်မင်းတို့၏မိခင်ကြီး ဒေါ်ခင်စုသည် ၁၈-၃-၂၀၁၈ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူး(လျှပ်စစ်)နှင့် အရာထမ်း၊ အမှုထမ်းများ**
**ရေအားလျှပ်စစ်ဌာနခွဲ(၁)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**မင်းဘူးမြို့**

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်စု
အသက်(၈၃)နှစ်

မကွေးမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း(၃)၊ ညွှန်ကြားရေးမှူး ဦးသိန်းထိုက်နှင့် ဒေါ်ခက်ခက်ဇော်မင်းတို့၏မိခင်ကြီး ဒေါ်ခင်စုသည် ၁၈-၃-၂၀၁၈ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာချုပ်(စက်မှု)နှင့် အရာထမ်း၊ အမှုထမ်းများ**
**စက်မှုဌာနခွဲ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**နေပြည်တော်**

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်စု
အသက်(၈၃)နှစ်

မကွေးမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း(၃)၊ ညွှန်ကြားရေးမှူး ဦးသိန်းထိုက်နှင့် ဒေါ်ခက်ခက်ဇော်မင်းတို့၏မိခင်ကြီး ဒေါ်ခင်စုသည် ၁၈-၃-၂၀၁၈ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးရုံး၊ အရာထမ်း၊ အမှုထမ်းများ**
**စက်မှုတိုင်း(၃)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**မကွေးမြို့**

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်စု
အသက်(၈၃)နှစ်

မကွေးမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း(၃)၊ ညွှန်ကြားရေးမှူး ဦးသိန်းထိုက်နှင့် ဒေါ်ခက်ခက်ဇော်မင်းတို့၏မိခင်ကြီး ဒေါ်ခင်စုသည် ၁၈-၃-၂၀၁၈ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူး(၁)နှင့် အရာထမ်း၊ အမှုထမ်းများ**
**စက်မှုအလုပ်ရုံအဆင့်(ခ)၊ စက်မှုတိုင်း(၃)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**ပြည်မြို့**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ရီ(ခ)ဒေါ်ရီ(ဝဠ္ဋလစ်)
အသက်(၈၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အမှတ် ၅၀၄နေ ဦးစိုးဝင်းအောင်-ဒေါ်ညွှန့်ညွှန့်မော်၊ (ဦးဟန်ထွန်း)-ဒေါ်တင်တင်ဝင်း၊ဒေါ်ဥမ္မာ(ခ)ဒေါ်ခင်မမ၊ဦးစိုင်းအောင်ဗိုလ်-ဒေါ်မြစန္ဒာ၊ ဦးသန်းထွေးအောင်တို့၏မိခင်၊မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏ဘွားဘွား၊ဦးရွှေကြည်၏ချစ်လှစွာသောဇနီးသည် ၁၇-၃-၂၀၁၈ရက်(စနေနေ့)မွန်းလွဲ ၁၂း၃၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၃-၂၀၁၈ရက်(သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးငြိမ်း အသက်(၇၈)နှစ်
စာရင်းစစ်မှူး(ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ထွန်းသီရိလမ်း၊ အမှတ် ၂၉နေ ဒေါ်ခင်ညိုဝင်း(ကျန်းမာရေးဌာန၊ ငြိမ်း)၏ခင်ပွန်း၊(ဦးထွန်းထွန်းဦး)၊ (ဦးလှမျိုးအောင်)-ဒေါ်ကေသီဦး၊ ဦးအောင်ကျော်မိုး-ဒေါ်နွဲ့နွဲ့ရီ၊ ဦးအောင်မျိုးသိန်း - ဒေါ်ရွှေဝတ်ရည် (သူနာပြုဆရာမ၊ စံပြဆေးရုံ)၊ ဦးမောင်မောင်သူရိန်ထွန်း-ဒေါ်သဥ္ဇာမော်၊ ဒေါ်သန္တာမော်တို့၏ဖခင်၊ မအေးမြတ်မွန်၊ မထက်ထက်၊ မောင်ဟန်ထူးအောင်တို့၏အဘိုးသည် ၁၈-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၈ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၃-၂၀၁၈ရက် (စနေနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်ကြိုင် အသက်(၇၂)နှစ်
(ကော့မှူး၊ ညောင်ပင်သာ)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ၅၆လမ်း၊ အမှတ် ၁၉နေ (ဦးထွန်းကြွယ်-ဒေါ်လှညွှန့်)တို့၏သမီး၊ (ဦးစိန်မောင်-ဒေါ်ရီ)တို့၏ သမီးချွေးမ၊ ဦးမျိုးမြင့်ခိုင်(တိုင်းဝယ်ရောင်းမန်နေဂျာ၊ ရန်ကုန်တိုင်းကုန်သွယ်လယ်ယာ၊ ငြိမ်း)၏ဇနီး၊ ဒေါ်နွယ်နီခိုင်(ထ-၄၊ ပုဇွန်တောင်)၊ ဦးမျိုးနိုင်-ဒေါ်အေးအေးခိုင်(ထ-၂၊ဒဂုံဆိပ်ကမ်း)၊(ဦးမိုးဇော်အောင်)-ဒေါ်သက်သက်ဝေ၊ ဒု-ဗိုလ်မှူးကြီး ဉာဏ်မြင့်အောင်(ငြိမ်း) (ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)-ဒေါ်အေးသီတာ၊ (ဦးမိုးကျော်အောင်)-ဒေါ်မိုးဥမ္မာတင်၊ ဦးမိုးမြင့်အောင်-ဒေါ်နီလာထွန်းတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၁၇-၃-၂၀၁၈ရက် မွန်းလွဲ ၁း၄၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၁-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးအောင်နိုင်ဦး(ခ)နိုင်နိုင်
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ ၁၈လမ်း၊ အမှတ် ၃၂၇နေ (ဦးသိန်းမောင်-ဒေါ်စောညွှန့်)တို့၏မြေး၊ (ဗိုလ်မှူးကျော်လှ)-ဒေါ်အုန်းမြင့်တို့၏သား၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မေခလာလမ်း၊ အမှတ် ၈၇၇/ဃ နေ ဒေါ်နိုင်နိုင်ဦး၏ချစ်လှစွာသောခင်ပွန်း၊ မသီတာအောင်၊ ကိုဖြိုးသီဟ-မခိုင်စံပယ်ဦးတို့၏ ချစ်လှစွာသောဖခင်၊ ဦးကျော်နိုင်ဦး-ဒေါ်အေးအေးသန်း၊ ဦးအေးမင်း-ဒေါ်စန္ဒာ၊ ဦးလှမော်-ဒေါ်စန်းစန်းနွယ်၊ ဦးမြတ်သူရ-ဒေါ်တင်တင်ဆွေတို့၏အစ်ကို၊ တူ၊တူမငါးယောက်တို့၏ဦးလေးသည် ၁၈-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၄း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၃-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၃-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ တောင်ဥက္ကလာပနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တနာဂဝံသ
**ဇီးဖြူကုန်းကျောင်းတိုက်၊ ကဝမြို့နယ်**
**သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၆)ဝါ**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာအုပ်စု၊ ဇီးဖြူကုန်းကျောင်းတိုက် ဦးစီးပဓာနနာယက မြို့နယ်သံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တနာဂဝံသ မဟာထေရ်မြတ်ကြီးသည် (၁၃၇၉ခုနှစ် တပေါင်းလပြည့်ကျော် ၆ရက်) ၇-၃-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၃၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (တန်ခူးလပြည့်ကျော် ၈ရက်) ၈-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ တပည့်များ

---

## ဒေါ်ခင်ဦး
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ အမှတ် 1-A/6၊ မြသီတာအိမ်ရာနေ (ဦးအောင်ဘော်)၏ဇနီး၊ (ဒုဗိုလ်မှူးကြီးကျော်မင်း)-ဒေါ်ခင်မြင့်ထွေးတို့၏အစ်မ၊ ဦးတင်မောင်ဝင်း-ဒေါ်မိုးမိုးရီတို့၏မိခင်၊ မဝင်းစုစု၊ မောင်သော်အောင်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၇-၃-၂၀၁၈ရက် (စနေနေ့) ည ၉း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၈ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၃-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမောင်ရီ(ကန်တော်လေး) အသက်(၈၆)နှစ်
**ရုံးအုပ်(ငြိမ်း)၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး**

တောင်တွင်းကြီးမြို့၊ ရွှေအိုးရပ်နေ (ဦးဆင့်-ဒေါ်စောတင်)တို့၏သား၊ (ဦးစံမြ-ဒေါ်အေးရင်)တို့၏သားသမက်၊ (ဦးမောင်မောင်တင်၊ ပြည်တွင်းရေကြောင်း-ဒေါ်လှကြည်)၊ (ဦးကြည်-ဒေါ်ကျင်မြိုင်)တို့၏ညီ၊ (ဦးရဲမြင့်)-ဒေါ်စန်းလှ၊ (ဦးခင်စိုး)၊ ဦးဘသန်း-ဒေါ်သန်းမြင့်၊ ဦးဝင်းကြည်-ဒေါ်ရီရီတင်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ အမှတ် ၁၀၇၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်လေးနေ ဒေါ်ခင်နွဲ့(အောင်စကြာသက်န်းတိုက်)၏ခင်ပွန်း၊ ဗိုလ်မှူးဝင်းကိုကို(စစ်တက္ကသိုလ်)-ဒေါ်ရီရီမြင့်တို့၏ဖခင်၊ မောင်ရဲမြတ်သူ(ဒဂုံ-၁)၊ မအိမ့်သံလွင်ကိုကိုတို့၏အဘိုးသည် ၁၈-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၆း၃၇နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်ဖြစ်ကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ရေတွင်း ဒါယိကာမကြီး
## ဒေါ်ထားရွှေ အသက်(၈၅)နှစ်
**ရွှေဝါဖူး-မင်္ဂလာတောင်ညွှန့်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၇)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် ၆၀၁နေ(ဦးကျော်-ဒေါ်ကျင်)တို့၏သမီး၊ (ဦးကျော်ရှိန်-ဒေါ်စော)တို့၏သမီးချွေးမ၊ ဗိုလ်မှူးဖေဝင်း(ငြိမ်း) (ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း)၏ဇနီး၊ ဦးဝင်းမြတ်ဇော်-ဒေါ်သီတာစိုး၊ ဗိုလ်မှူးကြီးဇော်နိုင်ဝင်း(ငြိမ်း) (Golden Myan-Tai Co.,Ltd)-ဒေါ်ခိုင်ခိုင်စိုး၊ ဦးမိုးဇော်ဝင်း-ဒေါ်သင်္ဂီဝင်း၊ ဦးအောင်နိုင်ဝင်း၊ ဗိုလ်မှူးကြီးကျော်ထက်(စဗခ-ကွတ်ခိုင်)-ဒေါ်စောမာလာဝင်းတို့၏မိခင်၊ မြေး၁၀ယောက်တို့၏အဘွားသည် ၁၈-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၃-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ကျောင်း ဒါယကာကြီး
## ဆရာကြီး ဒေါက်တာသိမ်းမြင့်
(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဝိဇ္ဇာ/သိပ္ပံ ပညာရှင်များအဖွဲ့)
(ဂုဏ်ထူးဆောင် နာယက၊ မြန်မာနိုင်ငံ သချာအသင်း)
**(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ အဆင့်မြင့်ပညာဦးစီးဌာန၊ အထက်မြန်မာပြည်)**
အသက်(၇၉)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်၊ ၃၁×၃၂လမ်းကြား၊ ၇၂×၇၃လမ်းကြား၊ ကန့်ကော်လမ်း၊ အမှတ် ၉၉/၈နေ ဆရာကြီး ဒေါက်တာသိမ်းမြင့်သည် ၁၈-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောက်ဆည်တက္ကသိုလ်၊ သချာဌာန**

---

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ကျောင်း ဒါယကာကြီး
## ဆရာကြီး ဒေါက်တာသိမ်းမြင့်
(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဝိဇ္ဇာ/သိပ္ပံ ပညာရှင်များအဖွဲ့)
(ဂုဏ်ထူးဆောင် နာယက၊ မြန်မာနိုင်ငံ သချာအသင်း)
**(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ အဆင့်မြင့်ပညာဦးစီးဌာန၊ အထက်မြန်မာပြည်)**
အသက်(၇၉)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်၊ ၃၁×၃၂လမ်းကြား၊ ၇၂×၇၃လမ်းကြား၊ ကန့်ကော်လမ်း၊ အမှတ် ၉၉/၈နေ ဆရာကြီး ဒေါက်တာသိမ်းမြင့်သည် ၁၈-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပခုက္ကူတက္ကသိုလ်၊ သချာဌာန**

---

သင့်သွေးဖြင့် အသက်ကယ်ပါ

# UEHRD စီမံကိန်း ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဦးဆောင်သောအဖွဲ့ ရခိုင်ပြည်နယ် မောင်တောဒေသ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးကိစ္စရပ်များ ကွင်းဆင်းညှိနှိုင်းဆောင်ရွက်

**စစ်တွေ မတ် ၁၈**

UEHRD စီမံကိန်းဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်တို့ ဦးဆောင်သောအဖွဲ့သည် မတ် ၁၇ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ရောက်ရှိပြီး ရခိုင်ပြည်နယ် ပြည်နယ်အစိုးရရုံးရှိ အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အတွင်းရေးမှူးတို့က မောင်တောဒေသအတွင်း ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

မတ် ၁၈ ရက် နံနက်ပိုင်းတွင် UEHRD စီမံကိန်း ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဦးသိန်းဆွေ၊ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အတူ ရခိုင်ပြည်နယ်လွှတ်တော်၌ ကျင်းပသည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် UEHRD ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နေမှုအခြေအနေ ရှင်းလင်းပွဲသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ များစွာဆောင်ရွက်ရန် ကျန်ရှိနေပါကြောင်း၊ ယခုအစိုးရသစ် တာဝန်ယူကတည်းက တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ တိုင်းရင်းသားအရေးတွင် ဖွံ့ဖြိုးမှုနောက်ကျသည့် နေရာများကို ဦးစားပေး

စာမျက်နှာ ၁၀ ကော်လံ ၁ ❑



UEHRD စီမံကိန်းဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်တို့ ဦးဆောင်သောအဖွဲ့ မောင်တောဒေသ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးကိစ္စရပ်များ ကွင်းဆင်းညှိနှိုင်းဆောင်ရွက်ကြစဉ်။ သတင်းစဉ်

# အာရှအဆင့် ဘီလီယက်နှင့် စနူကာပြိုင်ပွဲများ မြန်မာအိမ်ရှင်လက်ခံကျင်းပ




အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်း အာရှဘီလီယက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Mr.Alamgir Shailh အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် မတ် ၁၈**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ဘီလီယက်နှင့်စနူကာအဖွဲ့ချုပ်က ကြီးမှူး၍ (၁၇) ကြိမ်မြောက် အာရှဘီလီယက်ပြိုင်ပွဲ၊ (၁၉)ကြိမ်မြောက် အသက်(၂၁)နှစ်အောက် အာရှအမျိုးသားစနူကာပြိုင်ပွဲနှင့် (၂) ကြိမ်မြောက် အမျိုးသမီးစနူကာ အလွတ်တန်းပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို မတ် ၁၈ ရက် ညနေပိုင်းက ရန်ကုန်မြို့ Rose garden ဟိုတယ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး အာရှဘီလီယက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ

စာမျက်နှာ ၇ ကော်လံ ၁ ❖

# မြန်မာအသင်း၏ အာရှဖလားဝင်ခွင့်အတွက် အရေးပါသည့် တတိယအဆင့်ခြေစစ်ပွဲ ပြန်ကန်ပွဲ

**ရန်ကုန် မတ် ၁၈**

၂၀၁၉ အာရှဖလားပြိုင်ပွဲ တတိယအဆင့်ခြေစစ်ပွဲ အုပ်စု(က)ပြန်ကန်ပွဲဖြစ်သည့် ကာဂျစ္စတန်အသင်းနှင့် မြန်မာအသင်းတို့၏ပွဲကို မတ် ၂၂ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် တောင်ကိုရီးယားနိုင်ငံ အင်ချွန်းမြို့၌ ကျင်းပမည်ဖြစ်သည်။ ယင်းပွဲမှာ နှစ်သင်းစလုံးအရေးပါနေပြီး မြန်မာအသင်းအတွက်မူ အနိုင်ရမှသာ ခြေစစ်ပွဲအောင်မြင်နိုင်မည့်အခွင့်အရေးကို ဆက်လက်ဆုပ်ကိုင်ထားနိုင်မည်ဖြစ်သည်။

အာရှဖလား တတိယအဆင့်ခြေစစ်ပွဲများကို အုပ်စုခြောက်စုခွဲ၍ ကျင်းပလျက်ရှိပြီး ခြေစစ်ပွဲအောင်ခွင့် ၁၂ နေရာအတွက် ယှဉ်ပြိုင်နေကာ လက်ရှိအချိန်ထိ ရှစ်သင်း ခြေစစ်ပွဲအောင်မြင်ထားကာ လေးနေရာသာကျန်ရှိတော့သည်။ မြန်မာအသင်း ပါဝင်သော အုပ်စု (က)တွင် အိန္ဒိယအသင်းသည် ခြေစစ်ပွဲအောင်မြင်သွားပြီဖြစ်သောကြောင့် လက်ကျန်တစ်နေရာအတွက် ကာဂျစ္စတန်နှင့် မြန်မာအသင်းတို့

စာမျက်နှာ ၁၃ ကော်လံ ၅ ❍



မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

## တောင်ကြီးမြို့တွင် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်အတွက် ကြိုတင်ပြင်ဆင်

စာမျက်နှာ - ၉

## ကသာမြို့ပေါ်၌ လက်ပစ်ဗုံးနှစ်လုံး တွေ့ရှိ

စာမျက်နှာ - ၁၂

## မနီလာရှိ ဟိုတယ်တစ်လုံး မီးလောင်မှုကြောင့် လေးဦးထိခိုက်ဒဏ်ရာရ

စာမျက်နှာ - ၁၄

